ဘုရားဝန်ထမ်းလေးနှင့် ၇ ရက်သားတန်းများ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏တပည့်

ဒလ-ပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏ တပည့်များ

စတင်တည်ထောင်သော

ဇုန္ဓသာသနာ ပဒီပတ္ထိ သာသနာပြု အဓိဓျဇကြီး၏

ဩဝါဒစရိယ ဓမ္မာစရိယ မဟာနာယက ကျေးဇူးရှင် "ရှမ်းရွာ-စင်မြွှမ်းကုန်း"

ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော

ဝိဇ္ဇာဒိဝင်္ဂလိပ်း ၇-ရက် စခန်း

ဒုတိယပိုင်း

အာဝစရိယသဝဂ သမဂ္ဂ အကျိုးတော်ဆောင်

အရှင်ဓမ္မာနန္ဒ

ရေးသား စီရင် အပ်သည်။

စတုတ္ထနှိပ်ခြင်း အုပ်ရေ ၅၀၀၀

ရူပိုင်

ဇုန္ဓသာသနာ ပဒီပတ်ပုံနှိပ်တိုက်
အမှတ်-၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ

ဇုန္ဓသာသနာ ၁၇၂-က

ရန်ကုန်မြို့-ဟံသာဝတီကမ္ဘာ့ဘုန်းတိုက်

ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု ဒေါက်တာချုပ်ကြီး၏

ညွှဝါဒါစရိယ မဟာနာယကာ ဆရာတော် ဖြစ်တော်မူသော

ကျေးဇူးရှင် ''ရှမ်းရွာ စင်ပြွမ်းကုန်း'' ဆရာတော် အရှင်မြတ်ပုံတော်

ကျေးဇူးရှင် မဟာနာယက ရှင်အိမ်ရွာ စင်ပြည်ဘိုးကုန်း ဆရာတော်ဘုရားကြီး၏



အနှော်ဝါသိက တပည့်
အရှင်ဣန္ဒဝံသ

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏

သြဝါဒကထာ

နာဗ်လိမ္ဖ်ာမှ—ရပ်သက်သာမည်။
နာဗ်မလိမ္ဖ်ာ—ရပ်နာလိမ့်မည်။
နာဗ် မအေး—ရပ်ခွေးဖြစ်လိမ့်မည်။

ပုံနှိပ်ပြီးသော စာအုပ်များ

၁—နိဗ္ဗာန်ဝင်လမ်း	၇-ရက်စခန်း (ပ)	၅-ကြိမ်	၂၇၀၀
၂—နိဗ္ဗာန်ဝင်လမ်း	၇-ရက်စခန်း (ဒု)	၄ ။	၂၀၁၀၀
၃—နိဗ္ဗာန်ဝင်လမ်း	၇-ရက်စခန်း (တ)	၂ ။	၁၀၀၀၀
၄—နိဗ္ဗာန်ဝင်လမ်း	၇-ရက်စခန်း (စ)	၂ ။	၁၀၀၀၀
၅—နိဗ္ဗာန်ဝင်လမ်း	၇-ရက်စခန်း (ပဉ္စ)	၂ ။	၁ ၀၀၀၀
၆—ဝိပဿနာပါရဂူ		၂ ။	၁၀၀၀၀
၇—ကိုယ်တွေ့ဝိပဿနာရှာပုံ		၁ ။	၅၀၀၀

ဓာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁။ ဤစာအုပ် (ဆ)

၂။ နိဒါန်း ၁

၃။ ရှေးဦးပြင်ဆင်မှု ၇

ဝိပဿနာအားမထုတ်မီ ဘယ်လိုပြုပြင်ရမလဲ

၄။ မေတ္တာသုတ်နှင့်ခမ္ဗစကြာ ၁၅

နိဗ္ဗာန် တကယ်ရှိသလား

သစ္စာလေးပါး ဘယ်လိုဖြစ်လာသလဲ

၅။ ပစ္စာနင်္ဂါးချက် ၂၂

အရိယာ ဝိဇ္ဇာလမ်းပေါက်အောင် ပြည့်စုံရမည့်

အချက်ကြီး ငါးချက်ဆိုတာ ဘာလဲ

၆။ သီလပေးမျိုး ၆၀

သီလတိုင်း နိဗ္ဗာန်ရနိုင်သလား

၇။ သာသနာတွင်းနှင့် သာသနာပ ၆၇

သာသနာတွင်း သာသနာပ ဘယ်လိုကွာခြားသလဲ

(စ) မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၈။ ဝိသုဒ္ဓိဂု-ပါးနှင့်-ဥာဏ်-၁၀ပါး ၈၄
လယ်တီဆရာတော်က တံငါမုဆိုးများ
ဝိပဿနာ အားထုတ်နိုင်တယ် တဲ့
သီလ ဝိသုဒ္ဓိနဲ့ ဘယ်နှယ်နေမလဲ

၉။ **အာဟာရဒုက္ခနှင့်-သစ္စာလေးပါး** ၁၀၅
အိမ်မှုကိစ္စတွေကို ဝိဇ္ဇာဥာဏ်နှင့် ကြည့်လျှင်
သစ္စာကို သိနိုင်ပါတယ်

၁၀။ **မီးဒဃ-ပါးနှင့် ဝိပဿနာ** ၁၂၉
အမြဲလောင်နေတဲ့မီးကို ဘယ်နည်းနဲ့ ရှောင်မလဲ

၁၁။ **ရေစက်ချအမျှဝေဟောစဉ်စာတမ်း** ၁၄၃

၁၂။ **တရားတောင်း** ၁၅၅

ဤစာအုပ်

လွန်ခဲ့သောနှစ်က ရန်ကုန်မြို့ ဟံသာဝတီ ကွက်သစ် **ဇုန္ဒ သာသနာ ပဋိပတ္တိ သာသနာပြု အနဲ့ဖဲချုပ်ကြီး**ဖော်မဟာနာယကနှင့် တရားပြဆရာတော် ဖြစ်တော်မူသော ကျေးဇူးရှင် ''ရှမ်းရွာ စင်ပြိမ်းကုန်း ဆရာတော်ဘုရားကြီး''ဟောကြားတော်မူအပ်သောတရားများကို အနဲ့ဖဲကြီး၏ တောင်းပန် လျှောက်ထားချက်အရ ဆရာတော်ဘုရားကြီး၏ တပည့် အရှင်ဓမ္မာနန္ဒက ''**နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း**'' ဟူသော အမည်ဖြင့် စာအုပ် တအုပ် ရေးသားတော် မူခဲ့လေသည်။

ထိုစာအုပ်ကိုပြင်ဆင် တည်းဖြတ်၍ နိဒါန်းပါရေးပေးရန် အရှင်ဓမ္မာနန္ဒက ကျွန်တော့်အား စေခိုင်းသဖြင့် စေခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးခဲ့ရပါသည်၊ ယခု တဖန် ''**နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း**'' ဒုတိယတွဲကို **အရှင်ဓမ္မာနန္ဒ**ပင် ရေးသား၍ ကျွန်တော့်ကို ပြင်ဆင် တည်းဖြတ်ရန်စေခိုင်းတော် မူပြန်ပါသည်၊ အရှင်ဓမ္မာနန္ဒက ''စာသားကိုလည်း စင်ကြယ် သန့်ရှင်းအောင် တည်းဖြတ်ပါ၊ အထားအသိုကိုလည်း ကြည့်ကောင်းအောင်ပြင်ဆင်ပါ''ဟူ၍ အမိန့်ရှိတော်မူပါသည်။

ဤစာအုပ်မှာ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဟောကြားတော်မူသည့် တရားများကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောတော်မူသည့် စကားအတိုင်း ရေး

ဤစာအုပ်

သားထားသော စာအုပ်ဖြစ်၍စာသွား စာလာနှင့်စာသား ကို တည်းဖြတ်ရန် မလိုသလောက်ပင်ဖြစ်ပါသည်၊ အရေး အသား ရွေတ်ယွင်းသည့် အချက် အနည်းငယ်လောက်ကို သာ နငယ် အမြီး တတ်ရုံသာသာ ဖြင်ဆင် တည်းဖြတ် ရပါသည်။

ဤစာအုပ်မှာကျမ်းဂန်တစောင် တဖွဲ့အဖြစ်ဖြင့်ပတ်ရှု ရန် ရေးသားထားသည့် စာအုပ်မျိုးမဟုတ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောတော်မူသော စကားများကို ရိုက်နှိပ်ထားသည့် စာအုပ်သာဖြစ်ပါသည်၊ သို့ဖြစ်၍ ဤ စာအုပ်ကို ပတ်ရှုကြသော သူများသည် စာအုပ်တခုကို ပတ်နေရသည်ဟု မထင်ကြဘဲ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ တရားကို နာကြား နေရသည်ဟု ထင်ကြ ပေလိမ့်မည်။

ယ္ခုနှစ်တော့ကိုယ်တိုင် ဤစာအုပ်ကို တည်းဖြတ်ရန် ပတ် သောအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တရား ကို နာကြားနေရသကဲ့သို့ တရားနောက်သို့ ပါ၍ပါ၍ သွား သဖြင့်အရေး အသား ရွေတ်ယွင်းချက်များကိုပင် များစွာသ တိထားပြီး တည်းဖြတ်ရပါသည်၊ သို့ဖြစ်၍ ဤစာအုပ်တွင် ရွေတ်ယွင်းချက်များ တွေ့ရှိပါက တည်းဖြတ်သူ၏ စိတ် တရားနောက် ပါသွား သောကြောင့် လစ်လပ် ကျန်ခဲ့ သည့် အချက် ဟူ၍ သဘောထားကာ ခွင့်လွှတ်ရန် ဖြစ်ပါသည်။

ဒဂုန်-ဦးထွန်းမြင့်

နိဒါန်း

သမ္မာဒေသိ သယံ ဗုဒ္ဓေါ,
ဓမ္မဝိ ဓမ္မ သတ္တိယော၊
သဝနံ စိန္တနံ တသ,
အဟော ဓမ္မသ ဘာဝနံ။

ယောဇိနော-ဗောဓိညောင်ရွှေ အောင်မဟာ ဟာ ပြောင်ဝေတင့်ဆန်း ပလွင်နန်းဦ ရွှင်လန်း ကြည်လင် ညဏ်သဗ္ဗညုဖြင့် လေးအင်သစ္စ အပိုင် ရ၍ ငါးဝမာရ်အောင် အကြင် မြတ်ဘုန်းခေါင် သည်၊ ဓမ္မဝိ-ဒီးလျှံအသွင် ရေယဉ်ပုံဟန် အတာန တနဖြင့် အမှန်စည်ဆက် ဖြစ်ပေါ် ပျက်သည့် သက်သက်သော တရား သဘောတို့ကိုဂုဏ်း၊ ဓမ္မ သတ္တိယောဒိ- တရားဥသုံ အလုံးစုံ၏ ပုံပုံ တည်ဂို ဂုဏ်သတ္တိတို့ကိုဂုဏ်း၊ သယံဗုဒ္ဓေါ-ဆရာ မပြ နည်းမရဘဲ ကျနပိုင်လစ် ကိုယ်တော်တိုင်သာ သိသည်ဖြစ်၍၊ သမ္မာဒေသိ-ဣန္ဒြေနှုရင့် ခွဲဝေ ချင့်၍ သိသင့်သမျှ ဝေနေယျကို ဖြိုက်ဟလှစ်လျှ သိစေတော် မူခဲ့လေပြီ၊တသ ဇိနသ-ရန် မာရ် အားလုံး ချေမှုန်းပယ်ရှင်း တာကိုယ်ချင်းဖြင့်အောင် ခြင်းတန်တန် အောင်လံ စွင့်စွင့် လွင့် တလူလူ ထိုအောင်တော် မူသော ဘုရားရှင်၏၊ ဓမ္မသ-စ, လယ်,အဆုံးသုံးပါးလုံးပင် ကောင်းစုံလင်၍ ဂုဏ်

အင်ပြည့်ဝ ဖြတ်ဝမ္မကို၊ သဝနံ-စိန္တနံ-သုတမယ ဉာဏ်, စိန္တာမယ ဉာဏ် တို့ဖြင့် ဖနံဖန် ခါခါ ကြားနာ ကြံစည်၍ နေရခြင်းသည်၎င်း၊ ဘာဝနံ၊ ဘာဝနာမယ ဉာဏ်ဖြင့် ဖနံဖနံမနား ပွါးများ၍ နေရခြင်းသည်၎င်း၊ အဟော-ခန္ဓာဝင်္ဂမိး ငြိမ်း ကြိုးငြိမ်းကြောင်း အာကျင့်ကောင်းမှု နှစ်ထောင်း ကြည်သာ သြဝ် အားရဘွယ်ကြိုးပါ တကား။

"ချမ်းသာသုခ၊ တခုမျှ၌၊
လောကအထူ၊အကုန်စု၏။"

လယ်တီ ဆရာတော် ဘုရားကြီး၏ ပဋိစ္စ သမုပ္ပါဒ် လက်ာနှင့်အညီ ဝိဇ္ဇာဉာဏ်အလင်း ကင်းကြသည့် သတ္တ ဝါခပင်းတို့သည် ဘဝ ထိုထိုမှစ၍ ယခုဘဝ အထိ ချမ်းသာ သုခကိုချည်းသာ ရှာလာခဲ့ကြသည် မှန်သော်လည်း ချမ်းသာ ရှာနေရင်း ဆင်းရဲခြင်းတွေနှင့်သာ အမြဲတမ်း ရင်ဆိုင်တိုးနေကြရလျက် "ဓာတ်ချုပ်ဆေးမှတ်လို့ စား ဝသဝရောနှင့်ညား" ဆိုသကဲ့သို့ ဖြစ်နေရ ပေသည်၊ အကြောင်းကို ရှာလျှင် ချမ်းသာ ရှာနည်း မတတ်ကြလို့ နည်းမမှန်ကြလို့သာ ဇကန် ဖြစ်ပေသည်။

ထိုစကား မှန်၏၊ ချမ်းသာစစ်ရရန် နည်းမှန် လမ်းမှန် ဖြစ်သည့် **မဂ္ဂင်္ဂ ပဋိပဒါ** အလယ်လမ်း မဂ်ိုင်ရှစ်ပါး အာကျင့်သာ ချမ်းသာစစ်ရရန် နည်းကောင်း လမ်းမှန် ဖြစ်လေသည်။

လက်ဝဲလက်ျာ လမ်းစဉ်ဖြစ်သည့်-
ကာမသုခလွှိကာ နှယောဂ,
အတ္တကိလမထာ နှယောဂ,

အကျင့်များသည် နည်းမှား လမ်းမှား ဖြစ်သည်ကို ဘုရားရှင်ဉာဏ်တော်ဖြင့် ဝေဘန်၍ ဟောတော်မူမှသာ သိရသည့် အတွက်ကြောင့် ဖြစ်သည်၊ သတ္တဝါတို့၏ ချမ်းသာရှာနည်းကို ကြည့်လျှင် စိတ်လိုလိုက်ကာ စိတ်ထင်တိုင်း အထက်ပါ လက်ဝဲလက်ျာ နည်းမှား နှစ်မျိုးတို့ဖြင့် အစွမ်းကုန်ရှာနေကြသည်ကိုသာတွေ့ရပေသည်၊ချမ်းသာစစ်ကိုကား မတွေ့ရပေ၊ ဒုက္ခ၏ ကိုယ်စားလည် အရေခွံ သုခ,နှင့် ဒုက္ခဆိုးတွေကိုသာ နောက်ဆုံး ရှင်၌ တွေ့ကြုံရလေသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် သူကိုယ်တိုင် ချမ်းသာစစ် **နိဗ္ဗာနသုခ**ကို အင်တိုက်အားတိုက် ရှာနေခိုက် တွင် ဆင်းရဲခြင်းအမျိုးမျိုးကို ရေလဲနှင့်လက်တွေ့ခံလာခဲ့ရ၍ ကိုယ်ချင်းစာအနေအားဖြင့် မဟာကရုဏာတော်ရင် သမ္ဘီညူဘုရားရှင် ဖြစ်တော်မူသည့်အခါ • သတ္တဝါတို့၏ ချမ်းသာရှာနည်း မျက်စိလည်နေ၍ ဆင်းရဲဒုက္ခဆိုးတွေနှင့် တွေ့နေရပုံတို့ကို အလွန်သနားစရာ သိမြင်တော်မူသည့်အတွက် ချမ်းသာရှာနည်း နည်းမှန်လမ်းမှန်ဖြစ်သည့် ဓမ္မစကြာ သုတ္တန်ကို ရှေးဦးစွာ အကျဉ်းချုပ်အနေအားဖြင့် ပဉ္စဝဂ္ဂိ-ငါးဦးအား ထုတ်ပြန်ဟောဖို့တော်မူပြီးနောက်-

နိဒါန်း

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊
တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ပျော်နေမွေဘွယ်ရာ အာလုံးတို့ကို တရားတည်း ဟူသော ပျော်နေမွေခြင်းက နိုင်သည်၊ တရားတည်း ဟူသော ပျော်နေမွေခြင်းကသာသည်၊ အရသာ အားလုံးတို့ကို တရားတည်းဟူသော အရသာက နိုင်သည်၊ တရားတည်းဟူသော အရသာကသာသည်၊ ဆင်းရဲခြင်း အားလုံးတို့ကို တဏှာ၏ ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကနိုင်သည်၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကသာသည်။

ဟူ၍ အတိအလင်း အဓိပ္ပါယ်ဖွင့်ဟတော်မြတ် သတ်မှတ်လျက် ချမ်းသာစစ်ဂုဏ်ရန် နည်းပေါင်း ‘‘၈၄၀၀၀’’ ရှစ်သောင်းလေးထောင်တည်းဟူသော **ဓမ္မက္ခန္ဓာ** ဒေသနာတော်တွေကို ကိုယ်တော်တိုင် ဟောထားတော်မူခဲ့လေသည်၊ မြတ်စွာဘုရားပင်မရှိငြားသော်လည်း ဤဒေသနာတော် နည်းကောင်းနည်းမှန်များသည် ယခုထက်ကိုင် တည်ရှိနေပေသေးသည်၊ သို့သော်လဲ လူတို့ဉ်းနှင့်တော့ မတန်၊ ဘုန်းရှင် ကံရှင်များနှင့်သာ တန်ပေသည်၊ ဤသည့် မြတ်စွာဘုရား၏ ချမ်းသာစစ် ရှာနည်းတွေကို အမှန်လိုလားသူ လူအဘိုးတန်တို့ဉ်းပင် ယခုအခါ ထက်သန်သော သဒ္ဓါ,ဆန္ဒ တရားများ ရှေ့သွားပြု၍ နာကြားခြင်း, နာကြား၍ သိရှိထားသော တရားတွေကို အစုန်အဆန်

ပြန်ပြန်လှန်လှန် ကြိုစည် စဉ်းစားခြင်း, စဉ်းစားပြီးသည့် အမှန်တရားနည်းတွေကို စည်းကိုက် မျဉ်းကိုက် အဖန်ဖန် ပွါးများအားထုတ်၍ ဖေခြင်းဖြင့် ချမ်းသာစစ်ကို အရယူ နိုင်ကြောင်းကို—

သန္နိဋ္ဌိကော,
အကာလိကော,
ဧဟိပဿိကော,
ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော,

ဟူသော တရားတော် ဂုဏ်ပုဒ်များဖြင့် သိနိုင်ပေသည်။ သို့အတွက် သူတော်စင် ရှင်လူအပေါင်းဘို့သည် ဒိဒိတို့ မျော်လင့်တောင့်တနေသော လောကဒုက္ခသံသရာဝဋ်ဆိုး ငြိမ်းကြိုး ငြိမ်းကြောင်း အကျင့် ကောင်းဖြင့် နှစ်ထောင်းကြည်သာ ချမ်းသာအစစ်ကို ရှင်တော်မြတ် ဘုရား သာသနာနှင့် ကွဲကွိုက်သည့် အခါဝယ် အချိန်မှီ ရှာမှီး အားထုတ်ကြရန် အထူး သင့်မြတ်လှပေသည်။

ယခုအခါ ချမ်းသာစစ်ရှာနည်း ဘုရားဟောဒေသနာ တွေ များစွာရှိကြသည့်အနက် ထိုဘုရားဟော ဒေသနာ တွေထဲမှ အတိုဆုံးအကောင်းဆုံး နည်းတွေကို လက်တွေ့ နည်း အနေအားဖြင့် ရုန်းကုန်နေပြည်တော် ဟံသာဝတီ ကွက်သစ် **ဗုဒ္ဓသာသနာပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်** ကြီး တွင် မဟာနာယက ဆရာတော်နှင့် တရားပြ ဆရာ တော် ဖြစ်သည့် ဟသ်ာတခရိုင် "စင်ပြိမ်းကုန်း မင်္ဂလာ

ရာမ ကျောင်းကိုက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး" ဟောကြား ပြသတော် မူအာပါသော ဒေသနာတော် ဟောစဉ်များကို အကွက်ကျကျ စီစဉ်၍ ထိုကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ အနွေဝါသိက တပည့်ရင်း **အရှင်ဓမ္မာနန္ဒ**ပဂိုဠ်ကြီးက အဖွဲကြီး၏ တောင်းပန်လျှောက် ထားချက်အရ ပဌမဆင့်အနေ "**နိဒ္ဒာန်ဝင်လမ်း ၇-ရက် စခန်း**" အမည်ဖြင့် ယခင်က စီစဉ် ထုတ်ဝေ ဖြန့်ချိခဲ့ ပါသည်။

ယခုလည်း ဒုတိယဆင့် အနေအားဖြင့် အဖွဲကြီး၏ တောင်းပန် လျှောက်ထား ချက် အရပင် စီစဉ် ရိုက်နှိပ် ထုတ်ဝေ ဖြန့်ချိ ရပြန်ပါသဖြင့် ချမ်းသာစစ်ကို အမှန် လိုလားမှ ဂိုကြကုန်သော သူတော်စဉ် ပုဂ္ဂိုလ်များသည် ဤသည့်စာအုပ်၌ပင်လျှင်....

လေ့လာရင်းဖတ်၊ ဖတ်ရင်းလေ့လာ၊
လေ့လာရင်းကျင့်၊ ကျင့်ရင်းလေ့လာ၊

ဆိုသကဲ့သို့ ဖတ်ရှု လေ့လာ ကောင်းစွာ ကျင့်သုံး၍ အားထုတ်ပွါးများနိုင်ကြပါစေသတည်း။

အရှင်ဝိစက္ခဏာ
ရွှေမြင်တင်၊ ဟသ်ာတ။

နိဒ္ဒာန်ဝင်လမ်း ၇-ရက်စခန်း

ရှေးဦး ပြောဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယတရား၌ လာသော သဒ္ဓါ ဝီရိယ, သတိ, သမာဓိ, ပညာ ဆိုသည့်အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံရမယ်၊ ဝီရိယနှင့် သတိမှာ မေတ္တာသုတ်ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း **တိဋ္ဌံစရံနိသိန္နော**ဝါသယာနေဟူ၍ ဟောတော် မူသောကြောင့် ရပ်သော်၎င်း သွားသော်၎င်း, ထိုင်သော်၎င်း, လျောင်းသော်၎င်း, ဤရိယာပုထ် လေးပါးစလုံးမပြတ်သတိ ရှိရမယ်လို့ ဟောတော်မူသဖြင့်-

ဥပမာ မနေ့မနှား ဒီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မယ်၊ လွှတိုက်သော ယောကျ်ားသည် သစ်တုံးကိုမျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍တိုက်သလို ယောဂီပုဂ္ဂိုလ်သည် ဒိဋ္ဌိ၏ **နာသိကဋ္ဌာန်** နှာသီးဖျားကို အာရုံစိုက်ပြီး မျက်စိအသာမှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ, ဝင်သက်လေကို ဝင်မှန်းသိပြီး **ဗုဒ္ဓနုဿတိ** အတိုင်း လက်မချိုး ပုတီးမစိပ် မရေမတွက်

မစဉ်းစား မကြံစည် မတွေးတောဘဲနှင့် ဝိရိယ, သတိကို လက်ကိုင်ထားပြီး ဣရိယာပုထ် လေး ပါးစလုံး အမြဲအားထုတ်ရမယ်။

ပေါဋ္ဌိလမထေရ် နှင့် ရှင်သာမဏေယ်

ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေယ်ကဆုံးမသည့် အခါ 'အရှင်ဘုရား ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊ တောင်ပိုတစုမှာ ဂယ်ပေါက် ခြောက်ပေါက် ရှိတယ်၊ ထိုတောင်ပိုမှာ ဖွတ်တကောင် အောင်းနေတာ မိုးချင်လျှင် ဂယ်ပေါက် ငါးပေါက်ကို အလုံပိတ် တပေါက်ကနေ စောင့်လျှင် မိပါတယ်လို့ သာမဏေယ်က လျှောက် ထားတော့ ပေါဋ္ဌိလ မထေရ်ကြီးက **'ငါ့ရှင် ငါသိပြီ'** ဆိုပြီး **အား**ထုတ်လိုက်ထာ တခဏခြင်းနှင့် အရိယာ ဖြစ်သွားတယ်၊ အဲဒါ ဥပမာဘဲ။

ယခု စိတ်ကိုဖမ်းရမှာ စိတ်ထွက်တဲ့ တံခါးပေါက်က ခြောက်ပေါက် ရှိတယ်၊ **မျက်စိ** ပေါက်, နား ပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်,မနောပေါက် အဲဒီ ခြောက်ခွါရက အမြဲထွက်နေတာ၊ ဒါကြောင့် ခွါရ ငါးပေါက် အလုံပိတ်ပြီးတော့ တပေါက်ကနေ၍ စိတ်ကို ဖမ်းလျှင်အမှန် **သမာဓိ** ဖြစ်နိုင်ပါတယ်။

ယခု ၇-ရက်အား**ထုတ်**သော လုပ်ငန်းမှာ ရှေးဦးစွာ သိလေ့ဆောက်တည်၍ ၃-ရက် **သမထ** အလုပ်ကို ကြိုး စားလိုက်လျှင် အမှန်ပင် သမာဓိရနိုင်ကြပါတယ်၊၃-ရက်

သမာဓိ ထူထောင်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းရမယ်၊ သမထ ၃-ရက် အားထုတ်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့ အခါမှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်းတောင်းရပါတယ်။

ဘန္တေ တုမှာကံ ဘန္တေ ဇီဝိတံ ပရိစ္စဇာမိ။ ၃-ခေါက်။

ဘန္တေ-အရှင်ဘုရား၊ တုမှာကံ-အရှင် ဘုရား တို့အား၊ ဇီဝိတံ-အသက်ကို၊ ပရိစ္စဇာမိ-စွန့်လှူပါ၏။

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဗိဇ္ဈတ္ထာယစ ကမ္မဋ္ဌာနံ ယာစာမိ။ ၃-ခေါက်။

ဘန္တေ-အရှင်ဘုရား၊ သံသာရ ဝဋ္ဋဒုက္ခတော-သံသရာဝဋ်ဆင်းရဲ အပေါင်းမှ၊ မောစနတ္ထာယစ-ထွက်မြောက်ပါရစြင်း အကျိုးငှါငင်း၊ ဗိဇ္ဈတ္ထာယစ-အတိုက်က ပါလာသော ဝိဇ္ဇာမျိုးစေ့ ရှိခဲ့သော်ငင်း အကယ်၍ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့သော် ယခု အားထုတ်အပ်သော ကမ္မဋ္ဌာန်းသည့် ဝိဇ္ဇာမျိုးစေ့ အဖြစ် ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစြင်း အကျိုးငှါငင်း၊ ကမ္မဋ္ဌာနံ-ကမ္မဋ္ဌာန်းကို၊ ယာစာမိ-တောင်းပါ၏။

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုဇ္ဈဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်း

နိဗ္ဗာန်ကို မျက်မှောက် ပြုပါရစြင်း အာကျိုးငှါ ဘုရား, တရား, သံဃာ, ဆရာ, မိဘ, ဂုဏ၁ဝဖို့ ဝယရဖို့ အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏၊ ကန်တော့ပါ၏၊ အတိတ် သံသရာမှစ၍ ယခုကျအောင် ပြစ်မှားမိဘူးသော ကာယကံ, ဝစီကံ မနောကံ အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏၊ မိမိအပေါ်၌ ပြစ်မှားမိဘူးသော ကာယကံ ဝစီကံ မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီး သောဒမခါ သေချာစွာ ထိုင်၍ ဒူးပေါ်မှာ လက်တင်လျက် မျက်စိကို အသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာ ပြုရမည်မှာ-ပကတိ သစ်ပင်သစ်ကိုင်းများကို လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့လှုပ်သလား မမြဲလို့လှုပ်သလား စဉ်းစားလျှင် မမြဲလို့လှုပ်နေတယ်ဆိုတာ အမှန်သိရကယ်၊ ဒါဟာဥပမာဘဲ။

မိမိကိုယ်မှာ ဆံပင်ကအစ ခြေဖျားအထိ လောကလူများက ဦးခေါင်း ခြေလက်ကိုပင် စသည်ဖြင့် ခေါ်ဝေါ်နေကြတယ်၊ ဤလိုခေါ်ဆိုတာ မှန်သလားဆိုတော့ မမှန်ဘူး၊ **သမုတိသစ္စာ**နယ်က လူတွေသမုတ်ပြီး ခေါ်နေကြတာ၊ အမှန်ကတော့ဖြင့် ဂျပ်ချည်းသာလျှင်ဖြစ်တယ်၊ဆံပင်က အစ ခြေဖျားအထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်တွေလဲဆိုလျှင်....

အမာခံစာတိုကြီး လေးပါးရှိတယ်၊ ပထဝီ,တေဇော, အာပေါ, ဝါယော, ၍ စာတိ လေးပါးဘဲ ရှိတယ်၊ ပထဝီဆိုတဲ့ ဖြစ်ခေတ်က မာတဲ့သဘော နူးညံ့တဲ့သဘော ရှိတယ်၊တေဇောဆိုတဲ့ မီးခေတ်ကပူတဲ့သဘော အေးတဲ့သဘော ရှိတယ်၊ အာပေါဆိုတဲ့ ရေခေတ်က ဖွဲ့စည်းတဲ့သဘော စီးယိုတဲ့သဘောရှိတယ်၊ ဝါယောဆိုတဲ့ လေခေတ်က လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့ သဘောရှိတယ်၊ ဒီရုပ်တရားတွေကလွဲ၍ တကိုယ်လုံးမှာ ဘာမှမရှိဘူး ရုပ်ဘဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများသိတတ်သလဲ ဆိုရင် ဘာမှ မသိတတ်ဘူး။

ဥပမာ တောင်ပို့ တခုရှိတယ် အဲဒီ တောင်ပို့ ပေါ်မှာ ပဒေါ်ပြုမြက်တွေ ပေါက်နေတယ်၊ တောင်ပို့က လဲ ငါ့အပေါ်မှာ ပဒေါ်ပြု မြက်တွေ ပေါက်နေတယ်လို့သိသလားဆိုလျှင် လုံးလုံးမသိဘူး၊ပဒေါ်ပြု မြက်ကလဲ ငါဟာ တောင်ပို့ ပေါ်မှာနေရတယ်လို့ သိသလားဆိုလျှင် လုံးလုံးကို မသိဘူး၊ ဘာ့ကြောင့် မသိသလဲဆိုလျှင် သူတို့ဟာ ခာတ် လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ ဥပမာလို ဦးခေါင်းကလဲ ခာတ်လေးပါး ရုပ်၊ ဦးခေါင်း ပေါ်မှာ ပေါက်နေတဲ့ ဆံပင်ကလဲ ခာတ် လေးပါးရုပ်၊ ဒါကြောင့် ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေပေါက်နေတယ်လို့သိသလား၊လုံးလုံး မသိဘူး၊

ဆံပင်ကလဲ ဦးခေါင်းပေါ်မှာ တက်ပေါက် နေတယ်လို့ ဆိုတာသိသလား လုံးလုံးမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ် ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်းခြေသည်းတွေကို ကြည့်လိုက်ခဲ့၊ လက်သည်း ခြေသည်းတွေဟာ အသားစိုင် အသားခဲက ထွက်လာတယ်၊ ဒါ့ပေမဲ့ လက်သည်း ခြေသည်းကလဲ အသားစိုင် အသားခဲကို မသိဘူး၊အသားစိုင် အသားခဲက လဲ လက်သည်း ခြေသည်းကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိတာပေါ့၊ ဒါထက် နိုးကပ်တဲ့ အရေထူ အရေပါးကို ကြည့်လိုက်ခဲ့၊ ထိကပ်နေပေတဲ့ အရေထူကလဲ အရေပါးကိုမသိဘူး၊အခြားရေပါးကလဲ အရေထူကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိကြဘူး၊ အဲဒီအတိုင်းဘဲ ရုပ်မှန်က ဘာကိုမှ မသိဘူးမှတ်ရမယ်။

ယခုသိတယ်၊ မြင်လို့သိတယ်၊ ကြားလို့သိတယ်၊နံလို့ သိတယ်၊ လျက်လို့သိတယ်၊ ကိုယ်နှင့်တွေ့လို့ သိတယ်၊ ကြံလို့သိတယ်၊ ဒါဘာလဲ သိတာ နာမ်ဘဲ၊ အဲဒီတော့ ယောဂီများ တစ်သက်လုံး မှတ်ထားဘို့က ရုပ်သည် ဘာ ကိုမှ မသိဘူး၊ နာမ်သာလျှင်သိတယ်၊ ဒီရုပ်တရား နာမ် တရားတွေဟာ ကောင်းကင်ကျ မိုးယံးပေါ်ကျ ဒေဝါ သိကြား ဗြဟ္မာ ဝိဿနိုး တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်ထာမဟုတ်ဘူး၊'ကံ,စိတ်,ဥတု,အာဟာရ' အကြောင်း တရားလေးပါးကြောင့် ဖြစ်ထာ။

ကံ ကြောင့် ဖြစ်သောရုပ်,
စိတ် ကြောင့် ဖြစ်သောရုပ်,
ဥတု ကြောင့် ဖြစ်သောရုပ်,
အာဟာရ ကြောင့် ဖြစ်သောရုပ်,

၍ရုပ်တရား နာမ်တရား တွေကို ဖြတ်ပွာ ဘုရားက မမြဲတဲ့ **အနိစ္စ** တရား ဆင်းရဲတဲ့ **ဒုက္ခ** တရား အစိုးမရတဲ့ **အနတ္တ** တရားလို့ ဟောထားတယ်၊ ဘုရား ဟောတာ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ် မှန်တာကို ဘယ်လိုသိရမလဲ ဉာဏ်မှသိတယ်၊ ဉာဏ်က'ဘယ်ကရမ လဲ၊**သမာဓိ**ရှိမှရမယ်၊ဒါကြောင့် ဦးခေါင်းကအစ ခြေဖျား အထိ ရုပ်သာ ရှိတယ်ဆိုတာ အာရုံပြုပြီး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒဂ်ါးဝိုင်းမျှ ပမာကွက်၍ **သမာဓိ**ကို ခိုင် မြဲစွာထားပြီးရှု၊ တွေ့လိမ့်မယ်၊ ဘာနဲ့ တွေ့မလဲ ပထဝီ ဖေါဋ္ဌဗ္ဗနဲ့တွေ့လျှင် နာကျင်ကိုက်ခဲ တင်းတင်းကြပ်ကြပ် အုံတုံတုံ ခေါင်းကြီး ကိုယ်ကြီးတွေ့တတ်သည်၊တဖော ဖေါဋ္ဌဗ္ဗနဲ့တွေ့လျှင် ပူပူ ဖောင်းဖောင်း နွေးနွေး ဂိုန်ဂိုန် အဝိုး ထွက်သလို တွေ့တတ်သည်၊ ဝါယော၈ဖေါဋ္ဌဗ္ဗနဲ့ တွေ့ လျှင် လှုပ်လှုပ်ရှရှ ဒိတ်ဒိတ် စသည်ဖြင့် တွေ့တတ်သည်၊ ဘာကိုဘဲတွေ့တွေ့ ရုပ်ဘဲဆိုတာ မှတ်ထားပြီး အာရုံပြု နေလျှင် တခေါင်းလုံး တကိုယ်လုံး ရုပ်ခေတ်တွေ့ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်၍ ဖေါက်ပြန် ပျက်စီးနေတာ တွေ့ လိမ့်မည်၊ **သမာဓိ**ကောင်းလျှင် ကောင်းသလို မျှားမျှား

တွေ့တတ်သည်၊ယောဂီပုဂ္ဂိုလ်မှာ ငါ ဘာဖြစ်ပါလိမ့်မလဲ ဟု အာထင်မှားတတ်သည်။

သတိပြု သူ့သဘော သူဆောင် နေသော ရုပ်သဘော တွေဘဲဟု အမြင်မှန်ကို နှုတ်လုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ၊ သို့သော် တကယ် အမြင်မှန်ကို ကျွန်စွာ ပြုသနိုင်သော ဆရာကောင်း လိုလှပါသည်၊ ထိုအခါ ပဌမ ဆင်ခြင်တာက **သမ္မဿန**ညာဏ်၊ ရုပ်ကိုတွေ့၍ ဖြစ်မှန်း ပျက်မှန်းကို သိတာက **ဥဒယဗ္ဗယ**ညာဏ်၊ဥဒယဗ္ဗယညာဏ်တွေ့တာနှင့် မမြဲတဲ့ **အနိစ္စ**တရား, ဆင်းရဲတဲ့ **ဒုက္ခ**တရား, အစိုးမရတဲ့ **အနတ္တ**တရားကို အမှန်သိပြီဟုမှတ်ယူလေ။

(တကယ် အမှန် သိလိုလျှင် ၇-ရက်နှင့် ပြီသ သခ်ၤကၡာရ ပေးနေသော ဌာနမှာ တရား ဝင်၍ အားထုတ် စမ်းသပ်ပါလေ)။

နိဒ္ဒေသဝဂ်ပါဠိတော် ၇-ရက်စခန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

မေတ္တာသုတ် နှင့် ဓမ္မစက္ကာ

ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏ သြဝါဒါစရိယ မဟာနာယက ဖြစ်တော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး နေ့စဉ်ဟောပြော ပြဿနေသော ဝိပဿနာ ဟောစဉ် တရားများဟာ အချို့ မနာယူဘူးသေးသော တဆင့်စကား ကြားသိသော ပုဂ္ဂိုလ်များက အထူးအဆန်းသဖွယ် ထင်မှတ်နေကြောင်း သိရတယ်၊ မဆန်းပါဘူး မဆန်းတဲ့အကြောင်းက—

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကစပြီး ယခုတိုင်အောင် **သီဿနုသီဿ** အစဉ်အဆက် မပျက်မကွက် ဆောင်ရွက်လာခဲ့ကြတဲ့ တရားတော်ကြီးပါဘဲ၊ ယခုအခါမှာ ဆိုလျှင် မြို့တိုင်း

နယ်တိုင်း ရွာတိုင်း ရပ်တိုင်း အိမ်တိုင်းအိမ်တိုင်းမှာ ရဟန်းတော် အရှင်မြတ်များ အမြဲမပြတ် ဆုံးမ ဟောပြော နေတဲ့ မေတ္တာသုတ်ပါဠိတော်၏ အစမှာ-

ကရဏီယ မတ္ထကုသလေန၊
ယန္တံ သန္တံ ပဒံ အဘိသမေစ္စ။ သက္ကော

လို့ အဲဒီလို အရှင်မြတ်များ အမြဲသဖြင့် ဟောပြောနေ ကြသော်လဲ မဂဓဘာသာနှင့် မဂဓရောဇာတိုင်းသားတွေ နားလည်တဲ့ စကားဖြစ်သော်လဲ မြန်မာလူမျိုးများ နားမ လည်တဲ့အတွက် အသုံးမပြုနိုင်ဘဲ အဓိပ္ပါယ်ကွယ်ဝှက် နေတာဖြစ်တယ်၊ ယခု မြန်မာလူမျိုးများ နားလည်အောင် မြန်မာလို ပြန်ဆိုမယ်ဆိုရင် "သန္တံ-ငြိမ်သက်သော၊ ယံပဒံ-အကြောင်နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏"တဲ့၊ အဲဒါ ဘုရား ဟောထားတဲ့ ဒေသနာဘဲ၊ ဘာတဲ့လဲ ငြိမ်သက်သော နိဗ္ဗာန်ရှိတယ်တဲ့၊ ဒီနိဗ္ဗာန်ကို ဘုရားက ဘာကြောင့်ညွှန်ပြ တာလဲဆိုရင် လောကဋ္ဌိ ဒုက္ခဆိုတာ အမှန်ရှိတယ်၊ လောကဒုက္ခမှ လွတ်ကင်းရာ ဌာနဟာ နိဗ္ဗာန်ဘဲတဲ့၊ အဲဒီ နိဗ္ဗာန်ဟာ အလွန်ချမ်းသာတဲ့ **သန္တိသုခ**ရှိတဲ့ နိဗ္ဗာန် အမှန်ရှိတယ်လို့၊ ဟောတော်မူတာ၊ ကောင်းပြီ ဒီနိဗ္ဗာန်ကို ဘယ်လမ်းက သွားမှ ရောက်မှာလဲလို့ မေးဘို့ရှိနေတယ်၊ ယခုပါဠိတော်ထည်းမှာတော့ အမေး မပါဘူး၊ သို့သော် **အဖြေဖြင့် အဘင်္သိ ဓိဇ်၏ကျမ်းရိုး အနေတည်း**လို့ ဆိုတော့ အဖြေရှိက အမေးကို သိရမယ်၊ ဒီတော့ ဘုရား သခင်ကိုယ်တော်မြတ်ကပင် "တံပဒံ-ထိုနိဗ္ဗာန်သို့၊ အဘိ

သမေးမှု-သစ္စာလေးပါးကို သိသောအားဖြင့် ကောင်းစွာ ရောက်၍" အဲဒီ ပါဠိတော်၏ အဓိပ္ပါယ်သဘောသွားကို ကြည့် ဒီနိဒ္ဒာန်ဆိုတဲ့အမြှောက်တရားကို သစ္စာလေးပါးသိမှ ရောက်မယ်တဲ့၊ အဓိပ္ပါယ် ရှင်းရှင်းကလေးရယ်။

ဘာကြောင့်လဲ ဂင်္ဂါဝါဠ့ဂါ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားသခင် ကိုယ်တော်မြတ်တွေနှင့်တကွ ပစ္စေကဗုဒ္ဓါ ရဟန္တာစသော အရှင်မြတ်များနိဗ္ဗာန်မင်္ဂိုလ် ရကြတာ အမှန်အားဖြင့် **သစ္စာလေးပါး**ကို သိလို့သာ ရကြတာ ထင်ရှားနေတယ်၊ အဲဒီတော့ သစ္စာလေးပါးကို သိဘို့ဟာ ပဓာနဖြစ်တယ်ဆိုတာ မြမြစွဲစွဲမှတ်သားကြဘို့ဘဲ၊ ယခု အခါ အမျာအားဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြတဲ့ အခါ ဆုတောင်းကြတာက နိဗ္ဗာန်ကိုသာဆုတောင်းကြတယ်၊ ဒီနိဗ္ဗာန်ကိုတကယ်လိုချင်ရိုးမှန်လျှင် ဒီဘုရားသာသနာမှာ နိဗ္ဗာန်ကိုအမှန်ရနိုင်တဲ့ လမ်းစစ်လမ်းမှန်ရှိတယ်ဆိုတာ တကယ်နှလုံးသွင်းမိရင် အားထုတ်ကြဘို့ဘဲ ရှိတယ် ဒါကြောင့် ဒီသစ္စာလေးပါးကိုသိအောင် ဘာလုပ်ရမလဲ မေးရင်"အတ္ထကုသလေန-အကျိုးစီးပွါးဌ် လိမ္မာသောသူသည်၊ ကရဏီယံ-ပြုကျင့်အပ်၏"မစဉ်းစားကြလို့အမှုမဲ့ အမှတ်မဲ့ နေကြလို့သာ အဓိပ္ပါယ်သဘော နားမလည်ကြတာ၊ စဉ်းစားလျှင် မြတ်စွာဘုရားက သစ္စာလေးပါးကိုသိအောင်ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ **သိမ်မွေ့**တဲ့ **ဗုဒ္ဓိ**လို့ မှတ်ကျင့်တာတဲ့ ဒီစကားကိုပြန်လှန်ပြီး ကောက်ယူလျှင် သစ္စာလေးပါးကို သိအောင်မကျင့်တဲ့ပုဂ္ဂိုလ်တွေဟာ ဘာဖြစ်သွားမလဲ

မလေးမျာလို့ မကျင့်ဘူးဆိုတာ ထင်ရှားနေတာပေါ့၊ သစ္စာလေးပါးကို သိအောင်ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ အမှန်အားဖြင့် လူလိမ္မာအစစ်ဘဲ။

ကောင်းပြီ ဘယ်လိုကျင့်မှ သစ္စာလေးပါးကိုသိမလဲလို့ မေးရင်မြတ်စွာဘုရားက "သင်္ကြာ" လို့ဟောထားတယ်၊ သင်္ကြာကမြန်မာလိုဆိုတော့ "ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ ကျင့်ရမယ်"တဲ့ ဒါဘဲ အဓိန့်ရဲတယ်၊ ဘယ်တရားကို ကျင့်မှ သစ္စာလေးပါးကို သိမယ်လို့ မပါဘူး၊ သို့သော် မြတ်စွာဘုရားက သစ္စာလေးပါးကိုသိအောင်ကျင့်တဲ့နည်းလမ်းတွေ ဘုရားဖြစ်လျှင်ဖြစ်ခြင်း ဟောဦးစွာပြခဲ့ပြီ၊ ဘယ်မှာပြခဲ့သလဲဆိုရင် ဒိဂဒါဝုန်တောမှာ **ပဉ္စဝဂ္ဂီ**ငါးဦးအား ထားပြီး : နတ်အသင်္ချေ ပြဟ္မာတဆယ့်ဂုဏ်ကုဋေကို ဟောဦးစွာ ပြခဲ့တဲ့ **ဓမ္မစက္ကာ** သုတ်နှင့်ပေါ့။

အဲဒီဓမ္မစက္ကာဟာ သစ္စာလေးပါးကို သိအောင် အားထုတ်ရတဲ့လုပ်ငန်းကိုပြတာ၊ ယခုအခါအမြို့မြို့အရွာရွာမှာ ဓမ္မစက္ကာ ဝိုင်းတွေ တည်ထောင်ပြီး ဝိုင်းဖွဲ့တ်ပတ်နေကြတာဘဲ၊ ဖွဲ့တ်ရုံ ဖွဲ့တ်ပတဲ့နေလို့တော့ ကုသိုလ် ရပါရဲ့၊ ဘယ်နည်းနှင့်မှ သစ္စာလေးပါးကိုမသိဘူး၊ တရားကိုကကျင့်မှသိမယ်တဲ့၊ အဲဒီဓမ္မစက္ကာကို အကျယ်မချဲ့ဘဲ အတိုကောက်နည်းနှင့် ကျင့်တတ်ကြဘို့ကို....

ဘိက္ခဝေ- ချစ်သားတို့၊ တထာဂတောနှ-ငါဘုရားသည်၊ အာဘိသမ္ဘုဒ္ဓါ-အထူးသဖြင့် သိတော်မူအပ်သော၊ စက္ခုကရဏီ-သစ္စာလေးပါးကို သိ

သောပညာမျက်စိကိုပြုတတ်သော၊ဉာဏကရဏီ-
သစ္စာလေးပါးကိုသိသော ဉာဏ်အမြင်ကိုပြုတတ်
သော၊ မတ္ထိမာ- အယုတ်တရား နှစ်ပါးတို့၏
အလယ်၌ဖြစ်သော၊ ပဋိပဒါ-အကျင့်သည်၊ ဥပ
သမာယ-ကိလေသာတို့၏ ငြိမ်းခြင်းငှါ၊အဘိညာ
ယ-သစ္စာလေးပါး တရားကို အထူးသဖြင့်သိခြင်း
ငှါ၊ သမ္မောဓာယ-သစ္စာလေးပါး ကရား တို့ကို
ကောင်းစွာ သိခြင်းငှါ၊နိဗ္ဗာနာယ-အနုပါဒိသေသ
နိဗ္ဗာန် အကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏။။

အဲဒါ ဓမ္မစကြာမှာ ဖြတ်စွာဘုရားကိုယ်တိုင် ဟောတဲ့
တရားဘဲ၊အဓိပ္ပါယ်က "ကာမသုခလ္လိကာ နုယောဂ အတ္တ
ကိလမထာနုယောဂ" အယုတ်တရား နှစ်ပါးဖြစ်တယ်။

ကာမသုခလ္လိကာ နုယောဂ ဆိုတဲ့ အယုတ်တရားက
ဘာလဲ "ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော **အနရိယော**
အနတ္ထသံဟိတော" တဲ့၊ ၃ခုပြစ် ငါးပါးရှိတယ်။

ဟီနော-ယုတ်သောတရား၊ဂါမ္မော-ရွာသူတို့၏
ဥစ္စာဖြစ်သော တရား၊ ပေါထုဇ္ဇနိကော-ပုထုဇဉ်
တို့၏ အလေ့ဖြစ်သောတရား၊**အနရိယော**-**အရိယာ**
တို့၏ ဥစ္စာမဟုတ်သောတရား၊**အနတ္ထသံဟိတော**-
စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သောတရား။
အဲဒီအပြစ်ငါးပါးရှိတယ်၊ဒီ ကာမသုခလ္လိကာနုယောဂ
ဆိုတဲ့ အယုတ်တရားဟာ ဘယ်အခါမှ သစ္စာလေးပါးကို

မသိနိုင်တဲ့ တရားဘဲ၊ အဲဒီ ကာမသုခလွှိကာ နှုယောဂ အာယုတ်တရားကို သူကိုယ်တိုင်ကျင့်ခဲ့တာဘယ်နည်းနှင့်မှ သစ္စာလေးပါးကိုမဖြင့်ဘူး၊ ဒီကာမသုခလွှိကာနှုယောဂ က ဘယ်မှာ ဖြစ်ထာလဲ "ကာမေသု-တောဘုမ္မက သဒ်ါရ တည်းဟူသော ဝတ္ထုကာမ ဘို့ဒ်ါ" တဲ့၊ အဲဒီ တောဘုမ္မက သဒ်ါရ ဝတ္ထုကာမဆိုတာ ဘယ်မှာနေတာလဲ၊ တေ-က-သုံးပါး၊ ဘုမ္မက-က ဘုံဘဲ၊ အဆုံးမဲ့တော့ ဘုံသုံးပါးဘဲ၊ ကာမဘုံ ရူပဘုံအရူပဘုံ၊ ဒီဘုံသုံးပါးမှာ ဖြစ်တဲ့တရားဘဲ၊ ဘာတွေဖြစ်သလဲဆိုရင် ဝတ္ထုဆိုတာက-

စက္ခုဝတ္ထု မြန်မာလို မျက်စိဝတ္ထု၊
သောတဝတ္ထု ..... နားဝတ္ထု၊
ဃာနဝတ္ထု ..... နှာခေါင်းဝတ္ထု၊
ဇိဝှါဝတ္ထု ..... လျှာဝတ္ထု၊
ကာယဝတ္ထု ..... ကိုယ်ဝတ္ထု၊
ဟဒယဝတ္ထု .... မနောဝတ္ထု၊

အဲဒီခြောက်ခွါရက အမြဲမပြတ် ခံစားတတ်တဲ့ "ကာမသုခလွှိကာ နှုယောဂေါ-ကိလေသာ ကာမနှင့် ယှဉ်သော ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော၊ ယောစာယံ-အကြင်အယုတ်တရားအစု" အဲဒီအောက်တန်းကျတဲ့ အယုတ်တရားကို အမြဲလိုက်စားနေမယ် ဆိုလျှင် ဘယ်တော့မှ သစ္စာလေးပါးကို မမြင်ဘူးဆိုတာ မှတ်ရမယ်။

အင်္ဂုလိမာလထေရ နုဖေယျဝဂ် ဆိုတဲ့ အယုတ်တရားက အထက်တန်း အယုတ်ဘဲ၊ ဒီအထက်တန်း အယုတ်က အပြစ်သုံးပါးရှိတယ်၊ "ဒုဇ္ဇော အနရိယော အနတ္ထ သံဟိတော" သုံးပါး။

"ဒုဇ္ဇော-ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေ တတ်သော၊ အနရိယော-အရိယာမဟုတ်သော တိတ္ထိတို့၏ အကျင့် ဖြစ်သော၊ အနတ္ထသံဟိတော-စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော၊ အင်္ဂုလိမထော နုဖေယျော-ဝိဓိကိုယ်၏ ပင်ပန်းခြင်းကို အားထုတ်ခြင်းဟု ဆိုအပ်သော၊ ယော စာယံ-အကြင် အယုတ်တရား-အစု"

ဒီ အယုတ်တရားက အထက်တန်း ကျကျ ကျင့်တဲ့ တိတ္ထိတို့၏ အကျင့်တရားတွေဘဲ၊ ဥပမာ-အချို့တိတ္ထိက နေပူတဲ့ အခါ မီးပုံ လေးပုံဖိုပြီးတော့ အလယ်ခေါင်မှာ နေလျက် ကိုလေသာ ခေါင်းပါးအောင်ဆိုပြီး ကျင့်တယ်။

အချို့တိတ္ထိများက ချမ်းအေးတဲ့အခါ အဝတ် ကန်ဆာ ဓဝတ်ဘဲ နှင်းကျတဲ့ အထဲမှာနေတယ်၊ သွားတဲ့ အခါ မှာလဲ လေးဘက်ထောက်သွားတယ်၊ စားတဲ့ အခါမှာလဲ ပုံပြီးတော့ ခွေးမျိုးလို ပါးစပ်နှင့်ဟပ်ပြီး စားတယ်၊ အဲဒါ တိတ္ထိတို့၏ အကျင့်ဖြစ်တဲ့ "အင်္ဂုလိမထော နုဖေယျော" အကျင့်ခေါ်တယ်၊ ဒီ-ကာမသုခလွတ်ကာနုဖေယျော အင်္ဂုလိမထော နုဖေယျော အယုတ်တရားနှစ်ပါးဟာ ဘယ်နည်းနှင့်မှ သစ္စာလေးပါး တရားကို မဖြင့်နိုင်တဲ့ အားဇာတိတဲ့အား သိုက်

စာကြည့်တိုက်
ကမ္ဘာဦး

မဇ္ဈိမပဏ္ဏာသဒ္ဓါ အာလယ အာလတ် ဖြစ်သော တရားမှ သာလျှင် သစ္စာလေးပါးကို မြင်မယ်လို့ ဟောတယ်၊ ဒါကြောင့်-

ဘိက္ခဝေ - ချစ်သားတို့၊ တထာဂတော နှ - ငါဘုရားသည်၊ အာဘိသမ္ဘုဒ္ဓါ-အထူးသဖြင့် သိတော်မူအပ်သော၊ စက္ခုကရဏီ-သစ္စာလေးပါးကို မြင်သော ပညာ မျက်စိကို ပြုတတ်သော၊ ဉာဏကရဏီ-သစ္စာလေးပါးကိုသိသောဉာဏ်အမြင်ကို ပြုတတ်သော၊ မဇ္ဈိမာ-အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ဖြစ်သော၊ ယာ ပဋိပဒါ-အကြင် အကျင့်သည်၊ ဥပသမာယ-ကိလေသာတို့၏ ငြိမ်းခြင်းငှါ၊ အာဘိညာယ၊ သစ္စာလေးပါး တရားကို အထူးသဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ-သစ္စာလေးပါး တရားကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ-အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏။

အဲဒီလို မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါတရားမှ သစ္စာလေးပါးတရားကို သိတယ်လို့ ဟောတဲ့အခါ ဘယ်သူတဦး တယောက်မျှ မေးသူ မရှိတော့ မြတ်စွာဘုရား သခင်က **ကဇင်ဆာ ကမျတာ** ပုစ္ဆာဖြင့် သူ့ဟာ သူတဲ့ မေးတော်မူတယ်။

ဘိက္ခဝေ-ချစ်သားတို့၊ တထာဂတော နှ၊ ငါဘုရားသည်၊ အာဘိသမ္ဘုဒ္ဓါ-အထူးသဖြင့် သိတော်မူအပ်သော၊ စက္ခုကရဏီ-သစ္စာလေးပါးကို မြင်

သော ပညာမျက်စိကို ပြုံတတ်သော၊ ညဏကရဏီ-သစ္စာ လေးပါးကို သိသော ညဏ်အမြင်ကို ပြုတတ်သော၊ မဇ္ဈိမာ-အယုတ်တရားနှစ်ပါးတို့၏ အလယ်၌ဖြစ်သော၊ သာပဒါန-ထိုအကျင့်သည်၊ ကတမာ-အဘယ်နည်း။

ဘုရားသခင်က သူ့ဟာသူမေးပြီး ဘယ်သူ ဖြေနိုင်မလဲ သူ့ဟာသူဘဲ ဖြေရတာပေါ့။

အရိယော- မြတ်သော၊ အဋ္ဌင်္ဂိကော- အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ အယမေဝ မဂ္ဂေါ-ဤမဂ္ဂင် သာလျှင်တည်း။

သစ္စာလေးပါးကို သိတာဟာ မဂ္ဂင်ရှစ်ပါးဘဲရှိတယ်လို့ ဖြေတယ်၊ ဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်ဒင်း ပါလဲလို့ "ဣဒံ မဂ္ဂင်္ဂံ- ဤမဂ္ဂင်ရှစ်ပါးဟူသည်၊ ကတမာ-အဘယ်နည်း" အဲဒီလို သူ့ဟာသူ မေးပြီး သူ့ဟာသူဘဲ ဖြေတော်မူတယ်။

သမ္မာဒိဋ္ဌိ-ကောင်းစွာမြင်ခြင်း,
သမ္မာသင်္ကပ္ပ-ကောင်းစွာကြံခြင်း,
သမ္မာဝါစာ-ကောင်းစွာဆိုခြင်း,
သမ္မာကမ္မန္တ-ကောင်းစွာပြုခြင်း,
သမ္မာအာဇီဝ-ကောင်းစွာအသက်မွေးခြင်း,
သမ္မာဝါယာမ--ကောင်းစွာအားထုတ်ခြင်း,
သမ္မာသတိ-ကောင်းစွာအောက်မေ့ခြင်း,
သမ္မာသမာဓိ-ကောင်းစွာ တည်ကြည်ခြင်း,

အဲဒါ သစ္စာလေးပါးကို တကယ်အမှန် သိတဲ့ မဏ္ဍိမ ပဋိပဒါ အကျင့်ပေါ့၊ ယခုယောဂီများ ကျင့်စဉ်အတိုင်း ဆိုလျှင် "သိလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါး ပညာ မဂ္ဂင် နှစ်ပါး" ပေါင်း ခုစ်ပါးဘဲ။

သီလမဂ္ဂင် သုံးပါးက သမ္မာဝါစာဆိုတာ မုသာဝါဒ ဝိသုဏ်ဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ ဆိုတဲ့ ဝစီကံ လေးပါး ကြဉ်ရှောင်တာ သမ္မာဝါစာလို့ ခေါ်တယ်၊ သမ္မာ ကမ္မန္တ မဂ္ဂင် ဆိုတာက ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ အဲဒီကာယကံ သုံးပါးကို ကြဉ်ရှောင် တာ သမ္မာသမ္မန္တ လို့ ခေါ်တယ်၊ သမ္မာအာဇီဝမဂ္ဂင် ဆိုတာက ဒုစရိုက်သုံးပါး၊ ဝစီကံလေးပါးကို အသက် မွေးခြင်းနှင့် စပ်ပြီးတော့ ကြဉ်ရှောင်တာ ပဉ္စမအာဇီဝ ကင်းလို့ သမ္မာအာဇီဝ မဂ္ဂင်လို့ ခေါ်တယ်၊ ဒီ-သီလမဂ္ဂင် သုံးပါးကို အရိယာမှန်က ဤဘဝ ထိုဘဝ ဘယ်တော့မှ မကျူးလွန်ဘူး၊ ပိုပြီးအသက်ကို သာ အသေခံသွားမှာ၊ ဒီသီလမျိုးကို အပျက်မခံဘူး။

သမာဓိမဂ္ဂင် သုံးပါးက ယောဂီများ အားထုတ်တဲ့ အခါမှာ ဝီရိယဆိုတာက သမ္မာဝါယာမ မဂ္ဂင်ဘဲ၊ သတိ အမြဲ ထားနေ ရတာက သမ္မာသတိ မဂ္ဂင်ဘဲ၊ စိတ်၏ ငြိမ်သက် တည်ကြည်မှု ရနေတာက သမ္မာသမာဓိ မဂ္ဂင်ဘဲ၊ အဲဒါ သမာဓိမဂ္ဂင်သုံးပါး ခေါ်တယ်။

ပညာမဂ္ဂင် နှစ်ပါးက ရုပ်မှန်း နာမ်မှန်း သိအောင် ကြိုဆောင်ခြင်းကို သမ္မာသင်္ကပ္ပ မဂ္ဂင်လို့ ခေါ်တယ်၊ ရုပ်

နာဝန်ကို ထွေတာနှင့် တပြိုင်နက် ဖြစ်ခြင်း ပျက်ခြင်းကို သိသဖြင့် အနိစ္စ,ဒုက္ခ,အနတ္တ,ဆိုတဲ့ ဝိပဿနာတရားတော်ကြီးကို လေးလေးစားစား အောက်မေ့နိုင်တာ ပညာစစ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့၊ သူမှ တကယ် အမှန် သစ္စာလေးပါးကို သိတာ။

ယောဂီများ အဂိုယာအစစ် မဖြစ်ခင် ရှုဋ္ဌသောတာပန်ကလျာဏ ပုထုဇဉ် အဖြစ်နှင့် သိရတဲ့ သစ္စာလေးပါးက **အနုဗောဓ**သိ ခေါ်တယ်၊ အဂိုယာ အစစ် ဖြစ်၍ သစ္စာလေးပါးကို သိတာက **ပဋိဝေဓ** သိ ခြင်းလို ခေါ်တယ်၊ အနုဗောဓ သိခြင်းကို ရှင်္ကိလျင် ပဋိဝေဓသိခြင်းဟာ မလွဲတော့ဘူးဆိုတာ ယုံကြည်ပြီး အားထုတ် ကြဘို့ဘဲ၊ သစ္စာလေးပါးသိတာဟာ **''သစ္စာလေးချက်တပြိုင်နက်''** ဆိုတဲ့ အတိုင်း တပြိုင်နက် တချက်ထဲ သိတယ်။

ဥပမာ-မီးထွန်းတဲ့အခါ မီးစာကို မီးငြိတာရယ်၊ အုံလင်းရောင် ရောက်ရတာရယ်၊ အမှောင် ပျောက်တာရယ်၊ ဆီကုန်တာရယ်၊ တပြိုင်နက် ဖြစ်သလိုဘဲ ပြောစရာရှိလို့ လေးကြိမ် ပြောရတာ၊ တကယ် ဆိုတော့ မီးစာမီးငြိတာနှင့် တပြိုင်နက် လေးကိစ္စ ပြီးသွားတာဘဲ၊ အဲဒါ ဥပမာဘဲ။

ဒုက္ခသစ္စာ ပိုင်းခြားခဲ့သိ၊ သမုဒယသစ္စာပယ်၊ နိရောဓသစ္စာ မျက်မှောက်ပြု၊ မဂ္ဂသစ္စာပွါး၊ လေးပါး ဆိုတာယ်၊ ဒါ ဆိုစရာရှိလို့ဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်တရား တွေ့တာနှင့်တပြိုင်နက် ဒုက္ခမှန်းလဲ သိတယ်၊ ထိုဒုက္ခကို မလို

ချင်ဘူး ဆိုကတဲ့က သမုဒယတဏှာပြတ်သွားပြီ၊ သမုဒယ
ပြတ်ကတဲ့က နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးဖြစ်နေပြီ၊ ဒုက္ခမှန်း
သိတာ ဘယ်သူလဲ၊ သမ္မာဒိဋ္ဌိ မဂ္ဂင်သစ္စာပွါးပြီး ဖြစ်နေပြီ
မဟုတ်လား၊ ဒါ သစ္စာလေးချက် တပြိုင်နက်ဘဲ၊ အဲဒီ
သစ္စာလေးပါးကို ဖြင်တာဟာ မဏ္ဍိမပဋိပဒါဆိုတဲ့ မဂ္ဂင်
၈စ်ပါးပေါ့၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်ဖြတ်
ကြီးက—

ဘိက္ခဝေ- ချစ်သားတို့၊ တထာဂတေန- ငါ
ဘုရားသည်၊ အာဘိသမ္ဗုဒ္ဓါ- အထူးသဖြင့်သိတော်
မူအပ်သော၊ စက္ခု၊ ကရဏီ- သစ္စာလေးပါးကို
သိသော ပညာမျက်စိကို ပြုတတ်သော၊ ဉာဏ
ကရဏီ- သစ္စာလေးပါးကိုသိသော ဉာဏ်အဖြင်
ကို ပြုတတ်သော၊ မဏ္ဍိမာ-အယုတ်တရား နှစ်ပါး
တို့၏ အလယ်၌ ဖြစ်သော၊ အယံခေါ်သာပဋိပဒါ-
ဤ မဂ္ဂင်၈စ်ပါး တည်း ဟူသော အကျင့်သည်၊
ဥပသမာယ- ကိလေသာတို့၏ ငြိမ်းခြင်းငှါ—
အာဘိညာယ-သစ္စာလေးပါးတရားကို အထူးသဖြင့်
သိခြင်းငှါ၊ သမ္ဗောဓာယ-သစ္စာလေးပါးတရားကို
ကောင်းစွာ သိခြင်းငှါ၊ နိဗ္ဗာနာယ-အနုပါဒိသေသ
နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏။

အဲဒါ မြတ်စွာဘုရားကိုယ်တိုင် ပဉ္စဝဂ္ဂီ ငါးဦး အား
ထားပြီး နတ်အသင်္ချေ ပြဟ္မာ တဆယ့်၈စ်ကုဋေဘို့ကို
သစ္စာလေးပါး သိနိုင်တဲ့အကျင့်တရား ဟောလို့ ကျင့်ကြ

သောကြောင့် အရိယာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတာ၊ ဒါဟာ ဝိပဿနာအစစ်ပါဘဲ၊ ထူးတာမဟုတ်ပါဘူး၊ ဒါကြောင့် မေတ္တာသုတ်မှာ သစ္စာလေးပါး သိမှ နိဗ္ဗာန်ရမယ်၊ သစ္စာလေးပါး သိအောင် လိုမ္မာတဲ့ ပုဂ္ဂိုလ်များ ကျင့်ကြလို့ ဟောတာ၊ တစ်ခွန်းစ်ခွန်း စဉ်းစားပါ၊ ငါဟာ သစ္စာလေးပါးကိုမသိသေးရင် တနေ့ ငါ အပါယ်ကျမှာဘဲဆိုတာ များများကြီး စဉ်းစားကြဦးပေါ့။ အဲဒီ မေတ္တာသုတ် အဆုံးနားမှာ ဆိုထားသေးတယ်။

တိဋ္ဌံ စရံ နိသိန္နောဝ သယာနော၊
ယာဝတာ သဳ ဝိတမိဒ္ဓေါ။။
ဧတံ သတိံ အဓိဋ္ဌေယ္ယ၊
ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

တိဋ္ဌံဝါ-ရပ်သော်ငင်း၊စရံဝါ-သွားသော်ငင်း၊ နိသိန္နောဝါ - ထိုင်သော်ငင်း၊ သယာနောဝါ လျောင်းသော်ငင်း၊ ယာဝတာ-အကြင်မျှလောက် သောကာလပတ်လုံး၊ ဝိဘမိဒ္ဓေါ- ဒွိဝ်ချင်ခြင်း ငိုက်မျည်းခြင်းကင်းသည်၊ အသ-ဖြစ်ရာ၏၊ တာဝတာ-ထိုမျှလောက်သော ကာလပတ်လုံး၊ ဧတံ သတိံ-ထိုသတိဖြင့် ယှဉ်၍ နေခြင်းကို၊ အဓိဋ္ဌေယျ ဆောက်တည်ရာ၏၊ ဧတံဝိဟာရံ - ထိုသတိဖြင့် ယှဉ်၍ နေခြင်းကို၊ ဗြဟ္မံ-မြတ်သော၊ ဝိဟာရံ-နေ

ခြင်းဟူ၍၊ ဇဒ္ဓါ-မြတ်စွာဘုရားတို့သည် - အာဟု-ဟောတော်မူကုန်ပြီ။

မြန်မာလိုသက်သက်ဆိုရင် ရပ်သော်၎င်း သွားသော်၎င်း ထိုင်သော်၎င်း အိပ်သော်၎င်း **ဣရိယာပထ်လေး**ပါး စလုံး အမြဲ **သတိရှိရမယ်**၊ ဒီလို အမြဲသတိရှိလျှင် ဘာဖြစ်မလဲ၊ မြတ်သောနေခြင်းလို့ဟောထားတယ်၊ ဒါ ဖြင့်ပြောင်းပြန်လှန်၍ ကောက်ယူကြည့်လိုက်စမ်း၊ ဣရိယာပထ်လေးပါးမှာ သတိကင်းနေရင် မမြတ်ဘူးပေါ့၊ ကောင်းပြီမမြတ်ရင်ဘာဖြစ်မလဲ ရှုံးတာပေါ့၊ ကိုင်းအရှုံးအမြဲက်တွက်စမ်း၊ ကုန်ရောင်းတဲ့ပုဂ္ဂိုလ်များဟာ ဘိဘိရင်းနှီးထားတဲ့အရင်းထက်ပိုလျှံရလျှင်မြတ်တယ်၊ ဘိဘိရဲ့ အရင်းအနှီး ထက်ယုတ်လျော့သွားလျှင် ရှုံးတယ်၊ ဒီတော့မြတ်စွာဘုရားက အရှုံးအမြတ်ဟောထားတယ် မဟုတ်လား စဉ်းစားကြည့် အမှတ်မဲ့တော့မသိဘူးပေါ့၊ စဉ်းစားလိုက်တဲ့အခါ ဘိဘိတို့ရရှိထားတဲ့လူ ဘဝဟာ အရင်းပါဘဲ၊ မြတ်မယ်ဆိုလျှင် ရရှိထားတဲ့ လူဘဝထက်မြင့်မြတ်ခြောက်မယ် မဟုတ်လား၊ ရှုံးတယ်ဆိုတာကယခုရရှိထားတဲ့ လူဘဝရဲ့အောက်တန်း ကျသွားမယ်မဟုတ်လား၊ ဒီတော့ ဘိဘိတို့ကိုယ်ကို အမြတ်နှင့်သေကြမလား အရှုံးခံ၍ သေကြမလားဆိုတာ အကြိမ်ကြိမ် ဝေဘန်စဉ်းစားကြဘို့ဘဲ။

ယခုဟောပြောသွားတဲ့သတိအမြဲပွါးရမယ်ဆိုတာသတိဟာ မေတ္တာသုတ်မှာဖြစ်လို့နိုသျှဆရာကမေတ္တာနှင့် ယှဉ်

သော သတိလို့ အနက်ပြန်ဆိုထားတယ်၊ **မေတ္တာ** သတိ ဟာလဲ အလွန်အဆိုးတန်ပါတယ်၊ သို့သော်လဲဘုရား သခင်ရဲ့ အလိုတော်ကျနှင့် စည်းစားမယ်ဆိုလျှင် မေတ္တာ သတိမဖြစ်နိုင်ဘူးလို့ ထင်တယ်၊ ဘာကြောင့်လဲဆိုလျှင် နောက်နားကပုဒ်က ဒိဋ္ဌိ စ-မိဿာဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ-မကပ်မှီ၍ လို့တိုက်ရိုက်ပါနေလေတော့ မေတ္တာသတိက ဒုက္ခိတသုခိတ သတ္တဝါပညတ်ကို အာရုံပြုတယ်ဆိုတော့ ဘယ်နည်းနှင့်မှ ဒိဋ္ဌိမပြုတ်နိုင်ဘူး၊ ဒီတော့ဒိဋ္ဌိပြုတ်တဲ့ သတိကိုရာရလိမ့်မယ်၊ ကောင်းပြီ ဒိဋ္ဌိပြုတ်တဲ့ သတိကို ဘုရားသခင် ဘယ်မှာ ဟောသလဲဆိုလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲမှာ သတိမြဲကို ဟောပြသွားတယ်၊ နောက်ဆုံး ပဉ္ဆိမဗုဒ္ဓဝစန ပိန့်ဒွန်းတော်က-

ဟန္ဒ ဒါနိ ဘိက္ခဝေ,
အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ,
အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ-ရဟန်းတစ်ပြားခွဲ တွယ်တာနှစ်သက် ခြင်းမရှိတဲ့ ချစ်သို့ဲးချစ်သား ရဟန်းများတို့၊ ဟန္ဒ-ငါတို့က်တွန်းဏ်၊ ဒါနိ-ယခုအခါခွဲ၊ ဝေါတုမှာကံ-သင်ချစ်သား ချစ်သို့ဲးတို့အား၊ အာမန္တယာမိ-ငါတုရား နောက်ဆုံး ပိန့်ဝန် ခေါ်တော်မူ၏၊ သင်္ခါရာ-ကံစိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်

အပ်ကုန်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ ဝယဓမ္မာ- ပျက်တတ်သော သဘော ရှိကုန်၏၊ အပ္ပမာဒေန-ဖြစ်ခြင်းပျက်ခြင်းကိုမမေ့လျော့သော သတိတရားနှင့်၊ သမ္မာဒေဿ-နေ့ရောညပါဘယ်ခါ မစဲ အမြဲနိစ္စ ပြည့်စုံရစ်ကြ ကုန်လော့။

ဘဲဒီ သတိမှ မရှု ဒိဋ္ဌိပြုတ်တဲ့ သတိဘဲ၊ မေတ္တာ သတိနှင့် ဒိဋ္ဌိပြုတ်တဲ့ ရုပ်နာမ်ဖြစ်ပျက် သိတဲ့သတိကို ကွဲပြားအောင် နှလုံးသွင်း ရမယ်၊ ဒိဋ္ဌိအမှန် ပြုတ်ကြောင်းကို မြတ်စွာဘုရား သားတော်ရာဟုလာကို ဟောတဲ့အခန်းမှာ အင်မတန် ထင်ရှားပါတယ်၊ ပထဝီခေတ်ကိုဘဲ တွေ့တွေ့ တောဏောခေတ်ကိုဘဲ တွေ့တွေ့ သို့မဟုတ် ဝါယောခေတ်ကိုဘဲ တွေ့တွေ့ မုချ ဒိဋ္ဌိပြုတ်တယ်ဆိုတဲ့ အကြောင်းသံယုတ် ပါဠိတော်မှာ-

ပထဝိဓာတုံ ခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ- ချစ်သား ရာဟုလာ၊ ခေါ်-စင်စစ်၊ ပထဝီဓာတုံ-ပထဝီဓာတ်ကို၊ပထဝီဓာတ်ကို တွေ့တော့ ဘယ်လို တွေ့ မလဲဆိုလျှင် ပထဝီက မာတာ နူးညံ့တာ ဆိုတော့ နူးညံ့ ပထဝီကမထင်ရှားလှဘူး၊ အမာဓာတ်နှင့် တွေ့တော့ နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် တောင့်တယ် တင်းတယ်၊ ခဲတာ ဘယ်သူနှင့် တွေ့တာလဲ၊ ကိုယ်နှင့် တွေ့တာ၊ကိုယ်နှင့်တွေ့လို့ ကာယဝိညာဏ်ဆိုတဲ့ စိတ်နာမ်က သိတာပေါ့။

ရာဟုလ- ချစ်သားရာဟုလာ၊ ပထဝိဓာတုံ-ပထဝီဓာတ်ကို၊ အနိစ္စတော-မမြဲဘူး ဟူ၍၊ ဇာနန်တော--သိသောသူအား၊ ပဿတော-မြင်သောသူအား၊ သင်္ကာယဒိဋ္ဌိံ-သင်္ကာယဒိဋ္ဌိကို၊ ပဇဟတိ-ပယ်ရှိ၏၊ ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။

အဲဒါ အမြဲမှတ်သားကြဦးဗဲ၊ ဘယ်နည်းနှင့်မဆို ရုပ်နာမ် ဖြစ် ပျက်မသိသမျှ ဒိဋ္ဌိဘယ်အခါမှ မပယ်နိုင်ဘူးဆို တာ ငဲ့စဲ့မြဲမြဲမှတ်သားကြဦးပေါ့၊ဒါကြောင့် မေတ္တာသုတ်၌-

ဒိဋ္ဌိံ စ-မိစ္ဆာဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ-မကပ်မူ၍၊ ဒဿနေန-သောတာပတ္တိ မဂ်ဉာဏ် နှင့်၊ သမ္ပန္နော- ပြည့်စုံသည် ဖြစ်၍၊ ကာမေသု-တဘုမ္မကသခီါရ တည်းဟူသော ဝတ္ထု၊ ကာမတ္ထိုင်၌၊ ဂေဒံ-ကာမဆွဲနှဲတည်းဟူသော ကိလေသာ ကာမကို၊ ဝိနယ-ပယ်ဖျောက်၍၊ ဇာတု-ဇကန်၊ ပုန-တဖန်၊ဂဗ္ဘသေယျံ-အဓိဝမ်းခွပဋိသန္ဓေနေခြင်းသို့၊ နဟိဇေတိ-မရောက်ရ လတံ့။

အဲဒါ ပါဠိတော်ဟာ မြတ်စွာဘုရား.ကိုယ်တော်တိုင် ဟောတော် မူခဲ့တဲ့ တရားကြီးဘဲ၊ ဒီတရားတော်ကို **သီသာနေ သီသေ**အစဉ်အဆက် ယခုတိုင်အောင် မြို့တိုင်း ရပ်တိုင်း အိမ်တိုင်းဆိုသလို သံဃာတော် အရှင်မြတ်များ အမြဲပြောဟော လေ့ရှိတယ်ဆိုတာ ဗုဒ္ဓဘာသာအယူရှိကြကုန်သော ပုဂ္ဂိုလ်တိုင်း သိရှိကြပါလိမ့်မယ်။

ဒါ့ကြောင့် ယခု ဝိပဿနာတရားတော်ကြီးဟာ ဒီဋ္ဌိ ပြုတ်ပြီး သောတာပတ္တိမဂ်ဉာဏ်နှင့်နိဗ္ဗာန်ကို မျက်မှောက် ပြုလျက် နောက်ဆုံး ရဟန္တာ အဖြစ်နှင့် နိဗ္ဗာန်ကို ကူးမြောက်သဖြင့် နောက်တဖန် အမှန်ပဋိသန္ဓေမနေရဘူး ဆိုတာ မြတ်စွာဘုရား ဟောထားတော် မူပါသဖြင့် ပဋိသန္ဓေမနေရတဲ့ နိဗ္ဗာန်ကို အဖြန်ဆုံးနည်းနှင့် မျက်မှောက် ပြုနိုင်အောင် ရှင်တရား နာဓိတရားများကို ဣရိယာပုထ် လေးပါးဌိအလပ်မပေးဘဲ ဖြစ်ပျက်ဆိုတဲ့ သတိတရားဖြင့် အမြဲမပြတ် ပွါးများ အားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

ပဓာန ငါးချက်

ဝိပဿနာ အလုပ် အားထုတ်ကြတဲ့ ပုဂ္ဂိုလ် များမှာ ပဓာန ငါးချက်နှင့် ပြည့်စုံမှ အရိယာဝိဇ္ဇာလမ်း ပေါက်အောင် အားထုတ်နိုင်ကြမှာ၊ ဒီပဓာန ငါးချက်က ဘယ် သူတွေ့ ပါလဲ ဆိုလျှင်....

၁။ ဘုရားဌို့ ယုံကြည်ခြင်း,
၂။ ကျန်းမာခြင်း,
၃။ စိတ်နှလုံးဖြောင့်စင်းခြင်း,
၄။ ဝိရိယထက်သန်ခြင်း,
၅။ ရုပ်နာမ်ခန္ဓာတို့၏ ခဏအစဉ်အတိုင်းအဆင့်ဆင့် ဖြစ်ပွါး ချုပ်ကွယ်မှုတို့ဌို့ ဉာဏ်၏ စူးစိုက်ခြင်း,

အဲဒီ ငါးချက်ဟာ အဝေးအကြီးဆုံးဘဲ၊ ဤအင်္ဂါငါး ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရိယာဝိဇ္ဇာလမ်းကို မျက်မှောက်သော ဘဝ၌ပင် ပေါက်ရောက် ထင်ဖြောက် နိုင်တယ်။

၁။ ဘုရား၌ ယုံကြည်ခြင်း

သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတသ္မေ ဗောဓိံ၊
ပဋ္ဌဂုံတ္တရ ပါဠိတော်။

သဒ္ဓေါ-ထက်သန်သော သဒ္ဓါတရားနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ တထာဂတသ္မေ-ငါဘုရား၏၊ ဗောဓိံ-အာဟုတ် အမှန် ထိုးထွင်းသော ဉာဏ်တော်ကို၊ သဒ္ဒဟတိ-ယုံကြည်၏။

အဲဒီ သဒ္ဓါက ဘာကို ယုံကြည်သလဲ ဆိုလျှင် ဘုရား၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း၊ တရားတော်၌ သက်ဝင်ယုံကြည်ခြင်း, သံဃာတော်၌ သက်ဝင်ယုံကြည်ခြင်းကို ခေါ်တယ်၊ ဒီ သဒ္ဓါက တမျိုးထဲ မဟုတ်ဘူး လေးမျိုးရှိပြန်တယ်။

၁။ အဓိဂမသဒ္ဓါ,
၂။ အာဂမသဒ္ဓါ,
၃။ ပသာဒသဒ္ဓါ,
၄။ ပသန္နသဒ္ဓါ, ဟု လေးမျိုး ရှိကယ်၊

၎င်းလေးမျိုး တို့တွင် ၁-နံပါတ်ဖြစ်တဲ့ **အဓိဂမသဒ္ဓါ** မျိုးကို ပုဂ္ဂိုလ်တိုင်း မရနိုင်ဘူး၊ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ

ရန်ကုန်သလဲဆိုလျှင် ဘုရားပစ္စေကဗုဒ္ဓါအစရှိသောအရိယာ ပုဂ္ဂိုလ်များမှ ရန်ကုန်တဲ့ သဒ္ဒါမျိုး ဖြစ်တယ်။

ဒုတိယ အဓိဂမသဒ္ဒါ ဆိုတာ လွန်ကဲသော သဒ္ဒါလို့ခေါ်တယ်၊ ဘာကြောင့်လဲ ဆိုလျှင် ထို အဓိဂမသဒ္ဒါ ရှိတဲ့ ပုဂ္ဂိုလ်မျိုးက နိဗ္ဗာန်ထိအောင် ဘယ်အခါမှ မပျက်တဲ့ သဒ္ဒါမျိုးဘဲ၊ **အာဂမသဒ္ဒါ**ရှိမျိုးကိုလဲ ပုဂ္ဂိုလ်တိုင်း မရန်ဉ်ဘူး၊ ဘယ်လို ပုဂ္ဂိုလ်များ ရန်ကုန်သလဲ ဆိုလျှင် နိယတ ဗျာဒိတ်ရပြီးသော ဘုရားလောင်း ပစ္စေကဗုဒ္ဓါအလောင်း ရဟန္တာအလောင်းများ ရန်ကုန်တယ်၊ အဲဒီ အာဂမသဒ္ဒါကလဲ ဖြစ်လေရာ ဘဝဘိုင်းမှာပင် ဘယ်တော့မှ မပျက်တော့ဘူး၊ အယုတ်ဆုံး တိရစ္ဆာန်ဘဝ ရောက်နေတောင် သဒ္ဒါယုံကြည်ခြင်း မပျက်ဘူး၊ ဒါကြောင့် နိပါတ်တော်ထဲမှာ **ဗုံရယ် ဖြေခွေးရယ် မျောက်ရယ် ယုန်ရယ်** အဲဒီ တိရစ္ဆာန်လေးဦးဟာဘာသာချင်းမတူသေဲလဲ အာဂမသဒ္ဒါရှိတဲ့ ပုဂ္ဂိုလ်ချင်း တူကြတယ်။

ပုဇ္ဇဝ သံနိဝါသေန,
ပစ္စုပ္ပန္နေ ဟိတေနဝါ၊
ဧဝံ တံ ဇာယတေ ပေမံ,
ဥပ္ပလံဝ ယထောဒကေ။

ဓမ္မပဒ၊

ပုဗ္ဗေဝသံနိဝါသေန- ရှေးရှေးဘဝ အတိတ်ကာလက ဆွေဥာ တကာ တော်စပ် ခဲ့ဘူးသော ကြောင့်ဂုင်း၊ ပစ္စုပ္ပန္နေဟိတေနဝါ-ယခု ဒီဘဝပစ္စက္ခဒ္ဒါ

တယောက်သည် တယောက်အား အကျိုးစီးပွါး
ကို လိုလား သောကြောင့်၎င်း၊ ပေမံ-မြင်လျှင်
မြဲခြင်း တယောက်သည် တယောက်အား ချစ်
ခင်ခြင်းသည်၊ ဓာယတော-ဖြစ်ပေါ်လာ၏၊ ကိုဒ်ဝ-
အဘယ်ကဲ့သို့ နည်းဟူမူကား၊ ဥပုလံ-ကြာသည်၊
ဥဒကဋ္ဌ-ရေကိုဋ်၎င်း၊ ကဒ္ဒမဋ္ဌ-ညွန်ကိုဋ်၎င်း၊ ပဒို့စွ-
ဋ္ဌ၍၊ ဓာယတေယထာ- ပေါက်ရောက်၍ လာ
သကဲ့သို့၊ ဒေဝဒတထာ-ထို့အတူတံပေမံ-ထိုမြင်လျှင်
မြဲခြင်း တယောက်သည် တယောက်အား ချစ်
ခင်သည့် မေတ္တာဝေတ်သည်း၊ ဓာယတော--ဖြစ်၏။

ဤသည့်ပါဠိတော်အရ ဗျိုရယ် ဖြေခွေးရယ် မျောက်
ရယ် ယုန်ရယ် လေးဦးသား ချစ်ခင်စွာ ပေါင်းသင်း
ဆက်ဆံ နေထိုင်ကြတယ်၊ တနေ့သော အခါကျတော့
'မိတ်ဆွေတို့၊ မနက်ဖြန်ခါဥပုသ်နေ့ ကြိုနေပါကလား' လို့
တဦးက ပြောလိုက်ရင်ဘဲ 'ဒေး ဟုတ်တယ်၊ ဥပုသ်နေ့
ကြိုလျှင် ဥပုသ် စောင့်ကြမှဘဲ' တဲ့၊ ဒီတော့ တဦးသော
ပဂ္ဂိုလ်က 'ဥပုသ် စောင့်လို့ ဘိုလျှင် ဘိနဲ့လေးလဲ ပါမှ
ကောင်းမယ်' လို့ ပြောတယ်၊ ဒီတော့ အသီးသီး လှူစရာ
ဒါနဝတ္ထုများမှကြသတဲ့၊ ဒီလို ကျားမှတဲ့ အခါမှာ မုံက
မိဒိကျက်စားနေကျဂန်ဂြစ် ကင်းနားလျှောက်ပြီး ကျားမွှ
တဲ့ အခါ တံငါသည်များ ကင်ထားတဲ့ ငါးကြင်းကင် ကို
သွားပြီး စွတ်တယ်၊ ငါးကြင်းကင် သွားစွတ်တော့ 'ဒို-
ငါးကြင်းကင်ဟာ အနှစ်ရှိသလား မရှိသလား ဆိုတာ

ငါမသိဘူး၊ အခုငှိုလျှင်လဲ မယူဘူး၊ အခုငမှိုမသာလျှင် ယူမယ်'လို့ ဆိုပြီး သုံးကြိမ်တိုင်တိုင် ငြင်းငြောလိုက်တယ်၊ အဲဒါ စဉ်းစားကြည့်၊ တိရစ္ဆာန်ပင် ဖြစ်သော်လဲ သူတပါးပစ္စည်းကို မဒိုးမယူဘူး၊ဒီလို သုံးကြိမ်တိုင်တိုင် ငြင်းငြောလိုက်သော်လဲ အခုငှိ မပေါ်လာဘူး၊ အခုငှိ မပေါ်တော့မှ'တော်လှပြီ မနက်ဖြန်ခါလှူဒါန်းရန်လှူဘွယ်ဝတ္ထု ရပြီ'လို့ အားရပါးရ ငါးကြင်းကင်ကို ယူပြီးသွားတယ်။

ဖြေခွေးကလဲ သူ့ရဲ့ စားကျက် **ဟီမဝန္တာ** တော သွားပြီး ဒါနဝတ္ထုရှာဖွေတယ်၊ အဆင်သင့်ဘဲ မုဆိုးများ ကင်ထားတဲ့ **ဒဓိကဏ္ဍ** နှင့် **နို့ဓမ်းဒဏ်း**ကို ဝတ္ထုတယ်၊ ဒီလို ဝတ္ထုတော့အခုငှိ မရှိကို သုံးကြိမ်ငြင်းငြောလိုက်တယ်၊ သုံးကြိမ် ငြင်းငြောလိုက်လို့ အခုငမပေါ်တော့မှ အားရဝမ်းမြောက်စွာ အမဲကင် နှင့် နို့ဝမ်းဒဏ်းကို ယူသွားတယ်။

မျောက်ကလဲတဲ့ သစ်ပင် တော တောင် ဝတ္ထုကို လျှောက်ပြီး ကောင်းနိုးရာရာ သစ်သီးဝလံ လှည့်လည် ရှာဖွေရင်း ပျားများမရတ်ဘဲ ပျံသွားတဲ့ **ပျားလောင်း**ကို ကြိုး ဝတ္ထုတော့ အဲ့ဘားရပါးရ ပုံသုကဲ့ ရပြီဆိုပြီး ပျားလတ်နှင့် သစ်သီးများကို ယူပြီးသွားတယ်။

ယုန်ကတော့'အင်း သူတို့ကတော့ အသီးသီး လှူစရာ ပစ္စည်းတွေရတယ်၊ငါက ဖြက်စားတဲ့ သတ္တဝါ, ငါ့ဖြက်ကို လှူလို့လဲ ဒီလှူခံပုဂ္ဂိုလ်က ယူမှာမဟုတ်ဘူး၊ အကယ်၍ အလှူခံ ပုဂ္ဂိုလ်များ ပေါ်ပေါက် လာခဲ့လို့ ငှိလျှင် **ငါ**၏

အသင်း ကို အလိုရိုက ငါ့အသားကို လှူမယ်' လို့ ဒိုလို ဖိဌာန်လိုက်တယ်၊ အဖိဌာန် ပြုလိုက်တယ် ဆိုလျှင်ဘဲ တာဝတိံသာနတ်ပြည်မှ သိကြားမင်းပဏ္ဍုကမ္ဗလာဟာ တင်းမာပူပြင်းလေတော့ လူ့ပြည်ကို ကြည့်လိုက်တဲ့အခါ လေးဦးသားတို့ရဲ့ အဓိဌာန်ကို သိသဖြင့် သိကြားမင်း ကိုယ်တိုင် ပုဏ္ဏားယောင် ဆောင်ပြီး အလှူခံ ဆင်းလာတယ်။

အဲဒီလို ပုဏ္ဏားကြီး အလှူခံလာတာမြင်ရတော့ အားရဝမ်းမြောက်စွာနှင့်ပြောဆိုကြတယ်၊ ''ပုဏ္ဏားကြီး ကျေးဇူးတို့ လေးဦးသား အလှူခံမျော်နေကြတာ အတော်ဘဲ''ဆိုပြီး ဗျိုကလဲ သူရဂိုလာတဲ့ ငါးကြင်းကင်လှူလို့, မြွေဆွေးကလဲ အမဲကင်နှင့်နို့ခမ်းဒိုးကိုလှူလို့, မျောက်ကလဲ သစ်သီးမျိုးနှင့် ပျားလဘို့ကြီးကိုလှူလို့, အသိုးသိုး လက်ခံရဂိုးလေတော့၊ ပုဏ္ဏားကြီးက ''အေးအေး ငါအလှူခံပါတယ်၊ သို့သော်လဲ မင်းတို့ရဲ့ ပစ္စည်းတွေ မင်းတို့အနားမှာဘဲ ထားကြအုံး၊ ငါအလိုရှိတဲ့အခါမှ ယူမယ်'' ဆိုပြီး ယုန်ဂိုရာကို သွားတယ်၊ ယုန်က 'အသင် ပုဏ္ဏားကြီး-ကျွန်ုပ်မှာတော့ လှူစရာ ဘာမျှမရှိဘူး၊ သို့သော်- အသင့်ပုဏ္ဏား အလိုရှိပါက ကျွန်ုပ်၏အသား လှူပါ့မယ်'လို့ ပြောတယ်၊ ဒီတော့ ပုဏ္ဏားက 'အသင်ယုန်-အသင့် အသားကို ကျွန်ုပ် အလိုရှိတာပေါ့'လို့ ပြောလိုက်တော့ ယုန်က 'ကောင်းပြီ၊အသင် ကျွန်ုပ် အသားကို အလိုရှိလျှင် မီးဖိုပါ' လို့ ပြောလိုက်တယ်၊ ပုဏ္ဏားကြီးကလဲ မီးဖိုလိုက်တာပေါ့၊ ဒီတော့မှ

ယုန်ကလေးက သူရဲ့ခန္ဓာကိုယ်မှာရှိတဲ့ အညစ်အကြေး အလေး အမွှားတို့ကို ပယ်ရှားပြီး တဆိထည်း ဖီးဖိထဲ ခုန်ဆင်းလိုက်တယ်၊ အဲဒါ ယောဂီများ စဉ်းစားကြတို့ဘဲ၊ မြတ်စွာဘုရားသခင်ဟာ သူဟောတဲ့ တရားကို သူအမြဲ ကျင့်တယ်၊ မြတ်စွာဘုရားက ဘယ်လိုဟောသလဲဆိုလျှင်-

အတ္ထာနဉ္စေ ဒိယံဇညာ,
ရဏ္ဍေယျ နံ သုရက္ခိတံ၊
တိဏ္ဏာ မညတရံ ယာမံ,
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ဓမ္မပဒ။

အတ္တာနံ-ပိဝိကိုယ်ကို၊ ဒိယံ-ချစ်မြတ်နိုးသည့်၏ အဖြစ်ကို စောဇညာ-အကယ်၍ သိငြားအံ့၊ သုရက္ခိတံ-ကောင်းစွာ စောင့်ရှောက်အပ်သော နံအတ္တာနံ-ထို ပိဝိ ကိုယ်ကို၊ ရဏ္ဍေယျ-စောင့်ရှောက်ရာ၏၊ ပဏ္ဍိတော-ပညာရှိသော သူသည်၊ တိဏ္ဏံ-သုံးပါးသော အရွယ်တို့တွင်၊ အညတရံ ယာမံ-တပါးသော အရွယ်ကို၊ ပဋိဇဂ္ဂေယျ-သုတ်သင်ရာ၏။

ဆိုလိုရင်း အဓိပ္ပါယ်က ပိဝိကိုယ်ကို ချစ်ရမယ်တဲ့၊ ကိုင်း စဉ်းစားစမ်း၊ ဘယ်ကိုယ်ကိုချစ်မလဲ၊ ယခု သူ့ကိုယ်ကို သူချစ်လို့ဖီးဖိထဲခုန်ချပြီးအသက်ကိုစွန့်လွှတ်အသားကို လှူတယ်၊ အဲဒါ သူ့ကိုယ်ကို ချစ်လို့လှူတာ၊ အဲဒီအလောင်းတော် ယုန်မင်းနှင့် ဆက်စပ်ပြီး ကြည့်စမ်း။

မြတ်စွာဘုရား အလောင်းတော်ဟာ သူ့ကိုယ်ကို သူ ချစ်လို့ ဦးခေါင်းတော်ကိုဖြတ်ပြီးလှူခဲ့တာမဟုတ်ပါဘူး အောင် စုပုံထားမယ်ဆိုလျှင် မြင့်မိုရ်တောင်က နည်းအုံးမယ်၊ ဦးခေါင်းတော်ကမျှားမယ်တဲ့၊ မျက်လုံးတော်တွေကို လှူခဲ့တာလဲ မဟုတ်ပါဘူးအောင် စုပုံထားမယ်ဆိုလျှင် ကောင်းကင်က ကြယ်တွေက နည်းအုံးမယ်၊ မျက်လုံးတော်တွေက မျှားမယ်တဲ့၊ အသားတော်တွေ လှူတာက ကော မဟာပထဝီမြေကြီးက နည်းမယ်၊အသားတော်တွေက မျှားမယ်တဲ့၊ အသွေးတော်တွေ လှူတာ ကကော မဟာ သမုဒ္ဒရာရေက နည်းပြီး အသွေးတော် တွေက မျှားမယ်တဲ့။

အဲဒါ စဉ်းစားဦးဗျိဘဲ၊ သူ့ကိုယ်ကို ချစ်တယ်ဆိုတဲ့ သဘောဟာ မိမိရဲ့ ခန္ဓာကိုယ်ကို မင့်ဘဲ လှူတာတွေ သူ့ကိုယ်သူချစ်လို့တဲ့ အဲဒီ ဘုရားဟောအတိုင်း ယခုလူတွေဟာ မိမိကိုယ်ကိုဘယ်မျှလောက် ချစ်ကြသလဲဆိုလျှင် မိမိကိုယ်ကို ချစ်သဖြင့် သူတပါးရဲ့ အသက်ကို သတ်ပြီးတော့ ကျေးကြတယ်၊ သူတပါးဥစ္စာကို ခိုးပြီး ကျေးကြတယ်၊ **မုသာဝါဒ ကံတွေ** နှင့် လိမ်လည်လှည့်ဖြားပြီးတော့ စီးပွါးရှာကျေးကြတယ်၊ အဲဒါ မိမိကိုယ်ကို မိမိချစ်လို့တဲ့။

ကဲ-ဘုရားသခင် အလိုတော်ကျနှင့် မည်မျှလောက် ကွာခြားနေသလဲ စဉ်းစား ကြည့်ကြစမ်း၊ မိမိကိုယ်ကို ချစ်ရမယ်လို့ ဘုရားသခင်က ဟောတယ်၊ ဘယ်ကိုယ်ကို ချစ်မလဲ၊မိမိကိုယ်ကိုငါလို့စွဲလမ်းရင်လဲ **သဏ္ဌာယဒိဋ္ဌိ**တဲ့၊

ကိုင်း-ဒီလိုဆိုလျှင် ဘယ်လို လုပ်ကြမလဲ၊ မိမိကိုယ်ကို ချစ်ရမယ်ဟောတယ်၊ မိမိကိုယ်ကို ငါလို့ စွဲလမ်းလျှင်လဲ သက္ကာယဒိဋ္ဌိတဲ့၊ ဆဲဒါ အာထူး စဉ်းစားဦးဗျိ။

မြတ်စွာဘုရား သခင်ဟာ ကိုယ်တော်တိုင် ကျင့်ပြတယ် မဟုတ်လား၊ မိမိကိုယ်ကို ချစ်လို့ ဦးခေါင်းလှူ မျက်လုံးလှူ အသားလှူ အသွေးလှူ ဆဲဒီလို လှူတာ မိမိကိုယ်ကို ချစ်လို့ဗျိတဲ့၊ ယခုလူတွေ မိမိကိုယ်ကို ချစ်တာက မကောင်းမှုနဲ့ ဖုံကြိုပြီးတော့ အသက်မွေးကြတယ်၊ အချစ်ချင်းတော့ ကွာခြားနေပြီ မဟုတ်လား၊ တကယ်ချစ်အပ်တဲ့ ကိုယ်ကို မြင်ဘို့က ဉာဏ်စခန်း ဖြစ်၍ **ဥဒ္ဓစ္စခန်း** ကို ရောက်အောင် ကြိုးစားကြ အားထုတ်ကြ။

ဘုရားအလောင်း ယုန်မင်းသည် သူ့ကိုယ်ကို သူချစ်သဖြင့် အသက်ကိုစွန့်၍ အသားကိုလှူတာ၊ ဆဲဒီလို ဖြစ်ဖို့ထဲ ခုန်ဆင်းလိုက်တော့ မီးကမလောင်ဘဲကိုး၊ ဒီတော့မှ ယုန်မင်းက 'ဘယ်နဲ့လဲ ပုဏ္ဏားကြီး၊ သင်ရဲ့မီးက ပူလဲမပူပါလား' လို့ ဆိုတော့ ပုဏ္ဏားကြီးက 'ငါပုဏ္ဏားမှ မဟုတ်ဘဲ၊ ဘယ်မီး ပူလိမ့် မလဲ' ဟု ပြောလိုက်တယ်၊ သင် ပုဏ္ဏားမဟုတ်လျှင် ဘာလဲလို့ မေးတော့ ငါသိကြားဘဲလို့ ပြောတယ်၊ ဟင်-သိကြားမင်း ဒါ ဘာလုပ်တာလဲဟု မေးတဲ့အခါ၊ သိကြားမင်းက သင်၏ အဓိဋ္ဌာန်ကို မှန်သလား မမှန်ဘူးလားဆိုတာ ငါစုံစမ်းတာဘဲလို့ပြောလိုက်တယ်၊ ဒီတော့ အလောင်းတော်ယုန်မင်းက 'အိုး....သိကြားမင်း သင်လိုသိကြားမျိုး တယောက်မပြောနှင့် သိကြားတရာ

လာစုံစမ်းတောင် ကျွန်ုပ်အဓိဋ္ဌာန် မပျက်ဘူး'လို့ ပြော တော့ သိကြားမင်းက ကောင်းပြီ၊ အသင်ယုန်မင်း သင် ကိုရဲရဲ့ အဓိဋ္ဌာန်ကိုမြွစွာထားပြီး ကျင့်ကြပါတော့၊ အသင်၏ ရုပ်ပုံကို ကမ္ဘာတည်အောင် **လ,မှာ တံဆိပ် ခတ်ခဲ့မယ်** ဆိုပြီး လ,ထဲမှာ ယုန်ရိပ်ခတ်ခဲ့တာ၊ လ,ထဲမှာရှိတဲ့ ယုန် အရိပ်ဟာ ဘုရားအလောင်း ယုန်မင်းရဲ့ အရိပ်လို့ နိပါတ် ထဲမှာ ဟောထားတယ်၊ အဲဒါ အာဂမသဒ္ဒါနှင့် ပြည့်စုံပုံကို ပြောပြတာ။

သြကပ္ပနသဒ္ဒါ ပဿန္နသဒ္ဒါ ကတော့ ပုထုဇဉ်ပုဂ္ဂိုလ် များး ရနိုင်တဲ့ သဒ္ဒါတဲ့၊ ဘာကွာသလဲဆိုလျှင် သမ္မယုတ် နှင့် ဝိပ္ပယုတ် ကွာတာဘဲ၊ သြကပ္ပနသဒ္ဒါက သမ္မယုတ် သဒ္ဒါ ဉာဏ်နှင့် ယှဉ်တယ်၊ ပဿန္နသဒ္ဒါက ဝိပ္ပယုတ် သဒ္ဒါ ဉာဏ်နှင့် မယှဉ်ဘူး၊ သြကပ္ပန သဒ္ဒါက ယခုဘဝ မှာ မပျက်နိုင်တော့ဘူး မြဲတယ်၊ ပဿန္နသဒ္ဒါက မမြဲဘူး၊ ဖဲ့ပုံပေါ်မှာစိုက်ထားတဲ့ ဒုံတိုဘဲ၊ ခွေးတိုးလဲ လူတိုးလဲ မခိုင်ဘူး၊ ပဿန္နသဒ္ဒါက ဗုဒ္ဓါဘာသာ မှန်ရင် လူတိုင်းလို ဘဲရှိတယ်၊ သြကပ္ပနသဒ္ဒါက လူတိုင်းမှာမရှိဘူး၊ ယခု ဘုရားသာသနာမှာ သြကပ္ပနသဒ္ဒါမျိုးရမှ လူဖြစ်ကျိုးနပ် မယ်၊ ဒါကြောင့် သြကပ္ပနသဒ္ဒါမျိုးရအောင် ကြိုးစားရ မယ်၊ ယခုလို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ကိုယ်တိုင်သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူလာဖျက်ဖျက်မပျက် တော့ဘူး၊ အဲဒါ သြကပ္ပန သမ္မယုတ်သဒ္ဒါ ခေါ်တယ်၊ အရ

ဖြာဘာဟာ ပဓာနငါးချက်က သဒ္ဓါပဓာန-ဘုရားဌာ ယုံကြည်ခြင်းအချက်ဘဲ။

၂။ ကျန်းမာခြင်း

အပ္ပါဗာဓော ဟေ:တိ အပ္ပါတင်္ကော သမဝေ ပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာတိဥဏှာယ မတ္တိ မာယ ပဓာနကွမာယ။

အပ္ပါဗာဓော- အနာကင်းသည်၊အပ္ပါတင်္ကော- ရောဂါ ကင်းသည်၊ ဟာတိ-ဖြစ်၏၊ နာတိသီတာယ- အလွန်မအေးလွန်းသော၊ နာတိဥဏှာယ- အလွန်မပူလွန်းသော၊ မတ္တိမာယ - အခါခပ်သိမ်း မျှတ ညီညွတ်စွာထသော၊ ပဓာနကွမာယ-ကမ္မဋ္ဌာန်းတည်း ဟူသော လုပ်ရပ်လမ်းကို ကြိုးပမ်းအားထုတ် တွင်တွင်လုပ်ခြင်းဌာ ခံ့လှစွာသော။ သမဝေပါကိနိယာ- မျိုး မျိုးသမျှ အာဟာရတို့ကို အညီအညွတ် ကျကျက်စေခြင်းဌာ စွမ်းနိုင်ထသော၊ဂဟဏိယာ- ပါစကဓာတ်မီးနှင့်၊သမန္နာဂတော-ပြည့်စုံ၏။

ယခုလို ဝိပတ္တိဆောင်ကာလအတွင်းမှာ ဤကျန်းမာခြင်းဆိုတဲ့ ဒုတိယအင်္ဂါနှင့် ပြည့်စုံခဲတယ်၊ ယခုလူများရဲ့ ပကတိဝမ်းမီးဟာ ကောက်ရိုးမီး မြက်မှိုက်မီး သစ်ရွက်မီးတို့နှင့်တူကယ်၊ ဤမီးစုဟာ ထနွင့်ဆိုက်လျှင် ရုတ်တရက် တဟုန်တည်း ထပြီးတောက်တယ်၊ အနီးအနားတွင် ဂိုဂို သမျှသော ဝတ္ထုစုကို ခဏခြင်း လောင်းကျွမ်းစေ

တတ်တယ်၊ သေခွင့်ဆိုက်လျှင် ခဏခြင်းအပြီးဖေသတယ်၊ ဒီ ပါစက ခေတ်မီးက ထလွယ် သေလွယ် သောင်းကျန်းလွယ်သည့် အတွက်ကြောင့် ယခုကာလ မကျန်းလွယ်မမာလွယ် အိုလွယ်.သေလွယ် ဖြစ်ကြတယ်၊ အရပ်ဒေသကိုဖေးရှေးရ၊ အစာ အာဟာရကို ရွေးရ၊ ဇရေ ဗြေ,ဥစ္စာ,ကို ရွေးရ၊လုံ့လပယောဂမှကိုတိုင်းထွာရ၊ညာတာကြံရတာ။

ဤပါစကခေတ်မီး မလိမ်မာသည့် အတွက်ကြောင့် ရုပကာယ ခန္ဓာမကြည်လင်ခြင်း မျှားရတယ်၊ ရုပကာယ ခန္ဓာမကြည်လင်သည့်အတွက်ကြောင့် စိတ်မကြည်ဉာဏ်မကြည် ဖြစ်ကြတယ်၊ ဥပမာပြခဲ့တဲ့ကောက်ရိုးမီးဖြက်ဖို့က် မီး သစ်ရွက်မီးတို့၏ ထလွယ် တောက်လွယ်မှု သေလွယ်ပျောက်လွယ်မှုမှာ ကောက်ရိုး ဖြက်ဖို့က် သစ်ရွက်တို့သည် အနှစ်အမာမရှိတဲ့ အတွက် ထလွယ် သေလွယ်ကြတာ။

ပြဆိုခဲ့ပြီးသောပါဠိတော်လာ မဇ္ဈိမခေတ်မီးနှင့် ပြည့်စုံသောသူမှသာ အရပ်ဒေသ ရွေးချယ်ဘွယ်မရှိ၊ အစားအစာကို ရွေးချယ်စရာမလို၊ ရေဥတု,မြေဥတု,လေဥတု တို့ကို ရွေးချယ်စရာ မလိုဘူး၊ မဒ္ဒိမသာ ရောဂါ ဥပဒ်ဖြစ်လောက်အောင်ထကြွသောင်းကျန်းမှု ယုတ်ညံ့နှောက်ကျက်မှုမရှိဘူး၊ အခါခပ်သိမ်း ညီညွတ်မျှတပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် စောင့်ရှောက်သော ခေတ်မီးပေတည်း။

ဒီလိုဝေါဟိုရ်ကို **သမ္ဗုဒ္ဓကာလ**နှင့် တွေ့ကြုံတဲ့အခါ မှာသာ ရကောင်းတယ်၊ **ဝိပဿီကာလ**မျိုးမှာ အလွန်ရခဲတယ်၊ ဂရုဘုန်းကြွေးကံရှိလို့ ဆေးကောင်း ဝါးကောင်း ရရှိမှသာ ညီညွတ်နိုင်မယ်။

"သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ"

နေတွင်ပါဠိတော်။

ဇရာယ-အချိန် အရွယ်ကျလျှင် ဒုက္ခရခြင်း ဇရာတရား၏၊ ပဋိကမ္မံ-မအိုရအောင် ကြိုဆောင် တားမြစ်မှုကို၊ ကာတုံ-ပြုခြင်းငှါ၊ သက္ကတေဝ-တတ်နိုင်ကောင်းသည် သာလျှင်တည်း။

ဤသည့် ပါဠိတော်၌ မအိုရအောင် တတ်နိုင်ကောင်း၏ဟု ဟောတော်မူသဖြင့်မနာရအောင်တတ်နိုင်ကောင်း၏ ဟူသော အနက်သည် တချက်ထည်း ပါနေတော့၏။

ရသာယန ဘေသဇ္ဇပန သုစိရံပိ ကာလံ ဇိဝိတံ ပဝတ္တေတုံ သက္ကောတိယေဝ။ မဟာဋီကာ။

ရသာယန ဘေသဇ္ဇပန-ရသာယန ဆေးမျိုး သည်ကား၊ သုစိရံပိကာလံ-အနှစ် တရာတခန်းမှာ ငါးရာ တထောင် မကသော နှစ်ကာလ ပတ်လုံး လည်း၊ ဇိဝိတံ-အသက်ကို၊ ပဝတ္တေတုံ-တည်စေခြင်းငှါ၊ သက္ကောတိယေဝ-စွမ်းနိုင် တော့သည် သာလျှင်တည်း။

ဤ ရသာယန ဘေသဇ္ဇဆေးမျိုးဟာ အသက်ရှည်စေတတ်သော **အာယုဝဍ္ဎန** ဝေတ်ဆေးမျိုးလို့ ခေါ်တယ်၊

ရှေးဘုန်း ရှေးကံပင် နှည်းသော်လည်း ဉာဏ်စွမ်း ဝိရိယ စွမ်းရှိလျှ၍ ဤ ရသာယန ဆေးမျိုးနှင့် ဒိဒိ ရူပကာယ ခန္ဓာကိုယ် ရုပ်ပြောင်း၍ သွားအောင် တတ်စွမ်း နိုင်ပါ မူကား တရာတမ်းမှာပင် တထောင် တဂ္ဂသောင်းမက နေရသော သတ္တော နှည်းလမ်း အမှန်ဖြစ်တယ်။

အဘိဝါဒန သီလိဿ,
နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ,
အာယု ဝဏ္ဏော သုခံ ဗလံ။

ဤဂါထာက မြတ်စွာဘုရားသခင်၏ အာယုဝဍ္ဎနဆေး တော်ကြီးဘဲ၊ ဤဆေးတော်ကြီးကိုအမြဲမှီဝဲရမယ်၊ ပူဇော် ထိုက်သူ ရှိသေထိုက်သူ ရတနာသုံးပါး ဆရာမိဘ ဂုဏ် ဝုဍ္ဎိ ဝယဝုဍ္ဎိပုဂ္ဂိုလ်တို့အား အမြဲလေးစား ရှိသေသော ပုဂ္ဂိုလ်များ ဘေးရန်ကင်း၍ ဒီဃသက်ရှည်ခြင်းဖြင့် တရား တော်ကို လေးစားစွာ အားထုတ်နိုင်ကြမှာ၊ ကိုယ်စိတ်နှစ် ပါး မချမ်းသာကတရားတော်ကို လေးစားစွာအားမထုတ် နိုင်၊ ကိုယ်လက် ကြံ့ခိုင်မှ တရားတော်ကို အားထုတ် နိုင်ကြမှာ၊ ဒါကြောင့် ကျန်းမာခြင်းပဓာနနှင့် ပြည့်စုံဘို့လဲ အရေးကြီးလှပါတယ်။

၃။ စိတ်နှလုံးပြောင့်စင်းခြင်း

အသဒ္ဓော ဟောတိ အမာယာဝီ၊ ယထာဘူတံ အတ္တာနံ အာဝိ ကတ္တာ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု။

အသင္ဂေါ-မစဉ်းလဲဘဲညည်၊ အမာယာဝီ-လှည့်ပတ်ခြင်းမရှိသည်၊ ဟောတိ-ဖြစ်၏၊ သတ္ထုရိဝါ-ဂါဘုရားဌ္ဌေ သော်၎င်း၊ ဝိညူသု-ပဝိတ်တရား ကျွန်းဂန် အမြင် သန်ကုန်သော၊ သဗြဟ္မာစာရီသုဝါ-အတူနေ သီဘင်း သုံးဘော်တို့ဌ္ဌေ သော်၎င်း၊ အတ္ထဂဒေါနံ-ပိပိကိုယ်ကို၊ ယသာဘူတံ-ဟုတ်မှန်သော အတိုင်း၊ အာဝိကတ္တာ - ထင်စွာ ပြုတတ်သည်၊ ဟောတိ-ဖြစ်၏၊

ပိပိ၏ စိတ်သန္တာန်ဌ္ဌိသော မကောင်းသော အကြံအစည်ဝါသနာစရိုက် ကောင်းသောအကြံအစည်ဝါသနာစရိုက်တို့ကို မထိမဲမချန် ဖြောင့်မတ်စွာ လင်းရမည်၊မသိဘဲနှင့် အသိလုပ်ချင်မှု မမြင်ဘဲနှင့် အမြင် လုပ်ချင်မှု အနည်းငယ်ခန့် သိသည် မြင်သည်ကို အများလုပ်ချင်မှု အသိဉာဏ်မပါဘဲကို အပါလုပ်ချင်မှု ဒီလိုကောက်ကျစ်မှုကို အနည်းငယ်မျှ မရှိစေရဘဲ ဖြောင့်စင်း ပြုစင်သော စိတ်နှလုံးရှိရမယ်လို့ ဆိုလိုတယ်။

၄။ ဝိနိယ ထက်သန်ခြင်း

အာရဒ္ဓဝိရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

အကုသလာနံ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-ယုတ်မာသော တရားတို့ကို၊ ပဟာနာယ-ပယ်ပျောက်ခြင်းငှါ၊ ကုသလာနံ-ကုသိုလ် ဖြစ်ကုန်

သော၊ဓမ္မာနုံ-စင်ကြယ် ကောင်းမြတ်သော တရား တို့ကို၊ဥပသမ္မဒါယ-ပြည့်စုံစေခြင်းငှါ၊ အာရဒ္ဓဝိရိ ယော-အမြဲမပြတ် အားထုတ် အပ်သော ဝိရိယ၌ သည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ထာမဝါ ထက်သန် သော စိတ်စွမ်းကိုယ်စွမ်းရှိ၏၊ ဒဠှပရက္ကမော-အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏၊ ကုသ လေသုဓမ္မေသု-ကုသိုလ်လေးပါးဖြတ်တရားတို့၌၊ အနိက္ခိတ္တဓုရော-အခါခပ်သိမ်း မချသောဝန်ရှိ၏။

ဝိပဿနာလုပ်ငန်းမှာ အဲဒီ ဝိရိယ အရေးအကြီးဆုံးဘဲ၊ **ဗောဓိပက္ခိယ** သုံးဆယ့် ခုနစ်ပါးတို့တွင် ဝိရိယသည် ကိုး ဌာနလောက် တပ်ထားတယ်၊ သမ္မပ္ပဓာန်လေးပါး, ဝိရိ ယိဒ္ဓိပါဒ်, ဝိရိယိန္ဒြေ, ဝိရိယဗိုလ်, ဝိရိယသမ္ဗောဇ္ဈင်, ဝိရိယ မဂ္ဂင်, တဲ့၊ ဘာကို အားထုတ်ရမလဲ ဆိုလျှင်—

ပါဠိတော် အလိုက

မကောင်းမှု အကုသိုလ် မှန်သမျှ အလုံးစုံ ပယ်ဘို့ကို ဝိရိယနှင့်အားထုတ်ရမယ်၊ကုသိုလ်ကံမျှားကို မရရအောင် လုံ့လဝိရိယ မလျှော့ဘဲ အားထုတ် ရမယ်၊ ကုသိုလ် လေးပါး အမျိုး တရားကို ဘယ်တော့မှ ဝန်မလျှာဘဲ အားထုတ်ရမယ်တဲ့၊

ဒီ ကုသိုလ်လေးပါး အမျိုးတရားကို ဘယ်တော့မှ ဝန်မလျှရဘူးဆိုလျှင် ဘယ်ကုသိုလ်ကို ယူမှာလဲဆိုတော့

ဝိရိယနှင့် ဆိုင်တဲ့ သမ္မပ္ပဓာန် လေးပါးဘဲ ထွေတယ်၊ အဲဒီ သမ္မပ္ပဓာန် လေးပါးက-

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမော၊
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယမော၊
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယမော၊
ဥပ္ပန္နာနံ ကုသလာနံ ဘိယ္ယောဘာဝါယ ဝါယမာမော။

ဖြန်မာလိုအဓိပ္ပါယ်ကတော့

ဖြစ်ပြီးသောအကုသိုလ်ကို ပယ်ရမယ်၊
မဖြစ်သေးသော အကုသိုလ်ကို နောက်ထပ်မပြုရ
အောင် အားထုတ်ရမယ်၊
မရဘူးသေးသော ကုသိုလ်ကို ရအောင်ရှာရမယ်၊
ရပြီးသော ကုသိုလ်ကို လက်မလွှတ်ဘဲ လွန်စွာ
ပွါးရမယ်။

အဲဒီလေးပါးဟာ **ဝီရိယ**ချည်းဘဲ၊ ဒီ လေးပါးထဲက ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်လို့ ဟောထားတော့ ဒီ ဖြစ်ပြီးသော အကုသိုလ်ကံ ပေါင်းက နံတာမဟုတ်ဘူး၊ လွန်ပြီးသော **အတိတ်**ကာလက ပြုခဲ့ဘူးတဲ့ အကုသိုလ် ကံတွေဟာ ကာယကံနှင့် စပ်တဲ့ အကုသိုလ်, ဝစီကံနှင့် စပ်တဲ့ အကုသိုလ်, မနောကံ နှင့် စပ်တဲ့ အကုသိုလ်, အပါယ်လေးပါးကို တကယ်တမ်း ကျမဲ့ အကုသိုလ်မျိုးကို လွှနှင့် လွဲနှင့် သဘော်နှင့် တင်လို့ကို မကုန်နိုင်ဘူး၊ အဲဒီ အကုသိုလ်ကံတွေဟာ အခွင့်မကြုံလျှင်နေ အခွင့်ကြုံခဲ့ရင် စိတ်ချ အပါယ် လေးပါးကို မုချမလွဲ

တွန်းကြမဲ့ အကုသိုလ် ကံတွေဘဲ၊ ဘာကြောင့်လဲဆို လျှင် ဘုရားသခင်ကိုယ်တော်မြတ်က "အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ"လို့ ဟောထား တယ်၊ အကုသိုလ် မှန်လျှင် အပြစ်နှင့် တကွ မကောင်းကျိုးကို ဖေကန်ပေးမှာဘဲ။

ဒီလို ဆိုလျှင် ယခုဘိသမျှ လူတွေ နတ်တွေ ဗြဟ္မာတွေ ဟာ အကုသိုလ်ကံ တန်းလန်းနှင့်သာ နေကြမယ်ဆိုလျှင် ဘယ်နည်း နှင့်မျှ အပါယ် လေးပါးက မလွတ် နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အရေးတကြီး ဖြစ်ပြီးသော အကုသိုလ်ကံကိုပယ်လို့ ဟောတာ၊ကောင်းပြီ အကုသိုလ် ကံကို ဘာနှင့်ပယ်ကြမလဲ၊ ဒါနကုသိုလ် ကံနှင့်ကော ပယ်နိုင်ပါ့မလား၊ သို့မဟုတ် သီလ ကုသိုလ်ကံ နှင့်ကော ပယ်နိုင်ပါ့မလား၊ သမထ ကုသိုလ်ကံနှင့်ကော ပယ်နိုင် ပါ့မလား၊ စဉ်းစားကြည့်၊ ဘယ်နည်းနှင့်မှ မပယ်နိုင်ဘူး၊ ဘာ့ကြောင့်လဲ ဒါနဆိုတဲ့ ကုသိုလ်ကံကို လူ့ပြည်က ဖြတ်ပွားပြည် ထိအောင် စုပုံ၍ ပေးလှူသော်လည်း ဖြစ်ပြီး သောအကုသိုလ် မပယ်နိုင်ဘူး၊ သူ၏သတ္တိက လူချမ်းသာ နတ်ချမ်းသာကိုတော့ ဖေကန်အကျိုးပေးမယ်၊ ဤကုသိုလ် အဂိုနိုကုန်လျှင် အပါယ်ဘဲ ကျမှာဘဲ၊ ကောင်းပြီ သီလကို လဲဝါ့မ်းကဲ့သို့ အညစ်အကြေး မတင် စင်ဖြူအောင် စောင့်၊ သူကလဲလူ့ချမ်းသာ နတ်ချမ်းသာဘဲ အကျိုးခံစား ရမယ်၊ ဖြစ်ပြီးသောအကုသိုလ်ကို မပယ်နိုင်ဘူး၊ သမထ ကုသိုလ်ကကော သမထကုသိုလ်ပြုလို့ ဈာန်အဘိညာဏ်

တွေ့ရပြီး ဇာတ်ပွဲဖြည့်ကိုပင် လားရစေကာမူ ဖြစ်ပြီးသော အကုသိုလ် ကံကို မပယ်နိုင်ဘူး၊ ဒီ အကုသိုလ်ကံကို မပယ်နိုင်သမျှ တနေ့ အပါယ် လေးပါးကို ကျမှာဘဲ၊ ဒါကြောင့်ဘုရားသခင် ကိုယ်တော်မြတ်က-

ဥက္ခိတ္တာ ပုညတေဇေန,
ကာမ ရူပဂတိံ ဂတာ၊
ဘဝဂ္ဂမ္ပိ သမ္ပတ္တာ,
ပုန ဂန္ဆန္တိ ဒုဂ္ဂတိံ။

ဓမ္မပဒယဝိဘင်း ပါဠိတော်။

ပုညတေဇေန-ဒါန သိလ သမထ ဟူဆိုအပ် သော ကုသိုလ်ကောင်းမှု အဟုန်သည်၊ ဥက္ခိတ္တာ-မြောက်တင်အပ်သည် ဖြစ်သောကြောင့်၊ ကာမ ရူပဂတိ-လူ့ပြည်နှတ်ရပ် မြတ်သော ဇာတ်ပွဲပြည် သို့၊ ဂတာ-ရောက်နေသော သူတို့သည် ဂုဏ်း၊ ဘဝဂ္ဂမ်-အထက်ဘဝဂ်သို့၊ သမ္ပတ္တာဒိ-ရောက်ကုန် ပြီးသော ဇာတ်ပွဲကြီးတို့သည်ဂုဏ်း၊ ပုန-တဖန်၊ ဒုဂ္ဂတိ-ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် လေးပါးသို့၊ ဂစ္ဆန္တိ-တဖန် ရောက်ကြပြန်သေး၏။ ထို့ကိုရည်၍-

ဒီဠိမက္ခာ၊ ပုဂ္ဂိုလ်မှာကား၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဗျား ဇာတ်မှာ၊ ဖြင့်တုံဂါလည်း၊ ခန္ဓာ ပြိုကွဲ၊ ကုသိုလ် စကာ၊ ဖေါက်လွဲ ပါယ်ရွာ၊ ရောက်မြဲ ကာတည်း၊ ဟူစပ်ဆို တော်မူထားလေသည်။

အဲဒါ စဉ်းစား နှုလုံးသွင်း ကြည့်လိုက်မယ် ဆိုလျှင် ဘယ်လို ဒါန ကောင်း သိလ ကောင်း သမထ ကောင်းဘဲ ဖြစ်ဖြစ်ဖြစ်ဖြိုး သောအကုသိုလ်ကံကိုမပယ်နိုင်ကကုသိုလ် ကံ အခိုင်နကုန်လျှင် ငေကန်အပါယ်သို့ ကျမှာဘဲ၊ဘာနှင့် ဥပမာ ပြသလဲဆိုလျှင်-

အားရှိသော ယောကျ်ားသည် ဒုတ် ကျောက်ခဲ စသည်ကို အားရှိသလောက် ကောင်းကင်ကို ပြောက်ပစ် လိုက်တဲ့အခါ အားအခိုန်ကောင်းတုန်း ကောင်းကင်သို့ တက်သွားနိုင်တာ၊ အခိုန်ဆေသလျှင်ပြေသို့ ငေကန်သက်ဆင်း ကျရောက် သလို ကုသိုလ်အခိုန် ကောင်းတုန်းသာ လူ့ပြည် နှတ်ပြည် ငြဟ္မာ့ပြည်သို့ ရောက်နိုင်တာ၊ကုသိုလ် အခိုန်ကုန်လျှင် အမြဲတန်း ငရဲသို့ ကျကြောင်းကို ဘုရား သခင်ကိုယ်တော်တိုင် ဟောတော်မူတာ။

ယခု ကိုယ်ပိုင် ဉာဏ်နှင့် စဉ်းစားကြည့်ဘို့က ကမ္ဘာ ဒီးလောင်၍ ကမ္ဘာပျက်ခန်းမှာကြည့်၊ ဒီး,က ခုနစ်ကြိမ် ရေ,ကတကြိမ် ခုစ်ကြိမ်ဖြောက်မှာ လေ,တကြိမ်၊ အဲဒီ လို ကမ္ဘာပျက်တဲ့အခါ ဒီး,ဖျက်တဲ့ ကမ္ဘာမှာ ပဌမစျာန် သုံးဘုံ ကုန်အောင် လောင်တယ်၊ ရေ,ဖျက်တဲ့ ကမ္ဘာမှာ ဒုတိယစျာန်သုံးဘုံကုန်အောင် လောင်တယ်၊လေ,ဖျက်တဲ့ ကမ္ဘာမှာ တတိယစျာန်သုံးဘုံအထိ လောင်ကယ်၊ ဒီလို ကမ္ဘာပျက်တဲ့အခါမှာ ငရဲပြည် လူ့ပြည် နှတ်ပြည် ငြဟ္မာ့ပြည် မှာကောင် ကိုး,ဘုံ တိုင်အောင် ပျက်စီး လောင်ကျွမ်းသဖြင့် ယခု ပွေ့ဖိုနေရတဲ့ ငရဲသူသတ္တဝါ

လူနှတ်တွေဟာ ဘယ်ကို ရောက်နေကြတာလဲ ဆိုလျှင် ငြိဟ္ဗာကြီးတွေ ဖြစ်နေကြတာပေါ့၊ တဖန် ကမ္ဘာတည်လာမှ နှတ်ပြည် လူ့ပြည် ငရဲပြည်သို့ ရောက်ကြရတာ၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်က ဖြစ်ပြီးသော အကုသိုလ်ကံ မပယ်နိုင်က အပါယ်လေးပါးကို စိတ်မချရဘူးလို့ ဟောတာ၊ ကောင်းပြီ၊ ဒါဖြင့် ထိုဖြစ်ပြီးသော အကုသိုလ်ကံကို ဘာနှင့်ပယ်မလဲ။

(၇-ရက်စခန်း ပဌမပိုင်းမှာ သမ္မပ္ပဓာန်လေးပါးဖြင့် ရှင်းခဲ့ပြီ)

ကျမ်းစာအရ သမ္မပ္ပဓာန် လေးပါးရှိလို့သာ လေးပါးပြောတာ၊ သဘောအားဖြင့် နှားလည်လျှင် တချက်ထည်းနှင့် ပြီးနိုင်တယ်၊ ပြီးနိုင်ပုံမှာ **အဲဒီ** သမ္မပ္ပဓာန် လေးပါးထည်းက—

မရဘူးသေးတဲ့ကုသိုလ်ကိုရအောင် အားထုတ်ရမယ်တဲ့၊ ဇောင်းပြီ မရဘူးသေးတဲ့ကုသိုလ်က ဘာလဲ၊ ဒါနလဲပြုခဲ့ဘူးလျှပြီ၊ သီလလဲ အခါခါ စောင့်ထိန်းခဲ့ဘူးလျှပြီ၊ သမထဆိုတာတော့ မပြောနှင့်တော့ ဗြဟ္မဝိုဟာပြည်ကို အခါခါ အခေါက်ခေါက် ရောက်ခဲ့ကြရပြီ၊ ဒါဖြင့် မပြုဘူးသေးတဲ့ ကုသိုလ်က—

အနုတ္တလက္ခဏံ ဝိနာ၊ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။

နဝကနိပါတ်။

ဗုဒ္ဓုပ္ပါဒါ- ဘုရားပွင့်သော ခေတ်ကာလကို၊ ဝိနာ-ကြဉ်၍၊ အနုတ္တလက္ခဏံ- အနုတ္တလက္ခဏာကို၊ နပညာယတိ-မသိမမြင် မထင်နိုင်ချေ။

ဘုရားပွင့်တဲ့ သာသနာ ခေတ်အတွင်းကို ချန်လှပ်၍ သာသနာပ အခါကာလမှာ ဘယ်တော့မှ မမြင်ကောင်း မတွေ့ကောင်းတဲ့ တရားဟာ **အနုဗ္ဗာကုသိုလ်** လို့ မှတ်၊ ကောင်းမြို့ အနုတ္တ ကုသိုလ် တွေ့တာနှင့် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်ရော့လားလို့ မေးဘွယ် ရှိနေတယ်၊ ဟုတ်တယ် အနုတ္တကို ဝိဇ္ဇာဉာဏ်နှင့် ဒမမှန်သိရင် အကုသိုလ်ကို ပယ်နိုင်တယ်၊ ဘယ်လို ပယ်နိုင်သလဲ ဆိုလျှင် သေသေချာချာမှတ်၊ အနုတ္တကို တွေ့တာက ဝိဇ္ဇာ၊ အနုတ္တကို မတွေ့၍ အတ္တလို့ စွဲနေတာက အဝိဇ္ဇာ၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာ ရှင်းရှင်းမှတ်ထား၊ အဝိဇ္ဇာက အမှောင်ခေတ်၊ ဝိဇ္ဇာက အလင်းခေတ်၊ အမှောင်နှင့် အလင်း ဥပမာ၊ အဝိဇ္ဇာမှောင်ဟာ ဘယ်မျှလောက် ကြီးသလဲဆိုလျှင်-

> ''သန်းခေါင်လကွယ် တောအုပ်လယ်၌ ရှစ်နယ် ပတ်ကုံး အပြည့်ဖုံးသည့် မိုးစင်းလုံးတိမ်တိုက် လျှပ်မကြိုက်သား အဓိက်အပြား ဤလေးပါး ထက် နင်ကားရာထောင် မက မှောင်ဏီ'' တဲ့။

လကွယ်နဲ့ ညှ သန်းခေါင် အခါ တရဲနက်သော တောအုပ်အလယ် မိုးစင်းတိမ် ဖုံးအုပ်နေကဲ့အခါ ဒီအင်္ဂါ လေးပါးနှင့်ပြည့်စုံသောအဓိက်မှောင်က နှည်းသေးတယ်၊ ထိုအမှောင်ထက် **မောဟအဝိဇ္ဇာ**မှောင်က ကြီးဘယ်တဲ့၊ ဘဲဒီအမှောင်ကို အသင်းရောင် ဝိဇ္ဇာဉာဏ်က အမှန်ပယ် ပျက်နိုင်တယ်၊ အဝိဇ္ဇာကို ဝိဇ္ဇာက ပယ်တာတော့

သဘောကျပြီ၊ ဖြစ်ပြီးသော အကုသိုလ် ပယ်တာက ဘယ်လိုလဲဆိုလျှင်-

(၇-ရက်စခန်း ပဌမပိုင်းမှာ ပယ်ပုံဥပမာနှင့်တကွ ရှင်းခဲ့ပြီ)။

မရတွေးသေးသော ကုသိုလ်ကို ရလို ဖြစ်ပြီးသော အကုသိုလ်ကံတွေကို ပယ်နိုင်တယ်ဆိုတာ သဘောကျလောက်ပြီပေါ့။

မဖြစ်သေးတဲ့ အကုသိုလ်ကို ပယ်ရမယ် ဆိုတော့ ပြုဆဲ ပြုလတ်ဖြစ်တဲ့ အပါယ်ကျကြောင်း အကုသိုလ်ကာယကံ, ပစိကံ, တွေကို ဘယ်လို ပယ်မလဲဆိုလျှင် ဟုတ်တယ် ယခု ဝိဇ္ဇာညာဏ်နှင့်တွေ့တဲ့ အနတ္တကုသိုလ်ဟာ အမှန်သာ ဟုတ်ပါစေ၊ အနတ္တတူ အနတ္တယောင် မဟုတ်ဘူးနော်၊ တကယ်အစစ် ဝိဇ္ဇာအနတ္တကို ပြောတာ၊ အနတ္တအစစ်သာမှန်ရင် အပါယ်ကျကြောင်း အကုသိုလ်ကံမျိုးကို နင်ပြုလျှင်ပြု၊ မပြုလျှင် နင့်ကို သတ်မယ်လို့ ဂုတ်ပေါ်က ခေးမိုးပြီး ခြိမ်းချောက်ကြည့်၊ မိမိအသက်သာ အသေခံသွားမယ်၊ ဘယ်နည်းနှင့်မျှ အပါယ်ကျကြောင်း အကုသိုလ် ကံမျိုး မကျူးလွန်ဘူး ဆိုတာ ဝါထစ်ချမတ်ပါ။

ခန္ဓာကို

ထင်ရှားစေဖို့။ ဘုရားသခင်လက်ထက်တော် အခါက သာမာဝတီမိဖုယားရဲ့ ကျွန်မ **ခန္ဓာကို** ဟာ သာမာဝတီ မိဖုယားအား နေ့စဉ်နေ့တိုင်း ပန်းဝယ်ပြီး ဆက်သရတယ်၊ နေ့စဉ် ရှစ်သပြာ

သော ငွေကို ပေးသော်လဲ လေးသပြာဘိုးသာ လျှင် ဝယ်၍ ပန်းများ ဆက်သနေစဉ်၊ တနေ့သ၌ သုမန ပန်းသည်အိမ်ကို ပန်းဝယ်သွားရင်း ဘုရား သခင် ကိုယ်တော်မြတ် တရားဟောနေတာနှင့် ကြုံကြိုက် ပါသဖြင့် တရားတော်များကို နာယူ မှတ်သားရတဲ့အခါ **အနုဇ္ဇာလင်္ကာရာ** ကို ဝိဇ္ဇာ ဉာဏ်ဖြင့် ထိုးထွင်း၍ ဝေဖြင်သွားတယ်။

အဲဒီတရားတော်များကိုနာယူပြီးတဲ့နောက် ပန်းများကို ရှစ်သပြာဘိုးလုံးပင်ဝယ်ယူပြီးတော့ သာမာဝတီဓိဖုယားအား ဆက်သတဲ့အခါ နေ့ကိုင်းထက် ပန်းများ ပိုမိုပါလာသည့် အတွက်ကြောင့် သာမာဝတီဓိဖုယားက ခုဇ္ဇုတ္တရာအား 'ဟဲ့-ခုဇ္ဇုတ္တရာ နင့်ပန်းတွေက နေ့တိုင်းနှင့်မတူကနေ့ များလှပါကလား၊ ပန်းသည်က နင့်ကို မေတ္တာရှိလို့ ပိုပေးလိုက်ထာလား' လို့ မေးတော့ ဒီနေရာမှာ ခုဇ္ဇုတ္တရာ ပြန်ပြောပုံကို စဉ်းစားကြည့် 'ဘာ ဟုတ်မလဲ သခင်မ နေ့တိုင်း နေ့တိုင်း သခင်မရဲ့ ပန်းဘိုးကို တဝက် တဝက် ဖြတ်၍ အမြဲပင် ဒိုးပြီးသုံးစွဲခဲ့တယ်၊ ကနေ့တော့ ဘုရား သခင်ရဲ့ တရားတော်ကို နာကြားရရှိခဲ့ရတဲ့အတွက် မိုး တော့ဘဲ ရှစ်အသပြာဘိုးလုံး အပြည့်ဝယ်ခဲ့လို့ ပန်းတွေများလာပါတယ်'ဟု ပြန်ပြောတယ်၊ ဒီနေရာမှာ မုသားပြောလဲဖြစ်ထာပေါ့ မပြောဘူး၊ ဘုရားသခင်ရဲ့ တရားတော်ကို နာရတော့ အနုတ္တရိဇ္ဇာဉာဏ် ထင်ပြင်လာတဲ့ အတွက် **ဌေစားမှုကြီး**ကိုပင် ရဲဝံ့စွာ ဝန်ခံလိုက်တယ်၊ သတ်မှာလဲ

မကြောက်တော့ဘူး၊ အဲဒါသာ တွေးကြည့်၊ ဒီတော့ သာမာဝတီ မိဖုရားကလဲ ဟိရဏိရင့်ပြိုး ပုဂ္ဂိုလ် ဖြစ်လေတော့ စိတ်မဆိုးတဲ့ပြင် 'ခုဇ္ဇုတ္တရာ- ဒီလိုဆိုလျှင် သင်နာယူခဲ့ရတဲ့ ဘုရားသခင်ရဲ့ တရားတော်ကို တဆင့် ပြန်ပေါ်ပြပါလို့ ဆိုတော့ ကောင်းပြီ ဟောပါ့မယ်လို့ ဝန်ခံလိုက်တယ်ဆိုလျှင်ဘဲ သာမာဝတီမိဖုယားက ခုဇ္ဇုတ္တရာအား ကောင်းမွန်စွာ နှံသာရေမျိုး ချိုးစေပြီး အဝတ်တန်ဆာတွေ ဆင်မြန်းလို့ မြင့်သော နေရာမှာ ထိုင်စေလျက် သာမာဝတီနှင့် တကွ ငါးရာသော မောင်းမအပေါင်းဟာ ခုဇ္ဇုတ္တရာထံမှ တဆင့် ဘုရားသခင်ရဲ့ တရားတော်ကို နာယူကြရတယ်၊ ခုဇ္ဇုတ္တရာက တရားတော်ကို ပြန်ပြီးဟောပြလို့ နာယူရတော့ သာမာဝတီနှင့် တကွ ငါးရာသော မောင်းမအပေါင်းဟာ အကုန်လုံးပင် အနုတ္တ ဝိဇ္ဇာဉာဏ် ထင်ပြင်လျက် အရိယာ ဖြစ်ကုန်ကြတယ်။

အဲဒီ သာဓကကို ကြည့်ပြီး အနုတ္တ ဝိဇ္ဇာ ဉာဏ်သာ ထင်ပြင်ပါစေ၊ ဖြစ်ပြီးသော အကုသိုလ် ကံတွေကိုလဲ ပယ်နိုင်တယ်၊ နောက်ထပ်လဲ အပါယ် ကျကြောင်း အကုသိုလ်ကို မပြုရဲတော့ဘူး၊ ရပြီးသော ကုသိုလ်ကို လွန်စွာပွါးခြင်း ဆိုတာမှာလဲ စိတ်ချ၊ဒီ ကုသိုလ်မမှန်ဘူး မပွါးနှင့်လို့ ဝေးမိုးထားတောင် ဘယ်တော့မှ မရဘူး၊ အမြဲ ပွါးနေမယ်ဆိုတာ မှတ်ထား။ ဒါကြောင့် ဝိရိယ, ဟာလဲ အလွန် အရေးကြီးတဲ့ ပဓာနတရပ်ပါဘဲ။

၅။ ဥာဏ်ဂါရုဏ်ခြင်း ပညာပဓာန

ပညဝါ ဟောတိ ဉဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ပညဝါ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏၊ ဉဒယတ္ထ ဂါမိနိယာ- ဝိဝိဓနွာ သုတပါး ဓနွာတို့၌ ရပ်တရား နာမ်တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်၍နေမှ ခဏမစဲ တသဲသဲချုပ်ကွယ်၍ နေမှုတို့ကို အမှီလိုက်နိုင်စွာထသော၊ အရိယာယ- ပုထုဇဉ် သာမန် လူသာမန် နတ်သာမန် တို့နှင့် မတန်မရာ မွန်မြတ်စွာထသော၊ နိဗ္ဗေဓိကာယ-ကျောက်အတိပြီးသော တောင်အထွဋ် တောင်အထုတို့ကို မှုန်မှုန် ညက်ညက် ဂုက်ဂုက် ဂဲဂဲ ဝက်ဝက်ခွဲနိုင်သော ဝရဇိန်မိုးကြိုး၏အလားကဲ့သို့ရပ်ခဲနာမ်ခဲ ဓနွာခဲတို့ကို ရုက်ရုက် ဂဲဂဲ ဝက်ဝက် ခွဲနိုင်သော အစွမ်းလည်း ရှိထသော၊ သမ္မာ- မဂ္ဂဇ်မယွင်း၊ ဒုက္ခက္ခယ ဂါမိနိယာ-ဝဋ်ဒုက္ခ၏ ကုန်ရာစဓနိုးသို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းဖြူပိုင်ပိုင် ဆိုက်ရောက် နိုင်စေထသော၊ ပညာယ- ဉာဏ်ပညာအထူးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏။

ဤ ပဓာန အင်္ဂါ ၅-ပါးတို့တွင် ယခုပြမဲ့ ပဉ္စမ ပညာပဓာနမှာ ယောဂီ ပုဂ္ဂိုလ်များအတွက် လိုရင်းဖြစ်တယ်၊ ဒီပညာမျိုးနှင့် မညီမညွတ်နှင့် ဘယ်နည်းနှင့်မျှ ဝိပဿနာဉာဏ်အစစ် မရနိုင်ဘူး၊ အတုအယောင်မျှဘဲ ဖြစ်မယ်၊

ကျမ်းဂန်အဓိပ္ပါယ်နှင့် ပိဒိကိုယ်တွေ့ကိုက်ကြည့်၊ ''ပညဝါ-ပညာရှိသည်၊ဟောတိ-ဖြစ်၏''တဲ့၊ အဲဒါဘယ်ပညာမျိုးလဲ လောကမှာသုံးစွဲနေတဲ့ ပညာတွေက အိုင်အိုင်အီအေ စသည့် ပညာမျိုးတွေအနန္တဘဲ၊ ဒီ ပညာတွေဟာ အစစ်မဟုတ်ဘူး၊ ပညာ အစစ်က-

'ပညိန္ဒြေယေန-အနိစ္စ အစရှိသော အစွမ်းဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ထိုသို့သိခြင်းဌိအဝိုးရခြင်း လက္ခဏာရှိသည့်၏အဖြစ်ကြောင့် ပညိန္ဒြေအမည် ရှိသော အဓိပ္ပာယ်ဟူ၏' တဲ့။

အဲဒါမှ ပညာစစ် ဖြစ်တယ်၊ ကောင်းပြီ ဒီအနိစ္စလက္ခဏာစစ်ဖြစ်တဲ့ ပညာကို ဘယ်က ရမလဲ၊ သေသေချာချာကြည့်၊ 'ဥဒယဗ္ဗယဂါမိ နိယာ - ပိဒိဓန္ဓာ သုတပါးဓန္ဓာတို့ ဌ ရုပ်တရား နာမ်တရားတို့သည် ခဏမစဲတသဲသဲဖြစ်ပေါ်၍နေမှု၊ ခဏမစဲတသဲသဲ ချုပ်ကွယ်၍နေမှုကို အဖိုလိုက်နိဂ်စွာထသော' ပစ္စုပ္ပန်သက်သက် ပိဒိဓန္ဓာ အတွင်းမှာရှိတဲ့ ရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ်တွေဟာ ခဏမစဲ အမြဲတမ်းဖြစ်ပျက်ပြီးနေတာကို ကိုယ်တိုင်မတွေ့သမျှ ဘယ်နည်းနှင့်မှ အနိစ္စဆိုတဲ့ တရားကို မသိဘူးလို့ဆိုတာ တထစ်ချ မှတ်သားဘို့ဘဲ။

ပိဒိကိုယ်မှာ တကယ် ဖြစ်ပျက်နေတဲ့ ဥဒယဗ္ဗယကို သိနေလျှင် သက်ရှိသက်မဲ့ အလုံးစုံ ရုပ်တုံး ရုပ်ခဲ ဟူသမျှ ပိဒိကဲ့သို့ ဖြစ်ပျက်နေတယ် ဆိုတာ မုချ သိနိုင်တယ်၊

အဲဒီလို ကိုယ်တိုင်မသိဘဲ ဥဒယဗ္ဗိယညာဏ်ကို မရဘူး၊ဥဒယဗ္ဗယညာဏ်ကို မရဘဲနှင့် အနိစ္စ သိပါတယ် ဆိုတာ ဘယ်နည်းနှင့်မျှ မဟုတ်နိုင်ဘူး၊ အဲဒီလို ဥဒယဗ္ဗယညာဏ် မှသာလျှင် ပညာအစစ်ဖြစ်တယ်၊ ကောင်းပြီ ဒီ ပညာမျိုးကို ဘယ်လို ပုဂ္ဂိုလ်မျိုးမှ ရမလဲဆိုလျှင် ပါဠိတော် အလိုက **အရိယာ** တဲ့၊ အရိယာပုဂ္ဂိုလ်မျိုးမှ ရမယ်၊ ဒါကြောင့် 'အရိယာယ-ပုထုဇဉ်သာမှန်လူသာမန် နတ်သာမန်တို့နှင့် မတန်မရာမွန်မြတ်စွာထသော' တဲ့၊ ကိုင်းသေသေ ချာချာ စဉ်းစားကြည့်၊ ဖြစ်ပျက် ဖြစ်ပျက် နေတဲ့ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ပုထုဇဉ် သာမန် လူသာမန် နတ်သာမန် ဗြဟ္မာသာမန် မမြင်နိုင်တဲ့ ဓာတ်ကရားတွေ အလွန်သိမ်နေမှတာ မလွယ်ဘူး၊ ဒီလိုရုပ်ဓာတ်နှင့်နာမ်ဓာတ်တွေဖြစ်ပျက် ဖြစ်ပျက်နေတာ ဘယ်လိုထိအောင် သိရမလဲ ဆိုလျှင် **နိဗ္ဗေဓိကာဃယ**တဲ့၊ အဲဒါ ဥပမာနှင့်ပြတာ မြန်မာလိုဆိုလျှင် ကျောက်အုတ်ပြိုးသော တောင်အထွဋ်တောင်အထုတို့ကို မှုန့် မှုန့် ညက် ညက် ရက် ရက် ဖဲ့ ဖဲ့ ဝက် ဝက်ခွဲနိုင်သော ဝရဇိန်မိုးကြိုး အလားကဲ့သို့ တဲ့၊ ဝရဇိန်လက်နက်ဟာ ကျောက်တောင်ကြီးကို ပစ်ချလိုက်လျှင် မှုန့်မှုန့် ညက် ညက် ကျွံသွားတာလို ယောဂီပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ဟာ ဦးခေါင်းက အစ ခြေဖျားတိုင်အောင် အာရုံပြုလိုက်လျှင် တကိုယ်လုံး ဘယ်နေရာမှာမှ ခိုင်မြဲတာ မရှိဘဲ ခဏမစဲ ဖြစ်ပျက် ဖြစ်ပျက် နေတာကို တွေ့ရမယ်တဲ့။

အဲဒီလိုတွေ့လျှင် ဘာဖြစ်မလဲ စိတ်ချပေတော့တဲ့ ပါဠိတော်က **သမ္မာ** တဲ့၊ သမ္မာဆိုတာ အဓိပ္ပါယ်က မချွတ်မယွင်းတဲ့၊ ဘာမချွတ်မယွင်းလဲဆိုလျှင် ဖြေကြီးလက်ဝါးနှင့်ပုတ် လွဲ,လွဲမသာ၊ မုချမလွဲတော့ဟု ဆိုတာ ဘယ်လိုဟာ မလွဲရမှာလဲဆိုလျှင် **ဒုက္ခက္ခယ ဂါမိနိယာ**တဲ့၊ အဲဒီ ဒုက္ခက္ခယ ဂါမိနိယာ ဆိုတာက ဒုက္ခ၏ကုန်ရာ စခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းဖြူပိုင်ပိုင် ဆိုက်ရောက်စေနိုင် ထသော်လို့ ဆိုတယ်။ အဲဒါဘာလဲ-လောကမှာ ဒုက္ခဆိုတဲ့တရားအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန် ဆိုတဲ့ အမြိုက်တရားကို ဖောနမလွဲဘဲ ရတော့မယ်လို့ဆိုတာ၊ ဒါကြောင့် 'ပညာယ- ဉာဏ် ပညာအထူးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏'တဲ့၊ ယောဂီ ပုဂ္ဂိုလ်မှန်သမျှ ဤပဓာနငါးချက်နှင့် ညီညွတ်မှ ဝိပဿနာအစစ်လို့ဆိုတာ မြဲမြဲစွဲစွဲ မှတ်သားကြဦးဗျို့။

သီလ လေးမျိုး

ယခုကာလ ပုဂ္ဂိုလ်များ ဉစ်ပါးသော အဌင်္ဂဉုပေါသထ သီလများ ဆောက်တည် ကျင့်သုံးနေကြတယ်၊ ဘာ့ကြောင့် ဒီသီလကို စောင့်သုံး နေကြတာလဲလို့ မေးလျှင် လွယ်လွယ်ဘဲ ဖြေကြမှာပေါ့၊ နိဗ္ဗာန်ကိုလိုချင်လို့ဟု ဒီအတိုင်း ဖြေဆိုကြမှာပါဘဲ၊ တကယ်တမ်း နိဗ္ဗာန်ကို အကျိုးပေးနိုင်တဲ့ သီလကို ကိုယ်တိုင်သိအောင် အားထုတ်ဘို့ အရေးကြီးတယ်၊ တကယ်တမ်း နိဗ္ဗာန်ရောက် အကျိုးပေး

နှိုင်တဲ့ သီလက ဂုစ်ပါးသီလပဲ မှန်သော်လဲ အမည်အားဖြင့် ခွဲခြားလိုက်လျှင်-

ဟာန-ဘာဂိယ သီလ,
ဌိတိ-ဘာဂိယ သီလ,
ဝိသေသ-ဘာဂိယ သီလ,
နိဇ္ဇရ-ဘာဂိယ သီလ,

လေးမျိုးဖြစ်လာတယ်၊ ဒီ သီလ လေးမျိုး စလုံးဟာ ကုသိုလ်ရတဲ့ သီလတွေချည်းဘဲ၊ ကုသိုလ်တော့ မှန်တယ် နိဗ္ဗာန်ရမှာလားဆိုတော့ သီလတိုင်း မရနိုင်ဘူး။

ဟာန ဘာဂိယ သီလ

ဟာနဘာဂိယ သီလဆိုတာ ဂုစ်ပါးသီလဘဲ၊ ဘယ်လို စောင့်တာလဲဆိုလျှင် ဂုစ်ပါးသီလ ခံယူပြီးနောက် 'မနော ကံ'ကို မနှိုင်တဲ့ သီလသည် ပုဂ္ဂိုလ်များဟာ မေထုန်ငယ် ၇-ပါးနှင့် တွေ့ကြုံတတ်တယ်၊ မေထုန်ငယ် ဆိုတာဟာ လွယ်လွယ် ကလေးရယ်၊ သီလ ပျက်လောက်တဲ့ အနက် ၇ မဟုတ်ဘူး။

မိန်းကလေးက ယောကျ်ားကလေး၏ ရုပါရုံကို ဖြင့်၍ နှစ်သက်သော စိတ်ဖြင့် ကြည့်ခြင်း,

ယောကျ်ားကလေးက မိန်းကလေး၏ ရုပါရုံကို ဖြင့်၍ သာယာသောစိတ်ဖြင့် ကြည့်ခြင်း,

ဒိန်းကလေးနှင့် ယောကျ်ားကလေးများ တယောက်သည် တယောက်အား အသံကိုကြား၍ သာယာသော စိတ်ဖြင့် အာရုံပြုခြင်း,

ရှေးက ဆက်ဆံဘူးသည်ကို အာရုံပြု၍ သာယာခြင်း,

တပါးသော သူတို့ အချင်းချင်း ဆက်ဆံကြသည်ကို မြင်၍ သာယာခြင်း,

တယောက်သည် တယောက်အား ရာဂဖြင့် ကပ်ငြို၍ စကားပြောခြင်း ကျိစယ်ခြင်း,

တယောက်သည် တယောက်အား ကိုင်တွယ်ခြင်း ထိပါးခြင်း,

၅၏တရားစုများဟာ ရာဂနှင့်စပ်ယှဉ်၍ မေထုန်ငယ်နှင့် စပ်နေသောကြောင့် သိလ၏ ဆုတ်ယုတ်ခြင်းဖြစ်၍ ဟာနဘာဂိယ သိလလို့ ခေါ်တယ်၊ ဒီလို ဟာနဘာဂိယသိလ မျိုးက ကုသိုလ်ဖြစ်တယ်၊ သိလမပျက်ဘူး ဆိုသော်လဲ နိဗ္ဗာန်ကို ဘယ်နည်းနှင့်မျှ အကျိုးမပေးနိုင်ဘူး။

ဒွိတိ, ဘာဂိယသီလ

ဂျစ်ပါးသီလ, ဆောက်တည်ပြီး သစ်တပင်ဂျင်း ဝါးတပင်အောက် ဆိုတာလို တကိုယ်ယေတကာယ တယောက်ထည်းထည်း မည်သူနှင့်မျှ အတွေ့မခံဘဲ သိလမှမည်ဦးနှမ်း ရလေအောင် ဆောက်တည် ကျင့်သုံးသော သိလ မျိုးကို ဒွိတိဘာဂိယသိလလို့ခေါ်တယ်၊ ဒီသိလကကော နိဗ္ဗာန်ကို အကျိုးပေးနိုင်သလားဆိုလျှင် မပေးနိုင်ဘူး၊ သူ၏ သိလ

တန်ခိုးကြောင့် အမျိုးမျိုးသော အကျိုးတော့ ကောန်ခံစား ရတယ်၊ နိဗ္ဗာန်ကိုတော့ အကျိုးမပေးနိုင်ဘူး။

ဝိဿသ ဘာဂိယသီလ

ရှစ်ပါးသီလ ဆောက်တည်ပြီး မနောက် မနှိုင် နှိုင် အောင် သမထလုပ်ငန်းကို အကြိမ်ကြိမ် စီးဖြန်းပြီး နေတဲ့ ပုဂ္ဂိုလ်များဟာ ဝိဿသ အထူးသဖြင့် စောင့်ထိန်းတဲ့ သီလပေါ့၊ ဤမျှလောက် စောင့်ထိန်းတဲ့ သီလကကော နိဗ္ဗာန်အကျိုးပေးနိုင်သလား၊မပေးနိုင်ဘူး၊ သူ၏စွမ်းရည် ကြောင့် ဈာန်တွေ အဘိညာဏ်တွေရလို့ မြေလျှိုးမိုးပျံ နေနိုင်သော်လဲ သတ္တိ အလွန်ကောင်းလျှင် ဖြဟ္မာပြည် လောက်ဘဲ အကျိုးပေးနိုင်တယ်၊ နိဗ္ဗာန်နားမကပ်နိုင်သေး ဘူးတဲ့၊ဒဲ့သီလသုံးမျိုး ဂိုသွားပြီ။

နိဗ္ဗေဓ, ဘာဂိယသီလ

နိဗ္ဗေဓဘာဂိယသီလမျိုးက လူတရာမှာ တယောက် လူတထောင်မှာ တယောက်ဆိုတာလို အလွန် စောင့်နိုင်ခဲ တယ်၊ ဒါကြောင့် ယခု ဝိပဿနာကို တကယ်တမ်းအား ထုတ်ကြတဲ့ ယောဂိပုဂ္ဂိုလ်များဟာ 'ဝိဇ္ဇာဉာဏ်' ကိုရပြီး ကမ္မဝင်္ဂ,ဝိပါကဝင်္ဂ,ကိလေသဝင်္ဂ,ဆိုတဲ့ သံသရာဝင်္ဂဆိုး ကြီးတွေကို ကိုယ်တိုင်တွေ့ ကိုယ်တိုင်သိပြီး သူများ ပြော သံကြားမဟုတ်ဘဲ ဗိဒိကိုယ်တိုင် လောကဒုက္ခဆိုးကြီးကို တကယ်မြင်ပြီး တကယ် ငြီးငွေ့လို့ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးလျှင် စောင့်သုံးတဲ့သီလမျိုးကို နိဗ္ဗေဓဘာဂိယ သီလ

လို့ခေါ်တယ်၊ အဲဒီ နိဗ္ဗေဓဘာဂိယ သိလမျိုးမှ တကယ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တာ၊ သိလစောင့်ခြင်း တူပါလျက် ဘာမှာ ကွာခြားနေသလဲ၊ စေတနာမှာ ကွာခြားနေတယ်၊ ဒီ နိဗ္ဗေဓ ဘာဂိယ သိလမျိုးကို ရဘို့ရာ မလွယ်လှဘူး၊ မိမိကိုယ်တိုင် ရုပ်ခေတ် နာမ်ခေတ်တရားတွေ တွေ့ပြီး လောကကြီးရဲ့ အပြစ်အာဒီနဝ မြင်လာမှ နိဗ္ဗိန္ဒာဉာဏ် ရနိုင်တာ၊ ယောဂီ အစစ်ဖြစ်တဲ့ ဝိပဿနာ ပုဂ္ဂိုလ်မျိုးမှ မြင်နိုင်တဲ့ တရားဖြစ်တယ်၊ ဒီလို ဝိပဿနာ ဉာဏ်မျိုးကို သာသနာပအခါမျိုးမှာဘယ်လိုပင်လိုချင်ကြပြော်းသော်လဲ ရနိုင်ဘို့ရာ အလွန်ဝေးတယ်၊သာသနာတွင်း အခါမျိုးသာ ရကောင်းတယ်။

ဒါကြောင့် သာသနာတော်နှင့် ကြုံကြိုက်တဲ့ အခါမှာ ကြုံရကျိုးနပ်အောင် သာသနာပ အခါမှာ ရကောင်းတဲ့ တရားတော် များနှင့် ရောင့်ရဲ တင်းတိမ် မနေကြဘဲ သာသနာတွင်း အခါမှာ ရသင့်ရထိုက်သော ရုပ်နာမ်ဓမ္မ သဒ္ဒါရတရားတို့ကို အသိဉာဏ် အမြင်စင်ကြယ်အောင် ကြိုးစား အားထုတ်မယ်ဆိုတဲ့ စိတ်ခေတ်နှင့် ဝိပဿနာ တရားတော်ကို မြင်လုံးထွားအောင် ပွါးများမှုသည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်းအမျိုးမျိုးတွင်လမ်းတို လမ်းဖြောင့်သာ ဖြစ်တယ်၊ သို့ပင် ဖြစ်ပါ သော်လည်း ဉာဏ်ဇ္ဈာ်အလုပ် ဖြစ်သောကြောင့် လူတိုင်းနားမလည်နိုင်ဘူး၊ နားလည်သော်လည်း နိဗ္ဗိန္ဒအလုပ် ဖြစ်သောကြောင့် လူတိုင်း မလုပ်နိုင်၊သို့ဖြစ်၍ **မျောက် အုန်းသီး ရသကဲ့သို့**

ခွဲ၍လည်း မစားတတ်၊ အရသာကိုလည်း မသိ၊ အကြီးက လည်းမထိ၊ ဉာဏ်ကလည်း တုံးတိ၊ ဗာလာနံ-အကန်း အတိ ဖြစ်ကြ၍ ဓမ္မနှင့်ဝေး သံသရာ ဈေးကြောင်းပေါက် ရွှေမထောက် နောက်မမျော် အပေါ်တွေ့ တရုံးရုံးနှင့် တပြိုးပြိုးပျော်မြူး၍ မူးမေ့ခါ နေကြလေတယ်၊ အမျှားပင် မူးကြသော်လည်း ကိုယ်ကရော၍ မရူးလေနှင့်ဟု ဆိုလို သည်၊ ထိုကြောင့်-

လမ်းဖြောင့်တရား တွေ့ပါသားနှင့် အမျှားမူးတိုင်း နင်မရူးနှင့်၊ ထူးသည့်အခါ ဝိပဿနာကို ခါခါပွါးမှ ;သွားမည့်သံသရာ အစဉ်ပါမည် နင်သာသတိထား၊ ဟု- ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့တယ်။

နာမ် ရုပ် ဓမ္မ သဘာဝကို ဒိဋ္ဌမြင်ရန် ကြိုးပန်စေ့ငုံ ထိုက်၍ရှုသော ဝိပဿနာ အလုပ်ကား နိဗ္ဗာန်ရောက် ကြောင်းတရားတွင် မဂ်တံခါးအဖွင့် အကျင့်တွင်အချုပ် အလုပ်တွင်အသာ ပါရမီတွင် အမြတ်ဆုံး ဤကဲ့သို့နှလုံး ထားတော်မူ၍ ဘုရားရှင် အလိုတော်ကျ သုတ္တန်ပါတ် အဋ္ဌကတာ ဆရာကလဲ-

ပညဝါ ဟိ ပုရိသော ဝိပဿနံ ဝဓေတ္ဝာ အရိယ မဂ္ဂဒ္ဒါရံ ဝိဝရိတ္ဝာအမတနိဗ္ဗာနံ|ပဝိသိဿတိ၊သာဝက-ပါရမိဗို့ ပစ္စေက ဗောဓိဗို့ သမ္မာသမ္ဗောဓိဗို့ ပဋိဝိဇ္ဈိဿတိ၊ အမတ မဟာနိဗ္ဗာန သမ္မာပကေသုဟိ ဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿပရိဝါရာ ဟောန္တိ။

ဟိ-ထင်စွာ ပြဋိုးအံ့၊ ပညဝါ-ပညာ ရှိသော၊ ပုရိသော-ယောကျ်ားသည်၊ ဝိပဿနံ-ဝိပဿနာ

တရားကို၊ ဝဖေါ့တွာ-ပွါးစေ၍၊ အရိယ မဂ္ဂင်္ဂါရုံ-အရိယာမဂ်တည်းဟူသော တံခါးကို၊ ဝိဝရိတွာ-ဖွင့်လှစ်၍၊ အမတ နိဗ္ဗာနံ-အမြိုက် နိဗ္ဗာန်သို့၊ ပဝိသိသတိ- ဝင်လတ္တံ့၊သာဝက ပါရမီဓို- သာဝက ပါရမီ ဉာဏ်ကိုဂုဏ်း၊ ပစ္စေက ဗောဓိဓို-ပစ္စေက ဗောဓိ ဉာဏ်ကိုဂုဏ်း၊ သမ္မာသမ္ဗောဓိဓို- သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကိုဂုဏ်း၊ ပဋိဝိဇ္ဈိသတိ-ထိုးထွင်း၍ သိရလတ္တံ့၊ ဟိသစ္စံ- မှန်၏၊ အမတ မဟာ နိဗ္ဗာနသမ္မာ ပကေသု-အမြိုက် နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော၊ ဓမ္မေသု-တရားတို့တွင်၊ ပညာဝ-ဝိပဿနာ ပညာပါရမီသာလျှင်၊သေဋ္ဌာ-အဖြတ်ဆုံး ပေတည်း၊ အဝသေသာ- ကြွင်းကုန်သော ပါရမီတို့သည်၊ တသ-ထိုဝိပဿနာ ပညာပါရမီ ၏၊ ပရိဝါရာ-အစဉ်အရံ တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

မြန်မာလို သက်သက် ပြောရလျှင် ဝိပဿနာ အလုပ်သည် သာသနာ တွင်းမှာ ခေါင်းဆောင် ထိပ်တန်းက နေကြောင်းကို ယယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ပြထားပါတယ်။ အဲဒါကြောင့် ရုပ် နာမ် ဓမ္မ သဒ္ဓါရတရား တို့ကို ကိုယ်တွေ့ ဉာဏ်မြင် အစစ်အမှန် သိရှိရန် ဆရာကောင်းထံ နည်းခံ၍ ကျွန်စွာ အားထုတ် နေကြသော ယောဂီအပေါင်း သူတော်ကောင်း တို့သည် အထက်ပါ ဒေသနာတော်ကြီးက အခိုင်အမာ ဟောပြထားသဖြင့်

နိဗ္ဗာန်ရောက်နိုင်တဲ့ နိဗ္ဗေဓ ဘာဂိယသိလကို ဆောက်တည်နိုင်သော ဝိပဿနာ အလုပ်ကို ဘာဝနာမယဉာဏ် အစစ် အမှန် ရင့်သန်သည်ထက် ရင့်သန်ပြီး အနုတ္တလက္ခဏာ ပိုင်နိုင်အောင် မနားမနေ ကြိုးစား အားထုတ် ကြရန် တိုက်တွန်းပါသည်။

သာသနာတွင်းနှင့်-သာသနာပ

တရားတော်ဆိုတာ သာသနာတွင်း အခါလဲ ရှိတယ်၊ သာသနာပအခါမှာလဲရှိတယ်၊ ဒါန,သီလ,သမထ, တရားမျိုးက သာသနာတွင်းအခါမှာလဲ ရှိတယ်၊ သာသနာပ အခါမျိုးမှာလဲ ရှိတယ်၊ ဘယ်လို ကွာခြားသလဲဆိုလျှင်-

သာသနာပအခါမှာ ပြုလုပ်တဲ့ ဒါန, သီလ, သမထ, တရားမျိုးဟာ များသောအားဖြင့် "**အဝိဇ္ဇာ**" ဦးစီးတယ်၊ ကမ္မသကတာ သမ္မာဒိဋ္ဌိ မရှိဘူးလား ဆိုလျှင် ရှိတော့ ရှိတယ်၊ သို့သော် အဝိဇ္ဇာ ဦးစီးခံရတော့ မဂ်တရား ဖိုလ် တရားကို မရနိုင်ဘူး။

သာသနာတွင်းအခါမှာပြုလုပ်တဲ့ ဒါန,သီလ,သမထ, မျိုးက များသော အားဖြင့် "**ဝိဇ္ဇာဥဒေါ်**" ဦးစီးတယ်၊ ဝိဇ္ဇာဉာဏ်ရှေ့ဆောင်တဲ့ ဒါနမျိုး သီလမျိုး သမထမျိုးက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်။

အထူး ဝိသေသကတော့- သာသနာပအခါမှာ **အနုတ္တ** လက္ခဏာဆိုတဲ့ ဝိဇ္ဇာဉာဏ်မျိုးကို မရနိုင်ဘူး၊ဒီလိုအနုတ္တ လက္ခဏာဆိုတဲ့ဝိဇ္ဇာဉာဏ်မျိုးကို သာသနာတော်အတွင်း

မှာသာ ရကောင်းတယ်၊ ယခုလို ဝိဇ္ဇာဉာဏ်ကုသိုလ်မျိုး ဦးစီးပြီးတော့ ဒါနမှာသိလမှဘာဝနာမှကိုပြုခဲ့ရင် အမှန်ဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရနိုင်တယ်၊ဘာကြောင့်လဲဆိုလျှင် "အဇ္ဇာ" မပါလို့၊ ဒါန ပြုလဲ ငါ မပါတော့ဘူး၊ သိလ ဆောက်တည်လဲ ငါမပါတော့ဘူး၊ဘာဝနာအားထုတ်ရင်လဲ ငါမပါတော့ဘူး။

အဝိဇ္ဇာဦးစီးခဲ့ရင် ဒါနပြုလဲ ငါပါလာပြီ၊ လောက ဂုဏ်,ပကာသန တွေ မက်မောပြီး ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ,တွေ တောင်းတချိုလျှဒါန်းသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသွားတာပေါ့၊ သိလဆောက်တည်ပြန်လျှင်လဲ ထိုနည်းတူစွာ အဝိဇ္ဇာ အနှောက်အခက်ခံရလို့ ငါသိလဆောက်တည်တယ်၊ ငါ့ရဲ့ သိလကြောင့် လောကကောင်းကျိုးတွေ မက်မောလာတတ်တယ်၊ ဒီလို လောကီအာရုံ ကာမဂုဏ် တရားတွေ မက်မော နှစ်သက်တဲ့ အတွက် မဂ်ဖိုလ်နှင့် ဝေးသွားရတယ်၊ ဘာဝနာကကော လူတိုင်း သိနေကြတဲ့ သမထ ဘာဝနာ သမားတွေဟာ မည်မျှလောက် အဝိဇ္ဇာအားကြီးတယ်ဆိုတာ စဉ်းစားကြည့်လိုက်စမ်း၊ ပုတိုးစိပ်နှင့်တဖုံ ပါးစပ်က ရွတ်ဆိုနေကြတာက တမျိုးနှင့် ယခုလက်ငင်း ကုန်ရောင်းကောင်းအောင် စီးပွါးတိုးတက်အောင် အသက်ရှည်အောင် ဆိုပြီး အမျိုးမျိုး ကျင့်နေကြတာ မြင်တွေ့ကြမှာပေါ့၊ နောင် သံသရာရေးကို ဘေးဖယ်ပြီး **ယခုပစ္စုပ္ပန်**ကို ကြည့်လျက် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို

လိုချင်၍ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေထက် အဆအဆ အဆအဆ အထောင်မက များပြားနေကြတယ်၊ ဒဲ့ဒါ ဘာ့ကြောင့်လဲဆိုလျှင် အဝိဇ္ဇာ၏ လွှမ်းပိတ်မှု အဝိဇ္ဇာ၏ ဖြားယောင်းမှုပေါ့၊ အဝိဇ္ဇာက မှန်ရာကို မသိအောင် ကာကွယ်ပေးလိုက်တော့ ဘယ်မှာ ကောင်းစွာ ခွဲခြားပြီး သိနိုင်တော့မှာလဲ၊ အဝိဇ္ဇာ၏ စွမ်းအင်သတ္တိကြောင့် ဒုက္ခ မှန်သမျှ မမြင်ရအောင် ကာကွယ် ထားလိုက်တော့ သမုဒယဆိုတဲ့ တဏှာလောဘက လောကအကျိုးကိုသာ တောင့်တပြီး ကုသိုလ်အမျိုးမျိုးကို ပြုကြတာပေါ့၊ အဝိဇ္ဇာ အုပ်စိုးပြီး အကုသိုလ် အမှုကို ပြုတဲ့ ပုဂ္ဂိုလ် တွေနှင့် စာလျှင်တော့ ကုသိုလ်ပြုတဲ့ သူက တော်သေးဘာဆိုပါ့၊ သို့သော်လဲ သာသနာတော်တွင်းအခါမှာ ကြုံပါလျက်နှင့် သာသနာတော်တွင်း အခါတွင် ရကောင်းတဲ့ တရားကို မရရှိဘဲ သာသနာပ တရားမျိုးနှင့် တင်းတိမ် ဆောင့်ရပြီး အလွဲအမှား ဖြစ်သွားကြမှာတော့ အလွန် သနားစရာ ကောင်းတာဘဲ။

သာသနာတော် အတွင်းမှာ ရရှိကောင်းတဲ့ ဝိပဿနာ ဘာဝနာ အလုပ်နှင့် တကယ်တမ်း အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အလွန့်အလွန်ကို အားကျစရာ ကောင်းတယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ဘုရားသခင် ကိုယ်တော်မြတ်က ဝိဇ္ဇာဉာဏ်ဖြင့် ရှုပ် နာမ်ကိုသာ သိပေစေ မူ၍ အရိယာဖြစ်နိုင်တယ်လို့ ဟောထားတယ်။

ဈာဏသောတာပန်

ဣဓိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ
သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတာဂတိကော
စူဠသောတာပန္နော နာမ ဟောတိ။
ဝိသုဒ္ဓိမဂ် ကခ်ၤဝိကရဏဝိသုဒ္ဓိ နိဒ္ဒေသ။

ဤဓိနာပနဉာဏေန-ဤနာမရူပ ပရိစ္ဆေဒဉာဏ်
ပစ္ဆာယ ပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့်၊ သမန္နာဂတော-
ပြည့်စုံသော၊ ဝိပဿကော- ဝိပဿနာယောဂိ
ပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ- ဖြတ်စွာဘုရား
သာသနာတော်၌၊ လဒ္ဓဿာသော- ရအပ်သော
သက်သာရာဂိုသည် ဖြစ်၍၊ လဒ္ဓပတိဋ္ဌော-ရအပ်
သော ထောက်ရာ တည်ရာ ဂိုသည်ဖြစ်၍၊ နိယတ
ဂတိကော- အပါယ်လေးပါးသို့ မလား သူတော်
ကောင်းတို့ လားအပ်သော မြဲသော ဂတိဂိုသည်
ဖြစ်၍၊ စူဠသောတာပန္နောနာမ-စူဠသောတာပန်
မည်သည်၊ ဟောတိ-ဖြစ်၏။

ယခုပြလိုက်တဲ့ အဋ္ဌကထာအရဆိုလျှင် နာမ်နှင့် ရုပ် ကို
သိခြင်း ထိုနာမ်နှင့် ရုပ် တို့၏ အကြောင်းတရားတို့ကို
သိခြင်းဖြင့် စူဠသောတာပန်လို့ ဆိုတယ်၊ ဒီလို နာမ်ရုပ်ကို
သိရင် စူဠသောတာပန်လို့ ဆိုတော့ အချို့ အချို့ သော
ပရိယတ္တိ အခွင့်များက 'ဟိုလဲ နာမ်ရုပ်ကို သိနေတာဘဲ
တို့ဘာပူစရာဂိုသလဲ'လို့ဘဝင်မြင့်နေကြတယ်၊အချို့သော
ပုဂ္ဂိုလ်များကလဲ နာမ်ရုပ်ကိုသိရမယ်ဆိုတယ်၊နာမ်ရုပ်ကို

သိမှ ဖြစ်မယ်လို့ဆိုပြီး နာမ်တရား ရုပ်တရားတွေကို မရရအောင် ကျက်မှတ်ကြတာဘဲ၊သူတို့ကျက်မှတ်တာ နာမ်တရား ရုပ်တရား မဟုတ်ဘူးလားလို့ဆိုတော့ ဟုတ်ထာပေါ့၊ နာမ်ကေပညာသ- ငါးဆယ်သုံးပါး၊ ရုပ်အဋ္ဌဝီသ-နှစ်ဆယ့်ခုစ်ပါး မှန်တာပေါ့၊ သို့သော်လဲ ဘာနှင့်တူသလဲဆိုလျှင်-

ဥပမာ ဆလိမ်ရေးချ ဝစ်စနှစ်လုံးပေါက်တော့ ဆားပေါ့၊ စာထဲ ရေးထားတာလဲ ဆားဘဲ၊ ပကတိစားရတာလဲ ဆားဘဲ၊ ဆားချင်းတော့ အတူသားပေါ့၊ ဒါပေမဲ့ စာထဲမှာ ရှိတဲ့ ဆားက စားမှမစားရဘဲ၊ အငန်အရသာကို ဘယ်မှာ သိမှာလဲ၊ ဆားငန်တယ်လို့ပြောတာ ကိုယ်တိုင် စားကြည့်လို့ လို့ လျှာပေါ်ကို ရောက်မှ ငန်တဲ့အရသာ တကယ်သိမှာပေါ့။

ထို ဥပမာကဲ့သို့ဘဲ စာထဲမှာ ကျက်မှတ်ထားတဲ့ ရုပ်တရား နာမ်တရားဟာလဲ မှန်တယ်၊ ယောဂီများ ကိုယ်တိုင် အားထုတ်လို့ တွေ့တဲ့ ရုပ်တရားနာမ်တရားဟာလဲ မှန်တယ်၊စာထဲက ရုပ်နာမ်က ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယကို တွေ့ပါ့မလား၊ ဘယ်နည်းနှင့်မျှ မတွေ့ဘူး။

ဒီရုပ်နာမ်ဟာ မမှန်လို့လားဆိုလျှင်မှန်တယ်၊သို့သော်လဲ စားထဲကဆားကို လျက်ကြည့်လို့မငန်သလိုပေါ့၊ စာထဲမှာ ရှိတဲ့ ရုပ်နာမ်က ဖြစ်ပျက် မတွေ့တော့ အနိစ္စမှ,ဒုက္ခမှ, အနတ္တမှ,ဆိုတဲ့ တရားအစုကို ဘယ်တော့မှမတွေ့နိုင်ဘူး၊

ဒီလို **ယထာဘူတ** ဟုတ်တိုင်းမှန်စွာ မသိခဲ့လျှင် ဘယ်မှာ စူဠဒေသာတာပန်မျိုး ဖြစ်နိုင်မလဲ၊ ဘယ်လို နည်းနှင့်မျှ မဖြစ်နိုင်ဘူး၊ ပဒေသ ယောဂီများ ကိုယ်တိုင်တွေ့တဲ့ ရုပ်နာမ်ကို ကြည့်လိုက်စမ်း။

ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။။
သံယုတ်ပ'ဋ္ဌာန်း။။

သေသေချာချာ စဉ်းစားကြည့်၊ ကာယဉ္စ ဆိုတဲ့ အပ်နှင့်ထိုးဆွ နာကျင်တတ်တဲ့ ကိုယ်နှင့် ဖေါဋ္ဌဗ္ဗဉ္စ ဆိုတဲ့ "ပထဝီဖေါဋ္ဌဗ္ဗ, တေဇောဖေါဋ္ဌဗ္ဗ, ဝါယောဖေါဋ္ဌဗ္ဗ" ဆိုတဲ့ ဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့ကြတော့ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် အာရုံစိုက်ကြည့်လိုက်စမ်း၊ ပထဝီ ဖေါဋ္ဌဗ္ဗက မာတယ် နူးညံ့တယ်၊ ဪဒီလို အမာနှင့် ကိုယ်နှင့် တွေ့လျှင် ကာယဝိညာဏ်ဆိုတဲ့ သိလုံး နာမ်တရားက ဘယ်လိုသိမလဲ၊ မာတာနှင့် တွေ့လျှင် နာမယ် ကျင်မယ် ကိုက်မယ် ခဲမယ် တောင့်မယ် တင်းမယ်၊ ဪဒါ ဘယ်သူနှင့်ဘယ်သူ ထိခိုက်လို့ ဖြစ်တာလဲ၊ အမာပထဝီ ဖေါဋ္ဌဗ္ဗနှင့် ကိုယ်နှင့် တွေ့လို့ ကာယ ဝိညာဏ်က သိတာ မဟုတ်လား၊ နူးညံ့ ပထဝီကတော့ မထင်ရှားဘူး၊ ဒီလို ကိုယ်နှင့်တွေ့ရတဲ့ ကိုယ်ရုပ် အတွေ့ရုပ် တွေ့သိနာမ် ရုပ်နာမ်နှစ်ပါးဘဲ မဟုတ်လား၊ ကိုင်း, ယောဂီများ တကယ်တွေ့လို့ တကယ်သိရတဲ့ ရုပ်တရား နာမ်တရား တွေဟာ အခိုင်အမြဲ ငြိမ်သက် တည်ကြည် နေတာကို တွေ့ရဲလား၊ ဘယ်နည်းနှင့်မျှ အခိုင်အမြဲ မရှိဘူး၊ ဒိုင်္ဂ မခိုင်မမြဲဘဲ အမြဲ ဖြစ်ပျက်နေတဲ့ ရုပ်တရား

နာမ်ဘာရားမှ အမှန်၊ အဲဒီလို ရုပ်နာမ်ကို တကယ်တွေ့လို့ တကယ်ဖြစ်ပျက်သိနေတဲ့ ယောဂီမှ ဥဒယဗ္ဗယ ဆိုတဲ့ ဉာဏ်အစစ်ကိုရလို့ စူဠဒုက္ခသောတာပန် ခေါ်တာ၊ အရုပြခဲ့ တာက ပထဝီ ဖေါဋ္ဌဗ္ဗ ခေတ်ရုပ်နှင့် တွေ့လို့ သိတဲ့ အကြောင်းကို ပြောတာ၊ ကောင်းပြီ တစ်ခေါခေတ်ရုပ် တစ်ခေါဆိုတဲ့ ဖေါဋ္ဌဗ္ဗနှင့် တွေ့ရင်ကော တစ်ခေါက စာဆိုမှာ ပုတဲ့သဘော အေးတဲ့ သဘောတဲ့၊ ပုတာ အေးတာ စာနှင့်သိမလားဆိုလျှင် မသိဘူး၊ပုတာအေးတာ ကိုယ်နှင့် ပုခြင်း အေးခြင်းဆိုတဲ့ ဖေါဋ္ဌဗ္ဗနှင့်တွေ့မှ ကာယ ဝိညာဏ် ဆိုတဲ့ နာမ်တရား ပေါ်လာပြီး ပုတာယ်ဟော့ အေးတယ်ဟော့လို့ သိကြတာ၊ ကိုင်းကိုယ်ရုပ် အတွေ့ရုပ် တွေ့သိနာမ် ရုပ်နာမ် နှစ်ပါး အမှန် မဟုတ်လား၊ အဲဒီ ရုပ်နာမ်နှစ်ပါး တွေ့ကတဲ့က သမ္မသနဉာဏ်, ဥဒယဗ္ဗယ ဉာဏ် ရနေပြီမဟုတ်လား၊ ဒါက တစ်ခေါ ရုပ်ကို တွေ့လို့ သိရတဲ့ ရုပ်နာမ်။

ဝါယော ရုပ်ကကော လှုပ်ရှား ဝါယော ထောက်ကန် ဝါယောလို့ စာကဆိုတယ်၊ ကိုယ်နှင့် တွေ့တော့ ထောက်ကန်ဆိုတဲ့ ဝါယောက အလွယ်နှင့် မထင်ရှားဘူး၊ ဉာဏ်သက်သက်ဖြင့် သိနိုင်တယ်၊ဘယ်လိုသိမလဲဆိုလျှင် ငြိမ်သက်စွာ ထိုင်နေနိုင်ခြင်း ငြိမ်သက်စွာ ရပ်နေနိုင်ခြင်း ငြိမ်သက်စွာ အိပ်နေနိုင်ခြင်းဟာ ထောက်ကန် ဝါယော သဘောပေါ့၊ ဝိပဿနာနှင့်တော့ အလွယ်ထင်ရှား မသိ

ကြဘူး၊ ဤ လူပ်ရှား ဝါယောကျတော့ သေသေချာချာ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်နှင့် အာရုံစိုက်ပြီး နှလုံးသွင်းလိုက်လျှင် ဦးခေါင်းမှ အစ ခြေဖျား အဆုံး တကိုယ် လုံးမှာ တလှုပ်လှုပ် တဒိတ်ဒိတ် တရိပ်ရိပ် ဟစ္ဆုဟ္ဆု ခဏမစဲ ဖောက်ပိယသနာယောဂီမှန်လျှင် တွေ့ကြတာဘဲ၊ ဒီလိုတွေ့ကတဲ့က ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယကို အမှန်တွေ့ယဖြင့် မမြဲသော အနိစ္စ ဆင်းရဲသောဒုက္ခ အစိုးမရသော အနတ္တ ကို တွေ့နေရတဲ့အတွက် ဉာတပရိညာ, တီရဏ ပရိညာ, ပဟာနပရိညာတို့, နှင့် ပြည့်စုံနေပြီ မဟုတ်လား၊ အဲဒီလို အမှန်အစစ်ဖြစ်တဲ့ ရုပ်တွေ နာမ်တွေကို ပိပသနာဉာဏ် နှင့် အမှန်တွေ့နေတဲ့ ပုဂ္ဂိုလ်ကိုသာ ရှုဋ္ဌသောတာပန် အပါယ်မလားနိုင်တဲ့ ပုဂ္ဂိုလ်လို့ ကျမ်းဂန်များက ဆိုတာ၊ ယခုပြတဲ့ တရားက ရှုဋ္ဌသောတာပန်ကို ပြောတာ၊ မဟာသောတာပန် ကိုတော့ ဘယ်လို ဟောသလဲဆိုလျှင်-

မဟာသောတာပန်

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။

အဂုတ္တိုရ်။

တိဏ္ဏံ သံယောဇနာနံ-သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ်တို့၏၊ ပရိက္ခယာ ကုန်ခြင်းကြောင့်၊ သောတာပန္နော- မြင့်မြတ်ရာသို့သာ တဖြောင့်တည်း ဆန်တက်သော သီလ,သမာဓိ,ပညာ,ဟု

ဆိုအပ်သော ဓမ္မသောတ, ဖြင့်ဖြတ်သောပဋိသန္ဓေ အစဉ် ဘုံအစဉ်ဟု ဆိုအပ်သော ဘဝသောတသို့ ရှေးဦးစွာ ဆိုက်ရောက်သော သောတာပန်သည်၊ ဟောတိ- ဖြစ်၏၊ အဝိနိပါတဓမ္မော- ဝိနိပါတ ဘေးကြီးမှ အပြီးတိုင် ကင်းလွတ်၏၊ နိယတော- ဘဝ အဆက်ဆက် ကမ္မာအဆက်ဆက် မပျက်သော သိလ, သမာဓိ, ပညာနှင့် ပြည့်စုံ၏၊ သမ္ဗောဓိ ပရာယနော- အထက်မဂ် အထက်ဖိုလ်ကိုသာလျှင် လိုခါရကြောင်း မတိမ်းစောင်းနိုင်သော လည်းလျောင်းရာ ရှိ၏။

အဲဒီ ပါဠိတော်အရ မဟာသောတာပန်, နှင့် စူဠသောတာပန်, နှိုင်းယှဉ်ပြီး ကြည့်၊ ဒီ မဟာသောတာပန်က ''တိဏ္ဏံသံယောဇနာနံ- သက္ကာယဒိဋ္ဌိ စိဘိက်ဆွာသိလဗ္ဗတ ပရာမာသ-ဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ် တို့၏၊ ပရိက္ခယာ-ကုန်ခြင်းကြောင့်'' တဲ့၊ ကိုင်းကိုယ်ပိုင် ဉာဏ်နှင့် စဉ်းစားကြည့် လိုက်စမ်း သက္ကာယဒိဋ္ဌိ စိဘိက်ဆွာ သိလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်သုံးပါး လုံးလုံးမရှိ ကင်းပြတ်သွားလို့ သောတာပန်ဟု ခေါ်တယ်၊ ကောင်းပြီ-ယခု ဝိပဿနာကို တကယ်တမ်း အားထုတ်လို့ ရပ်တရား နာမ်တရားတို့၏ ဖြစ်မှု ပျက်မှုကို သိနေတဲ့ ပုဂ္ဂိုလ်ကတော့ သက္ကာယဒိဋ္ဌိမကုန်ဘူးတဲ့လား၊ သေးသေးချာချာ ဝေဘန်ကြည့်၊ ဘုရားသခင် ကိုယ်တော်မြတ်က-

ပထဝီဓာတုံ ဓေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ (သံယုဒ်ပါဠိတော်)။

ရာဟုလ-ချစ်သားရာဟုလာ၊ ဓေါ-စင်စစ်၊ ပထဝီ ဓာတုံ-ပထဝီဓာတ်ကို၊ အနိစ္စတော-မမြဲဘူး ဟူ၍၊ ဇာနတော-သိသောသူအား၊ ပဿတော-မြင်သောသူအား၊ သက္ကာယဒိဋ္ဌိံ-သက္ကာယဒိဋ္ဌိကို၊ ပဇဟတိ-စွန့်၏။ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ-ပယ်၏၊ ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည် ဥပ္ပဇ္ဇတိ- ဖြစ်ပေါ် လာ၏။

ဤကဲ့သို့ ဘုရားသခင်ကရာဟုလာကိုထင်ထင်ရှားရှား ပေါ်ထွန်းတာကို တွေ့ရတော့ ယခု အားထုတ် နေကြတဲ့ ယောဂီ ပုဂ္ဂိုလ်များဟာ ပထဝီဓာတ်ဆိုတဲ့ တောင့်တင်း ညောင်းညာနာကျင်ကိုက်ခဲခြင်းတို့ကိုလဲထင်ထင်ရှားရှား တွေ့နေကြပြီ၊ တေဇောဆိုတဲ့ ပူမှု အေးမှုတွေကိုလဲ တွေ့နေကြပြီ၊ ဝါယောဆိုတဲ့ လှုပ်ရှားမှု ထောက်ကန်မှုတွေကိုလဲ ကိုယ်တိုင် ဒိဋ္ဌ တွေ့နေကြလေတော့ **သက္ကာယဒိဋ္ဌိ** ပြုတ် မပြုတ်ကို ကိုယ်တိုင် သိကြပြီ မဟုတ်လား။

ဒီတော့ကာ မဟာသောတာပန်မှာ သက္ကာယဒိဋ္ဌိပြုတ် ပြီလို့ အဆင်အရှား ပေါထွားလို့ သိရသဖြင့် ရှုဒ္ဓသောတာပန် ဝိပဿနာယောဂီ ပုဂ္ဂိုလ်များမှာကော ပြုတ်နေပြီဘဲ မဟုတ်လား၊ ဝိစိကိစ္ဆာကကော ဒိဋ္ဌိပြုတ်လျက်သားနှင့် ဝိစိကိစ္ဆာက နေနိုင်ပါအုံးမလား၊ ဘုရားသခင် ဟောတော်မူတဲ့ ဒေသနာတော်နှင့် အမှန်ကိုက်ညီနေလို့ ကိုယ်

ကိုင် သိနေပြီ မဟုတ်လား၊ ဘုရားတရားတော်ကမှန်တယ် ဆိုကထဲက 'ဘုရားဟုတ်မှဟုတ်ပါ့လေစ'ဆိုတဲ့ သံသယမျိုး ရှိပါ့အုံးမလား၊ ဘယ်နည်းနှင့်မျှ မရှိတော့ဘူးပေါ့၊ ဒီတော့ ဘုရားမှာလဲ ယုံမှားခြင်း ကင်းသွားပြီ၊ တရားတော်မှာလဲ ယုံမှားခြင်း ကင်းနေပြီ၊သံဃာမှာကော ဘုရားသခင်ရဲ့ ဩဝါဒကို လိုက်နာ ကျင့်ကြံ နေကြတဲ့ သံဃာကော ဟုတ်ပါ့မလားဆိုတဲ့ သံသယမျိုး ပျောက်သွားပြီ၊ မိမိတို့ ကျင့်နေတဲ့ သီလ, သမာဓိ, ပညာ, ဆိုတဲ့ သိက္ခာပုဒ်ကဲ့ ဟုတ်မှဟုယ်ပါ့မလားဆိုတဲ့သံသယမျိုးလဲ ပျောက်သွားပြီ၊ မိမိကိုယ်တိုင် ရုပ်တရား နာမ်တရား တွေဖြစ် ပျက်မစဲ တွေ့နေလျက်သားနှင့် သတ္တဝါ အထူး ရှိတယ် ဆိုတဲ့ သံသယမျိုးကော ဘယ်နည်းနှင့်မှ မရှိနိုင်တော့ဘူး၊ အကြောင်း တရားကြောင့် အကျိုးဖြစ်တယ် ဆိုတာလဲ ကိုယ်တိုင် သိနေပြီ၊ * အဲဒါ **ဝိစိကိစ္ဆာ** ကင်း နေတာ မဟုတ်လား။

သီလဗ္ဗတပရာမာသဆိုတဲ့ တိတ္ထိတို့၏ ဘောက်ပြန်တဲ့ အကျင့်မျိုးကိုကျင့်အုံးမှာလား၊ ဘယ်နည်းနှင့်မျှမကျင့်ဘူး၊ ဒီတော့ စူဠသောတာပန် ဆိုတဲ့ ပုဂ္ဂိုလ်မျိုးများလဲ ဒီ သံယောဇဉ်သုံးပါး ပြတ်နေပြီဘဲ မဟုတ်လား၊ မဟာ သောတာပန်က သီလ, သမာဓိ, ပညာ,ဟု ဆိုအပ်သော မဟာသောတတဲ့၊ မဟာသောတာပန်များသာ သီလ,သမာဓိ, ပညာ,ရှိတာ မဟုတ်ဘူး၊ စူဠသောတာပန် ဖြစ်တဲ့ ယောဂီ ပုဂ္ဂိုလ်များမှာလဲ နာမ် ရုပ် ဖြစ်ပျက်ကို သိနေရကထဲက ဒီ

သီလ, သမာဓိ, ပညာ, ဖြည့်စုံပြီးဖြစ်နေပြီ၊ မြင့်မြတ်သော ပဒ္ဓိသန္ဓေအစည် ဘုံအစည်ဟုဆိုအပ်သော ဘဝသောတလို့ မဟာသောတာပန်မှာ ဆိုတယ်၊ စူဠသောတာပန် ဆိုတဲ့ ပုဂ္ဂိုလ်မျိုးမှာလဲ သူတော်ကောင်းတို့ လိုလားအပ်သော မြဲသောဂတိရှိသောလို့ ဆိုထားလေတော့ သောတာပန်တို့လားတဲ့ ဂတိမျိုးဘဲ လားရမယ်မဟုတ်လား၊ အဓိပ္ပါယ်သဘောကိုစဉ်းစားကြည့်၊ **"အင်္ဂနိပါတစမ္ဖော"**တဲ့၊ အဂိနိပါတဆိုတာက ဝိနိပါတဘေးကြီး မရှိတော့ဘူး၊ ဝိနိပါတဘေးဆိုတာ အလွန်ကြောက်စရာကောင်းတဲ့ဘေးကြီးဘဲ၊ ဝိနိပါတဘေးရှိနေတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘာနှင့်တူသလဲဆိုလျှင်-

ဥပမာ ထန်းသီးအုန်းသီးမျိုးဟာ အညှာ ခိုင်တုန်းသာ ကောင်းကင်မှာတည်နေရတာ၊ အညှာကကြွေကျလျှင် မြေသို့ဘရမ်းဘတာ ကျချင်ရာသို့ ကျသကဲ့သို့ဂုဏ်း၊ တပေါင်းတန်ခူး တိုက်ခတ်လာသော လေဖျိုအဟုန်ကြောင့် သစ်ရွက်ခြောက်မျိုးဟာ ကောင်းကင်၌ လွင့်လာတဲ့အခါ အမောင်သစ်ရွက် မင်းဘယ်ကျမလဲလို့ မေးလျှင် သစ်ရွက်က ပြန်ပြော်လိမ့်မယ်၊မမေးပါနှင့်မိတ်ဆွေရယ် ငါရေ ထဲကျမလား မီးထဲကျမလားဆိုတာ မသိရဘူးလို့ ပြောလိမ့်မယ်။

အဲဒီ ဥပမာလိုဘဲ **နိနိပါတဘေး**ကြီးရှိနေတဲ့ သူကို အမှတ်တမဲ့ မေးကြည့်လိုက် 'မိတ်ဆွေ - သင်သေလျှင်

ဘယ်သွားမလဲ' လို့မေးရင်ပြန်ပြောလိမ့်မယ် 'မင့်ကကွယ် ဒါတွေကို အရေးတကိုက်မေး မနေပါနှင့် သေလျှင် **ကမ္မ သကာ**,ပေါ့လို့ ဖြေလိမ့်မယ်၊ အဲဒါကမ္မသကာဆိုတဲ့ လူတွေဟာ အပိုင်းအခြားမရှိဘူး၊ သေလျှင်ဘရမ်းဘတာ ကျချင်ရာကျမဲ့လူဘဲ၊ အဲဒိလို ဝိနိပါတဘေးရှိနေသမျှ **နာနာသဋ္ဌံဝရ** ဥဿောကနဲဘေးကြီးက အများကြီး ကြောက်ရသေးတယ်၊နာနာသဋ္ဌာဝရ ဥဿောကနဲဘေးဆို တာ တခြားမဟုတ်ဘူး၊ နာနာရဲ့အဓိပ္ပါယ်က အထူးထူး အပြားပြားရတယ်၊ သဋ္ဌာရကာဘုရား၊ဥဿောကနဆိုတာ က မျက်နှာတော်ကို တမော်မော် ကြဲည့်ရတဲ့ ဘေး၊အဆုံး မှာတော့ အထူးထူးသောဘုရားတို့ရဲ့ မျက်နှာတော်ကို တမော်မော် ဒူးထောက်ပြီးတော့ကြဲည့်ရတဲ့ ဘေးကိုခေါ် တယ်၊ ဒိုလိုဘုရားမျက်နှာတော်ကို ဘာကြောင့် တမော် မော် ကြည့်ရသလဲ ဆိုလျှင် ဖြစ်ရာဘဝမှာ အားကိုးစရာ ဆရာရှာကြတာဘဲ၊ ယခုမျက်မြင်အားဖြင့် ဘုရား အမည် ခံတွေ ဘယ်မျှလောက် ပေါများသလဲဆိုတာ ကြဲည့်လိုက် စမ်း၊ ယေရှု-ခရစ္စယာန်ဘုရား ဒိဒါ-မဟာမေဒင်ဘုရား ဟိန္ဒူဘုရား ဗုဒ္ဓဘာသာဘုရားအချို့အချို့ တောကိုးကွယ် တောင်ကိုးကွယ် မြင်းကိုးကွယ် နွားကိုးကွယ်သစ်ပင်ကိုး ကွယ်၊ အဲဒါဘာလုပ်ထာလဲဆိုလျှင် အားကိုးစရာရှာကြ တာပေါ့၊ အဲဒိနေရာမှာ စဉ်းစားကြည့်ဘို့က ပိမိတို့ ကိုး ကွယ်တဲ့ ဘုရားမှန်လျှင် ဓတောပါဏိ၊ ဘုရားကိုးကွယ်မှား သွားမယ်ဆိုလျှင် ''ကုန်ရုံးတော့ တခေါက် လင်ကုန်ရုံး

တော့**ဓာသက်လုံး**မျောက်"မယ်ဆရာကိုကိုးကွယ်မှားလျှင် ဖြင့်**တသံသရာလုံး** မျောက်တော့မှာဘဲတဲ့၊ အဲဒါကြောင့် နာနာသဏ္ဌာရ ဥလ္လောကနဘေးကြီးကလဲ အလွန့်ကို ကြောက်စရာကောင်းတာ။

ယခုပြောခဲ့တဲ့ မဟာသောတာပန် များက ဒီလို ဝိနိပါတဘေး နာနာသဏ္ဌာရ ဥလ္လောကနဘေးမျိုးကို လုံးဝမရှိတော့ဘူး၊ကောင်းပြီ မဟာသောတာပန်မှာ ဤမျှလောက်ကြီးလေးတဲ့ ဘေးဆိုးကြီးမရှိတော့ဘူးဆိုလျှင် စူဠဥသောတာပန်များမှာလဲ ဤဘေးဆိုးမျိုး မရှိတော့ဘူး ဆိုတာ ထင်ရှားနေပြီ၊ ပြီးတော့ **ဘာ**တဲ့လဲ **နိယတော** တဲ့၊ နိယတောလို့ဆိုတော့ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မျက်သောသိလ, သမာဓိ, ပညာ, မျက်ဘူး ဆိုလျှင် ဝိပဿနာယောဂီ စူဠဥသောတာပန် ပုဂ္ဂိုလ်များမှာကော ယခု ဒိဗ္ဗိတို့ ရရှိထားတဲ့ ဝိပဿနာ လုပ်ငန်းကို အသက်ထက်ဆုံးစွဲကြမြဲကြမယ်ဆိုလျှင် ယခုဘဝမှာပင်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မုချရနိုင်တယ်၊ ဤဘဝ မရခဲ့သော် ဒုတိယဘဝမှာ နတ်ပြည်သို့ ရောက်က မုချမလွဲ ရရမယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်က ဟောထားတယ်။

တသာ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ။

စတုကဂ်တ္တရပါဠိတော်။

တသ-ထိုဝိပဿနာ ယောဂီ ပုဂ္ဂိုလ်အား၊ တဇ္ဇ-ထိုလူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ရောက်ခဲ့ လေသည်ရှိသော်၊ သုဒိနော-မပင်မာန်း ချမ်းချမ်း သာသာ၊ ဓမ္မပဒါနိ-လူ့ပြည်က အားထုတ်၍ သွား သော ရဟန်းမ နာမ်ဓမ္မတရားတို့သည်၊ ပလဝန္တိ-အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ ဘွား ကနဲ ဖြစ်ပေါ်လာကြပေကုန်၏၊ ဘိက္ခဝေ-ချစ်သား တို့၊ သတုပ္ပါဒေါ-ငါသည် အာဘယ်ပြုဘူးကောင်းမှု ထူးကြောင့် ဤနတ်ပြည်သို့ ရောက်ရသနည်းဟု ဆင်ခြင်အောက်မေ့ နှလုံးသွင်းခြင်းသည်၊ ဒန္ဓော-နှံ့ဖန်းသော်ကား နှံ့နှေးသေး၏၊ အထဓော-စင်စစ် သော်ကား၊ သော သဇ္ဇော-ထိုဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ ခိပ္ပမေဝ-လျင်စွာသာလျှင်၊ စိသေသ ဘာဂိ-မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဖြန့်ပြူး တရား အထူးကို ရနိုင်သော အကျိုးရှိသည်၊ ဟောတိ-စင်စစ်မသွေ ဖြစ်ပါ၏ချေ၏။

ဒီပါဠိတော်က လူ့ပြည်မှာ ဝိပဿနာ လုပ်ငန်းကို တကယ်တမ်း အားထုတ်ကြတဲ့ ယောဂီ ပုဂ္ဂိုလ်များ အတွက် ဟောတာ၊ ယောဂီပုဂ္ဂိုလ်က ဘယ်နှစ်မျိုးရှိ သလဲဆိုလျှင် သုံးမျိုးရှိတယ်။

မြတ်သော အာနုဘော်ရှိသော ပုဂ္ဂိုလ်,
အလတ်သော အာနုဘော်ရှိသော ပုဂ္ဂိုလ်,

နည်းသော အာနုဘော်ရှိသော ပုဂ္ဂိုလ်-အဲဒီသုံးမျိုး ရှိတယ်။

မြင်သော အာနုဘော်ရှိတဲ့ ပုဂ္ဂိုလ်က လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်ခဲ့လျှင် ငါသည် အဘယ်ကုသိုလ်ကြောင့် ဤနတ်ပြည်သို့ ရောက်ရ သနည်းဟု စဉ်းစား ဆင်ခြင်တာက ကြာသေးတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရတာက မြန်တယ်။

အလတ်သော အာနုဘော်ရှိသော ပုဂ္ဂိုလ်က ဒီလို လွယ်လွယ်နှင့် မရသေးဘူး၊ နတ်ပြည် ရောက်တဲ့အခါ နတ်ပြည်မှာ နတ်အရိယာ သူတော် ကောင်းရတွေ အဖြောက်အဖြားရှိကြတယ်၊ အဲဒီ နတ်အရိယာ သူတော် ကောင်းတွေနှင့် ဓာတ်ပေါင်းမိတဲ့အခါမှာ တယောက်နှင့် တယောက် **ပဋိသန္ဓာ**ရ စကားပြောဆိုကြလို့ ရုပ်တရား နာမ်တရား အသံကြားတာနှင့်တပြိုင်နက် ဒိဗ္ဗစက္ခုလူ့ပြည်က အားထုတ်သွားတဲ့ ဝိပဿနာ တရားကို ဘွားကနဲ ဖြင်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ ဒါက အလတ်သော အာနုဘော်ရှိသော ယောဂီပုဂ္ဂိုလ်။

နည်းသော အာနုဘော်ရှိသော ယောဂီပုဂ္ဂိုလ်က ဒီလို လွယ်လွယ်နှင့် မရနိုင်သေးဘူး၊ လူ့ပြည်မှ နတ်ပြည်ကို ရောက်ပြီး နတ်ပြည်မှာတလေလျှင် ရှစ်ကြိမ် တရားသဘင် ဝင်ကြိုးရှိတယ်၊ အဲဒီတရားသဘင်ဝင်ကြိုးမှာ **နတ်ဓမ္မကထိက** တရားဟောပုဂ္ဂိုလ်တွေ တရားဟောကြတဲ့အခါ တရား

တော်ကို နာရ၍ ရုပ်တရား နာမ်တရား အသိကြားနာရပြီး သစ္စာလေးပါး တရားကို ဘွားကနဲသိပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ဧကန်မလွဲ ရနိုင်တယ်၊ ဒါကြောင့် မဟာသော တာပန်သာ မပျက်သော သီလ,သမာဓိ,ပညာ,နှင့် ပြည့်စုံတာ မဟုတ်ဘူး၊ စူဠသောတာပန် ဖြစ်တဲ့ ပုဂ္ဂိုလ်လဲ အလားတူ ပြည့်စုံနိုင်တယ်။

သဗ္ဗောဓိ ပရာယနော တဲ့ သမ္မောဓိ ဂရာယနော ဆိုတာ အထက်မဂ် အထက်ဖိုလ်ကို သာလျှင် လိုခါ ရကြောင်း မတိမ်းစောင်း နိုင်သော လည်းကောင်းကျော်ရှိတယ်တဲ့၊ ကိုင်း-စဉ်းစားကြည့်စမ်း၊ မဟာသောတာပန် များဟာ အထက်မဂ် အထက်ဖိုလ်ကို လိုချင်လျှင် ရနိုင်တယ်လို့ ဆိုတယ်၊ မလိုချင်လျှင် မရသေးဘူးတဲ့။

ဝိသာခါတို့ အနာထပိဏ်တို့ဟာ ယခုမလိုချင်သေးလို့ မရသေးဘူး၊ နတ်စည်းစိမ်တွေကို ခံစားနေကြတုန်းဘဲ၊ လိုချင်လျှင် ရနိုင်တယ်တဲ့၊ ယခု စူဠသောတာပန်တွေကော ဥဒယဗ္ဗယဆိုတဲ့ ဝိပဿနာဉာဏ်ကို ရနေကြပြီ မဟုတ်လား၊ အမှန်ရနေပြီ ဒီလိုဆိုလျှင် အထက်မဂ် အာဆင်ဖိုလ်ကို လိုချင်လျှင် ရနိုင်နေပြီ၊ ဘာကြောင့်လဲ ဥဒယဗ္ဗယဉာဏ်ကို ရနေပြီဘဲ၊ ဘင်္ဂ်,ဘယ,အာဒီနဝဆိုတဲ့ အထက် ဉာဏ်တွေကို လိုချင်၍ ဝိရိယ သန်သန်နှင့် တကယ်တမ်း အားထုတ်လျှင် မရနိုင်ဘူးလား၊ လိုချင်လို့ အားထုတ်လျှင် အမှန် ရနိုင်တယ်၊ ပိပိ အာသိသကမ္မ လိုချင်တဲ့ဆန္ဒမရှိလို့ အားမထုတ်ထာကိုတော့ ဘယ်သူမှ

မတတ်နိုင်ဘူး၊တကယ်လိုချင်လို့ တကယ်အားထုတ်လျှင် မုချအမှန် ရနိုင်တယ်ဆိုတာ မြဲမြဲကြီး မှတ်သားထားကြ ဘို့ဘဲ။

ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်များ သိသင့် ဆိုထိုက် မှတ်သင့် မှတ်ထိုက်တဲ့ တရားထည်းမှာ ဝိသုဒ္ဓိ ၇-ပါးလဲ အပါအဝင်ဖြစ်လေတော့ ကိုယ်တိုင်သိအောင် အားထုတ် ကြရမယ်—

ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၀-ပါး

ဝိသုဒ္ဓိ ၇-ပါးက

သီလဝိသုဒ္ဓိ,
စိတ္တဝိသုဒ္ဓိ,
ဒိဋ္ဌိဝိသုဒ္ဓိ,
ကင်္ခါဝိတရဏ ဝိသုဒ္ဓိ,
မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ,
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ,
ဉာဏဒဿန ဝိသုဒ္ဓိအားဖြင့် ၇-ပါးဘဲ။

သီလ ဝိသုဒ္ဓိ ဆိုတာ ကာယကံ သုံးပါး ဝစီကံ လေးပါးဟာ ၇ခုနပါဘဲ၊ ကာယကံ သုံးပါးက ပါဏာတိ ပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, အဲဒီ သုံးပါးဘဲ၊ ဝစီကံ လေးပါးက မုသာဝါဒ၊, ဝိသုဏ်ဝါစာ, ဖရုသ ဝါစာ, သမ္ဖပ္ပလာပဝါစာ, လေးပါး၊ အဲဒီ အကုသိုလ် ဒုစရိုက် ၇-ပါးကို အသက်မွေးခြင်းနှင့် တကွ လုံခြုံလျှင် သီလဝိသုဒ္ဓိလို့ခေါ်တယ်။

စိတ္တဝိသုဒ္ဓိကစိတ်၏ စင်ကြယ်မှုကို ခေါ်တယ်၊ ဘယ်လို စင်ကြယ်ရမှာလဲ ဆိုလျှင် ဝိရိယ အားထုတ်၍ သတိမြဲတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးဖြစ်သော သမာဓိကို ရရှိသဖြင့် စိတ်၏ ငြိမ်သက်မှု ရခြင်းဟာ စိတ်၏ စင်ကြယ်မှုလို့ ခေါ်တယ်၊ စင်စစ်ကတော့ သမာဓိဘဲ၊ အဲဒီ သမာဓိကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တယ်။

ဒိဋ္ဌိ ဝိသုဒ္ဓိက ဘာလဲ ဆိုလျှင် အယူ၏ စင်ကြယ်ခြင်းဘဲ၊ ဒါကြောင့် အနျှော်သော ဝိဒူက ပါရဂူ ကြီးမျှားက တရား အားထုတ်တယ်ဆိုတာ ဧရုးဦးစွာ သီလစင်ကြယ်ရမယ်၊ သီလ စင်ကြယ်မှ စိတ်၏ စင်ကြယ်ခြင်းကို ထူထောင်ရမယ်၊ စိတ်စင်ကြယ်မှ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်တယ် လို့ဆိုကြတယ်၊ ဒါဟာ ကျမ်းဂန်အတိုင်း မှုချ မှန်တယ်၊ အဲဒီကျမ်းဂန်အတိုင်း မှန်းဆပြီး **အာစရိယဝါဒ** မရရှိဘဲ ပါမိခဲ့ **အဋ္ဌာနေဒမတိ**နှင့်ပြောဟောလုပ်ကိုင်နေကြတာဘဲ။

လယ်တီဆရာကော်ဘုရားကြီးအလိုအားဖြင့်ဝိပဿနာ အလုပ်ဟာ တံငါမုဆိုးမျှားပါမကျန် ပြုလုပ်ထိုက်တယ်လို့ ဟောထားတာ သာမည အသိနှင့် နားလည်ဘို့ အလွန် ခဲယဉ်းတယ်၊ ဆရာတော် ဘုရားကြီးရဲ့ အာဘော်အတိုင်း ဆိုလျှင် တံငါမုဆိုး တရားအားထုတ်လို့ တကယ် အသိတွေ့သွားမယ်ဆိုရင် မုချ သီလ ဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ,ဟာ တပြိုင်နက် ဖြစ်နိုင်တဲ့ အလုပ် မျိုးဘဲ၊ ဘာ့ကြောင့်လဲ ယခု အားထုတ်နေကြတဲ့ ယောဂီများဟာ ဝိပဿနာကိုယ်မှာ အာရုံပြုလိုက်တာနှင့် ကပြိုင်နက် ပရမတ်

အစစ် ဓာတ်အနှစ်ဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေဟာ တခဏမစဲ တဖွဲဖွဲ အမြဲတမ်း ဖြစ်ပေါ်နေတာကို ပွေ့ဖက်နေသမျှကာလပတ်လုံး သိလရော သမာဓိရော ပညာရော အမြဲတမ်း ပါနေတယ်၊ ဘာ့ကြောင့်လဲ ခန္ဓာကိုယ်မှာ တကယ်ရှိနေတဲ့ ပထဝီဖေါ်ဌဗ္ဗ ဝါယောဖေါ်ဌဗ္ဗ တေဇောဖေါ်ဌဗ္ဗ ရုပ်တွေကို တွေ့နေတာ အလွယ်နှင့်တွေ့တာ မဟုတ်ဘူး၊ ဘယ်သူက တွေ့တာလဲဆိုလျှင် **သမ္မာဒိဋ္ဌိ** ဆိုတဲ့ ပညာမဂ္ဂင်က တွေ့တာ၊ ဒီ ပညာမဂ္ဂင်က ဘယ်က ရသလဲဆိုလျှင် **သမ္မာသင်္ကပ္ပ**- ကောင်းစွာ ကြံဖေးလို့ ရတာဖေါ့၊ ဒီလို သမ္မာသင်္ကပ္ပက ကြံနိုင်ခြင်းဟာ **သမာဓိ** ဆိုတဲ့ ဇောကတာ စိတ်တည်ကြည်မှုမရဘဲ ဘယ်နည်းနှင့်မျှ ရုပ်ကိုမတွေ့နိုင်ဘူးဆိုတာ မှတ်ထား၊ ဒီလို စိတ်တည်နိုင်ခြင်းဟာ အလိုလိုပေါ်လာတာမဟုတ်ဘူး၊ **သဒ္ဓါ** ဆိုတဲ့ တရားက အမြဲနှလုံး သွင်းပေးလို့ ရတာ၊ ကောင်းပြီ ဒီသတိကကော ဘယ်ကရတာလဲဆိုလျှင် **ဝီရိယ** ဆိုတဲ့ အားထုတ်မှုမရှိဘဲနှင့် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး၊ အဲဒီ ဝီရိယသတိနှင့် ပြည့်စုံလို့ သမာဓိဖြစ်တယ်၊ သမာဓိဖြစ်လို့ သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိ, ဆိုကဲ့ **ပညာ**ကို ရလို့ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို သိတာ၊ ကောင်းပြီ ဒီလို ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို သိနေတဲ့ ပုဂ္ဂိုလ်ဟာ ကာယကံ, ဝစီကံ,မျှား ကျူးလွန်နိုင်ပါအုံးမလား စဉ်းစားကြည့်ကြ၊ ဘယ်နည်းနှင့်မျှ မလွန်ကျူးနိုင်ဘူး၊ အဲဒီလို မလွန်ကျူးနိုင်လျှင် သီလဝိသုဒ္ဓိဖြစ်နေပြီဘဲ မဟုတ်လား၊ သီလဝိသုဒ္ဓိ, စိတ္တ

၀ိသုဒ္ဓိ, ဒိဋ္ဌိ၀ိသုဒ္ဓိ, ဟာ ရုပ်နာမ်ကို တွေ့၍ ဖြစ်ပျက်ကို သိနေရင် ဒိဋ္ဌိ၀ိသုဒ္ဓိ ဖြစ်နေတာဘဲ၊ ကောင်းပြီ ဒိဋ္ဌိ၀ိသုဒ္ဓိ ဆိုတာက နံတာမဟုတ်ဘူး၊ ခြောက်ဆယ့် နှစ်ပါးသော ပိဿာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ (၂၀)နှစ်ဆယ်၊ နုတ္ထိကဒိဋ္ဌိ အဟောတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမရာ၀ိက္ခေပဒိဋ္ဌိ၊ အဲဒီ ဒိဋ္ဌိတွေ အကုန်ပြုတ်ကုန်တာဘဲ၊ ဘာ့ကြောင့် ပြုတ်တာလဲ ဆိုလျှင် ရုပ်နာမ်၏ ဖြစ်ပျက်ကို တွေ့လို့ပဲ့ မှတ်ရမယ်။ များသောအားဖြင့် ဖြစ်သော ဒိဋ္ဌိက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမရာ၀ိက္ခေပဒိဋ္ဌိ များစွာ ဖြစ်တတ်ကြတယ်။

သဿတဒိဋ္ဌိ ဆိုတာ ဤဘ၀မှ ဖြစ်သော ရုပ်နာမ် ခန္ဓာဟာ ဟိုဘ၀သို့ လိုက်တယ်လို့ အယူမှားတတ်တယ်၊ များသောအားဖြင့် ဗုဒ္ဓဘာသာလူမျိုးများ ယူတတ်တယ်၊ ဘာကြောင့်လဲ ဆိုလျှင် လူ၀င်စားကလေးတွေကို အကြောင်း ပြုပြီး ယူတတ်တယ်။

ဥပမာ ဒီကလေးဟာ လူ၀င်စားကလေးဘဲ၊ အိုးမဲကြီးနှင့် မှတ်လို့၊ သို့မဟုတ် ပိုးကြိုးကလေးနှင့် မှတ်လို့ လို့ ယူတတ်တယ်၊ အခုကြီးကလဲ လဲ့နှင်းသေတဲ့လူ၀င်စားလို့ လဲ့နှင်းရုကြီးတောင် ပါလာသေးတယ်လို့ ပြောကြတယ်၊ အဲဒါ ဤဘ၀က ရုပ်နာမ်ဟာ ဟိုဘ၀လိုက်တယ်လို့ ယူကြတာပေါ့။

ဥစ္ဆေဒဒိဋ္ဌိက အခုကြို ဘာသာခြားဖြစ်သော လူမျိုးများ ယူတတ်တယ်၊ ဘာကြောင့်လဲ ဆိုလျှင် ယခုဘ၀ သူတို့

ဘာလုပ်လုပ် နောင်ဘဝမှာ တိုဘာမှမဖြစ်ဘူး သေလျှင် ဘဝပြတ်ကရောဟု ယူဆကြတယ်၊ အဲဒါဥစ္ဆေဒဒိဋ္ဌိဘဲ။

အလယ်အလတ် ကြားချပြီး မပြတ်တပြတ်လို အယူမှားလျှင်လဲ ဖေါက်ပြန်တဲ့ **အဓမ္မရာဂဒိဋ္ဌိ**လို မှတ်ရမယ်၊ အဲဒီသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမရာဝိက္ခေပ ဒိဋ္ဌိဟာ ဘယ်က ဖြစ်ပေါ်လာတာလဲ ဆိုတာ စဉ်းစားကြတို့ဘဲ၊ ဒီ ဒိဋ္ဌိသုံးပါး လွတ်အောင် ဘယ်လိုယူဆမလဲ စဉ်းစား စမ်း၊ ရင်ကြပ် မသွားဘူး လား၊ အဲဒီ ဒိဋ္ဌိ သုံးမျိုး ဟာ ဘယ်က ဖြစ်လာတာလဲ ဆိုလျှင် မူလက အတ္တ ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိက ဖြစ်ပေါ်လာ တာပေါ့၊ ဒီ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပြုတ်သွားလျှင် **အလုံးစုံသော** ဒိဋ္ဌိတွေ အကုန်ပြုတ်နိုင်တယ်၊ဒါကြောင့် ဥပမာနှင့်ထင်ရှားအောင် ပြမယ်၊ အဲဒီ ပြသမဲ့ ဥပမာနှင့်သာစဉ်းစားပြီး ယူဆကြပေတော့။

ဥပမာ မုံရွာနယ်မှာ **မအေရွာ**လို ရှိတယ်၊ အဲဒီ မအေရွာက **မဘဇာ**နှင့် **မအေဌ**ီမုံရွာမြို့ကို ဈေးဝယ်သွားကြ တယ်၊ မဘဇာက ရွှေက သွားလို မအဝှါက နောက်က လိုက်တယ်၊ ဒီအခါမှာ ရွှေကသွားတဲ့ မဘဇာက သွားရင်းပင် စိတ်ကူးမိတယ်၊ ဘယ်လို စိတ်ကူးမိသလဲ ဆိုလျှင်-ငါ့မှာ ငွေပါ လာတာ ကလဲနဲ့, လိုချင်တာက များနေတယ်၊ ခုနေအခါ များ **ဇွဲခဲ့**ကို ကောက်ရလျှင် အတော်ဘဲလို့ အဲဒီလို စိတ်ကူးမိတယ်၊ အဲဒီ စိတ်ကူးမိတာကို

၀မ်းထဲမှာ မထားနိုင်ဘူး၊ နောက်ကပါတဲ့ မအဝ့ါကို ထုတ်ဘော်ပြောတယ်၊ 'ဟေ့ နောက်ကပါတဲ့ မိအဝ့ါ ခုနေမျှား ငါ့ရွှေအိုးကိုကောက်ရလျှင် နှင့်ကို ငါတပြားမှ မပေးဘူး'လို့ ပြောတယ်၊ ဒီတော့ နောက်ကပါတဲ့ မအဝ့ါကလဲ 'သယ်-ခုလိုမျှား ရွှေအိုးကို ကောက်ရလို့မှ ငါ့ကို တဝက် မပေးလျှင် နှင့်ကိုစီးလာတဲ့ ခုံတိုနပ်နှင့် အဆော်ဘဲ' လို့ ပြန်ပြောတယ် ဒီတော့ဘဗန် ရှေ့က မဘဇာက 'သယ်-ငါနှင့် ထိုက်လို့ ငါရတာ နင်ဘာရမလဲ ဘာပြုလို့ပေးရမလဲ' လို့ ဆိုပြီး နှစ်ယောက်သား ရန်ဖြစ်လိုက်တာ တလမ်းလုံး ကြွက် ကြွက်ညံ့သွားတာဘဲ၊ ဒီလိုလမ်းပေါ်မှာရန်ဖြစ်နေကြတာကို လမ်းဘေးထန်းတောမှ ထန်းတက်သမား ကိုပဉ္စင်္ဒ ကကြားတာပေါ့၊ ကြားတော့မှ မဘဇာနှင့် မအဝ့ါထံ ရောက်အောင်လာပြီး ကိုပဉ္စင်္ဒကို 'ဘယ့်နှယ်လဲဗျာ ခင်ဗျားတို့ လာတာက နှစ်ယောက်ထဲ ရန်ဖြစ်လိုက်တာက ကြွက်ကြွက်ညံ့လို့ ဘယ်လို အကြောင်း ပါလဲဗျာ' လို့ မေးတော့၊ နောက်က လိုက်တဲ့မအဝ့ါက ''ကြည့်ပါတော်ကျွန်တော်မတို့ အတူသွား အတူလာ ရွှေအိုးကို ကောက်ရလျှင် ကျွန်တော်မကို တဝက် ပေးထိုက်ပါလျက် သူက မပေးနိုင်ဘူးလို့ ပြောတယ်၊ အဲဒါ ပေးထိုက် မပေးထိုက် ရှင်ဘဲ ဆုံးဖြတ်ပါရှင်'' လို့ ပြောတယ်၊

ဒီတော့ ရှေ့က မဘုရားကလဲ ' ဟုတ်ပါ့တော် ကျုပ်နှင့်ထိုက်လို့ ကျုပ်ရတာပေးထိုက် မပေး ထိုက် ရှင်ဘဲဆုံး ဖြတ်ပါရှင် ' လို့ပြောတော့—

ထန်းတက်သမားကိုပဏ္ဍိုက စည်းစားတယ်၊ပေးထိုက် တယ်လို့ ဆုံးဖြတ်လိုက်လျှင် နောက်လူမျက်နှာ လိုက်ရာ ကျမယ်၊ မပေးထိုက်ဘူးလို့ ငါဆုံးဖြတ်လျှင် ရှေ့လူကို မျက်နှာ လိုက်ရာကျမယ်၊ အကယ်၍ ငါ မဆုံးဖြတ်ဘဲနေ လိုက်လျှင်လဲပညာမရှိဘူးလို့ငါ့မှာ အပြောခံရမယ်၊ဒီအခါ ဦးပဏ္ဍိ အတော့်ကို ရင်ကြပ်သွားတာပေါ့၊ သို့သော်လဲ ဦးပဏ္ဍိက ပညာဉာဏ်နှင့် စဉ်းစားပြီး ' ကောင်းပြီ ခင်ဗျား တို့ရဲ့ တရားနှစ်ပြင်ကို ကျုပ် ဆင်ခြင်၍ ဆုံးဖြတ်မယ်၊ ခင်ဗျားတို့ရဲ့ရွှေဒိုးက ဘယ်မှာလဲဗျာ ' လို့ မေးလိုက်တော့၊ မဘုရားနှင့်မအဝဂ္ဂါက တယောက်မျက်နှာတယောက်ကြည့် လျက်ပြီးဗစိလုပ်နေပြီး ' အင်း-ရွှေဒိုးတော့ မရှိသေးပါဘူး တော်,မတော်တဆရခဲ့ပါသော်,လို့ဆိုကြတယ်,ဒီတော့မှ ဦးပဏ္ဍိလဲ ရင်ချောင်သွားတယ်၊ ဦးပဏ္ဍိက ခင်ဗျားတို့ နှစ်ယောက်ဟာ တကယ်မရတဲ့ ရွှေဒိုးကို တကယ်ပင် အရလုပ်ပြီး ရန်ဖြစ် နေကြတာကိုး၊ တကယ် မရတဲ့ ရွှေဒိုးကို မရမှန်းသိလျှင် ခင်ဗျားဘို့ နှစ်ယောက်ဟာ ရန် ဖြစ်စရာမရှိပါဘူး၊ အကယ်၍ ခင်ဗျားဘို့ နှစ်ယောက်ဟာ ကျုပ်နှင့်သာ မတွေ့လျှင် မရတဲ့ ရွှေဒိုးကို အရလုပ်ပြီး ဒီရန်ပဲကြီးဟာမုံရွာမြို့ကပြန်၍ မအရှေ့ရွာရောက်တောင် ဆွေ ဆက်မျိုးဆက် ပြတ်လောက်အောင် ရန်ဖြစ် နေကြမှာဘဲ၊

ခုတော့တကယ်မရတဲ့ဖွေဆိုးကို မရမှန်းသိသွားလို့ရန်ပြေ
သွားကြတာ၊ အဲဒါ ဥပမာဘဲ။

ယခုပြောတဲ့ သဃ်ဃတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, အမရာ၀ိက္ခေပ
ဒိဋ္ဌိ,ဟာ ဘာ့ကြောင့်ဖြစ်ထာလဲ ဆိုလျှင် **အဇ္ဈတ္တ**ဒိဋ္ဌိကြောင့်
ဖြစ်တာ၊ယခု ၀ိပဿနာအားထုတ်ထားတဲ့ ယောဂိပုဂ္ဂိုလ်
များဟာ ၀ိပဿနာဉာဏ်ရနေသဖြင့် ဒီဃိခန္ဓာမှာ တကယ်
အမှန်ရှိနေတဲ့ ခန္ဓာငါးပါးရုပ်တရား နာမ်တရားတွေဟာ
မျက်တောင် တခတ်မျှ ခိုင်မြဲနေတာကို မတွေ့ရ သဖြင့်
ဤဘ၀မှ ဖြစ်တဲ့ ခန္ဓာ ရုပ်နာမ်တွေဟိုဘ၀သို့ လိုက်ဘို့ကို
မဆိုထားနှင့် ယခု ထိုင်ရာ၌ ဖြစ်ပျက်နေသော ခန္ဓာ ရုပ်
နာမ် တွေ ထသွားတဲ့နောက် မလိုက်ထာ့ ကိုယ်တိုင်သိနေ
ရက်သားနှင့် ဤဘ၀က ခန္ဓာ ရုပ်နာမ်တွေ ဟိုဘ၀ကို
လိုက်တယ်လို့ ဘယ်နည်းနှင့်မျှ မယူနိုင်ဘူး၊အဲဒါသဿတ
ဒိဋ္ဌိပြုတ်သွားပြီ။

ဤဘ၀က ခန္ဓာရုပ်နာမ်တွေဟိုဘ၀သို့မလိုက်ဘူးပြုတ်
သွားရောဆိုတဲ့ ဥစ္ဆေဒ ဒိဋ္ဌိကကော ဘယ်လို ယူမလဲ၊
အဟောင်း ရုပ်ကလာပ်တွေပျက်တိုင်းနှာနက္ခဏိက **ကမ္မ**
သဉ္စေနှင့် မပြတ်ဖြစ်နေတာကို ကိုယ်တိုင် သိနေတာ နိဗ္ဗာန်
ကိုမရသမျှ ဤ ရုပ် နာမ် ခန္ဓာတွေ မပြတ် ဖြစ်ပျက်နေတာ
သိလျက်သားနှင့် ဘယ်နည်းနှင့် ပြတ်ရောဆိုတဲ့ ဥစ္ဆေဒ
ဒိဋ္ဌိကို ယူနိုင်အုံးမလဲ မယူနိုင်ဘူး။

ဒီကြားထဲက ဖေါက်ပြန်တဲ့မပြတ်တပြတ်ဆိုတဲ့အမရာ
၀ိက္ခေပ ဒိဋ္ဌိကိုလဲ ဘယ်နည်းနှင့်မျှ မယူတော့ဘူး၊ အဲဒါ

ဘာ့ကြောင့်လဲ အဓွာ ဒီဋ္ဌိ ပြုတ်သွားလို့ မှတ်၊ ဒီ ဒီဋ္ဌိ တကယ်ပြုတ်သွားလျှင် ကခ်ီဝိတရဏာဝိသုဒ္ဓိလဲ. စဉ်ကြယ်ပြီးသားဘဲ။

ကခ်ီ ဝိတရဏာ ဝိသုဒ္ဓိက ယုံမှား ဂ့စ်ချက် ဂို့တယ်၊ ယုံမှားဂ့စ်ချက်က ဘယ်သူတွေလဲဆိုလျှင်—

ဗုဒ္ဓေ ကခ််တိ....ဘုရား၌ ယုံမှားခြင်း၊
ဓမ္မေ ကခ််တိ....တရားတော်၌ ယုံမှားခြင်း၊
သံဃေ ကခ််တိ.....သံဃာတော်၌ ယုံမှားခြင်း၊
သိက္ခာယ ကခ််တိ....သိက္ခာပုဒ်၌ ယုံမှားခြင်း
ပုဗ္ဗန္တေ ကခ််တိ....အတိတ်၌ ယုံမှားခြင်း၊
အပရန္တေ ကခ််တိ.....အနာဂတ်၌ ယုံမှားခြင်း၊
ပုဗ္ဗန္တာပရန္တေ ကခ််တိ....ပစ္စုပ္ပန်၌ ယုံမှားခြင်း၊
ပဋိစ္စသမုပ္ပါဒေကခ််တိ-ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း၊

အဲဒီ ဂ့စ်ပါးဘဲ၊ ဒီ ဂ့စ်ပါးဟာ ဒီဋ္ဌိ ပြုတ်သွားကထဲက ကခ်ီဝိတရဏဝိသုဒ္ဓိဖြစ်သွားတာဘဲ၊ ပိဝိကိုယ် သန္တာန်မှာ တကယ့်အစစ် ချပ်နာမ်ကလွဲလို့ ဘာမှ မဂို့ဘူးဆိုတာ သိကထဲက ဘုရားလဲ အမှန်ဘဲ တရားတော်လဲ အမှန်ဘဲ သံဃာလဲ အမှန်ဘဲဆိုတာ ဇကန် သိသဖြင့် ဘုရားမှာလဲ ယုံမှားကင်း တရားတော်လဲ ယုံမှားကင်း သံဃာတော်လဲ ယုံမှားကင်းသွားဖြ၊ ပိဝိကျင့်တဲ့ သိက္ခာပုဒ် ကျင့်ဝတ်က ဖြတ်မှ ဖြတ်ပါ့မလားဆိုတဲ့ သံသယမျိုး ကင်းသွားတာပေါ့၊ ဘာကြောင့်လဲ သိလမဂ္ဂင်သုံးပါး, သမာဓိ မဂ္ဂင်

သုံးပါး, ပညာမဂ္ဂင် နှစ်ပါးဖြစ်တဲ့ သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးကို ယုံမှားကင်းသွားပြီ။

ပုဗ္ဗန္တေ ကင်္ခတိ, အပရန္တေ ကင်္ခတိ,ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိဆိုတာက အတိတ် အနာဂတ် ပစ္စုပ္ပန် ဤသုံးပါး ကိုခေါ်တာ၊ လွန်ပြီးသော ကာလကိုလဲ ယုံမှားကင်းပြီ၊ မရောက်သေးသော အနာဂတ် ကာလကိုလဲ ယုံမှားကင်းပြီ၊ ယခု ပစ္စုပ္ပန်ကာလကိုလဲ ယုံမှားကင်းပြီ၊ ဘာနှင့် ဥပမာဆောင် ပြရမလဲဆိုလျှင် ထန်းပင် အဖိုပင်နှင့် ဥပမာပြမယ်—

ဥပမာ ထန်းပင် အဖိုပင်ကို မြင်တာနှင့် တပြိုင်နက် ဒီထန်းပင်အဖိုပင်ကြီးဟာ လွန်ပြီးသောကာလက သီးမျှားသီးသလားမှ မသိဘဲဆိုတဲ့ သံသယမျိုး မရှိဘူး၊ ဒီထန်းပင် အဖိုပင်ကြီးဟာ တို့မရှိတဲ့နောက် အနာဂတ် အခါမှာ သီမျှား သီးအုံးမှာလားမှ မသိလို့ ဒီလို သံသယမျိုးလဲမရှိတော့ဘူး၊ ဒီထန်းပင် အဖိုပင်ကြီးဟာ ယခုဒီနှစ်မှာ သီးဆဲမျှား ဖြစ်အုံးမလားဆိုတဲ့ သံသယမျိုးလဲ လုံးဝ မရှိတော့ဘူး။

ဘဲဒီထန်းပင်အဖိုပင်ကိုမြင်သဖြင့် အတိတ်,အနာဂတ်, ပစ္စုပ္ပန်,၃ ယုံမှားကင်းသလို ဒါဒိဓန္ဓာက်ုယ်၌ ဖြစ်ပျက်ကို တွေ့သဖြင့် ရုပ်တရား နာမ်တရား မျှားဟာ ပစ္စုပ္ပန် သက်သက် ဖြစ်ပျက်မျှသာရှိသည်ကို တွေ့သဖြင့် လွန်ပြီးသော အတိတ်ကာလမှာ သတ္တဝါအထူးမရှိ၊ ဖြစ်ပျက်ဘဲ

ရှိဘာဘဲ၊ နောင် အနာဂတ်ကာလမှာလဲ ဖြစ်ပျက်ရပ်နေမ်ဘဲ ရှိတာဘဲ၊ယခုပစ္စုပ္ပန်မှာလဲ ဖြစ်ပျက်ရပ်နာမ်ဘဲဆိုတာ အမှန်သိနေသောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ် သုံးပါးမှာ သတ္တဝါအထူး မရှိဘဲ ပစ္စုပ္ပန် ရပ်နာမ် ဖြစ် ပျက်ဘဲ ဆိုတာ မုချသံသယကင်းသွားပြီ၊

ပဋိစ္စသမုပ္ပါဒေကခ်ဲကို ဆိုတာကကော ယခုဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာဟာ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် ဆိုတာ ထင်ရှား သိနေသဖြင့် အခြေကြောင်း တရားကြောင့် အကျိုးတရား ဖြစ်ကြောင်း ထင်ရှား သိနေသောကြောင့် ပဋိစ္စသမုပ္ပါဒ်လဲ ယုံမှားကင်းသွားပြီ၊ အဲဒါ ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ်တယ်။

ကိုင်း ယခုတွေ့ရတာ သိလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ,လေးပါး ရသွားပြီ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိက ဘယ်အခါမှာ ဖြစ်ထာလဲ ဆိုလျှင် ဥဒယဗ္ဗယ ဉာဏ်ထဲမှာဘဲ ဖြစ်တယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ဥဒယဗ္ဗယ ဉာဏ်မှာ ဝိပဿနာ ညစ်ငြူးကြောင်း ဆယ်ပါး တပါးပါး ပေါ်ပေါက်လာတတ်တယ် အဲဒီ ဝိပဿနာညစ်ငြူးကြောင်း အန္တရာယ် ဆယ်ပါးမှာ-

ဝိပဿနာ အန္တရာယ် ဆယ်ပါး

၁။ **ဩဘာသ**-အလင်းရောင် အမျိုးမျိုး၊ ၎င်းတို့သည် သမထယာနိကပုဂ္ဂိုလ်များမှ သာ၍ တွေ့တတ်တယ်၊

တွေ့တာတ်ပုံမှာ၊ တရားကို ကောင်းစွာအားထုတ်၍နေရင်း လင်း၍ လာတတ်တယ်၊ အလင်းရောင်သည် နေရောင် လရောင်နှင့် မတူဘဲ လွန်စွာ ထွန်းတောက်ပခြင်း၊ သင့် တော်ရုံလောက်သာ လင်းခြင်းတို့ဖြင့် အမျိုးမျိုး ဖြစ်တတ် တယ်၊ တခါတရံ အလင်းရောင် ရောက်ရာအရပ်၌ရှိသော အရာများကို မြင်ရတယ်။ တခါတရံလဲ တလောကလုံးမှာ လင်းပြီး ဒိဗ္ဗ စက္ခုဉာဏ်နှင့်တကွ အရာဝတ္ထုမှန်သမျှ ပထဝီမြေကြီးတောင်မှ မရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်လျက် အရပ်ဆယ်မျက်နှာစလုံး အာကာသ ကောင်း ကင်ကြီး သဘွယ် ဖြစ်လျက်နေတတ်တယ်၊ ဤသို့ ဖြစ်ပြီး သတိရလာသောအခါ တလောကလုံးမှာ အကောင် အထည်ဟူ၍ မြင်မျှမရှိ၊ **ပရမတ္ထသဘာဝ**ဆိုတာ အဖိုင်အခဲ အကြီးအသေးဟူ၍ မရှိ၊ သဘောတရားမျှသာ ရှိတယ် ဆိုတာကြောင့် ဘာမျှမတွေ့ရတာ ထင်ပါရဲ့၊ **အနိစ္စ-ဒုက္ခ-သုညတ**-ဆိုတာ များလားဟူ၍ တောင် ယောင်ရမ်းပြီး အောက်မေ့တတ်တယ်၊ ဤလို **ဝိပဿနုပက္ကိလေသ** မျိုးနှင့် တွေ့သေးအခါ နှဂိုရှိမူလက ကြားဘူး နားဝ ရှိထားဘူး သော သဘောတရားမျိုးနှင့် ဆင်တူရိုးမှား ဖြစ်နေလျှင် ကိုယ်ထင်သလို ယူဆတတ်ကြတယ်၊ ထိုအခါ မှားလဲ မှားတတ်တယ်၊ မှန်လဲ မှန်တတ်တယ်၊ မှန်မှန် မှားမှား ကျမ်းအစောင်စောင်တို့၏သဘောနှင့်အံကျအောင် ကိုက် နေမှ မှန်သည်ဟုတထစ်ချမှတ်ယူရမယ် ဤနေရာ၌ ကျမ်း ဂန်သည်သာလျှင် ဆရာဖြစ်တယ် ကြပ်ကြပ် သတိထား၊

သို့မဟုတ်လျှင် ကိုယ်ထင်ကာကို အဟုတ်လုပ်၍ ပြောနေတတ်ကြတယ်၊ ဒီလိုပြောလျှင် ကိုယ်တိုင်လဲမှား ကိုယ့်ကိုယုံကြည်အားထားနေကြသော ယောဂီများလည်း တသိကြီးမှားသွားတတ်တယ်။

၂။ **ဥာဏ**-အလွန် သန့်ရှင်းကြည်လင် ထက်မြက်ရှုသောဉာဏ်၊ ဤဉာဏ်သည် ဖြစ်ပျက်တို့ကိုရှုမြင်နေရာမှ တဖြည်းဖြည်း အရှိန်ပြေ၍ သတိရလာခါစ၌ ဖြစ်စေ ညဘာသနှင့် တွေ့တုန်းအခါ၌ ဖြစ်စေတွေ့ပြီးမှ သတိရလာသောအခါ၌ဖြစ်စေ **ဘာဝနာမယဉာဏ်** ဖြင့်ကောင်းစွာ ရှုမြင်ခဲ့ရသော အ,နိမိတ်နှင့်-သုညတ သဘောတို့ကို သတိရလျက် ထိုသဘောတို့သည် အလွန့် အလွန်ထူးကဲနက်နဲ့ အံ့ဘွယ် သဂါကြီးမှန်း သိလျက် ဟိုရှေးတုန်းက၌ မျှလောက် ထိအောင် သိနိုင်ရကောင်းမှန်း မသိသောထူးကဲ နက်နဲတဲ့တရားတို့ကို ထူးကဲသောဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ ကောင်းစွာ သိလာရသောကြောင့် ကောင်းကောင်းကြီး ဉာဏ်ရှင်းသွားပြီးလျှင် ဒေသနာစဉ်အတိုင်း သိခဲ့ရဘူးသော သုတမယ,စိန္တာမယ, သညာသိ,ဝိညာဉ်သိတို့သည် **ယာဒိ ဝိပဿနာပညာစက္ခု**ဖြင့်သိမြင်ရတာနှင့် စာလျှင် အာဟာရတခုကို ကြားဘူးသောသူနှင့် စားဘူးသောသူကဲ့သို့၊ သိရပုံချင်း အတိမ်အနက် အလွန့် အလွန် ကွာခြားနေသဖြင့် အလွန်တရာ နှစ်သက်ဝမ်းမြောက်ခြင်းတို့ဖြင့်ခြံရံလျက် အေးအေး ဆေးဆေး ကြည်ကြည် သာသာစဉ်းစားဝေဘန်၍ နေတတ်တယ်၊ ဤသို့နေခြင်း

သည် **ပဋိသန္ဓိဒါဠာဏ်** ရင့်သန်သည် မှန်သော်လည်း ဝိပဿနာ အရှု ပျက်သဖြင့် ဝိပဿနုပက္ကိလေသဟု ခေါ်တယ်။

၃။ **ဒိဋ္ဌိ**-နှစ်သက်ခြင်း၊ တရား အားထုတ်ရင်း နှစ်သက်ဘွယ်, သာယာဘွယ်,သဘောကျဘွယ်တို့နှင့်တွေ့၍ စိတ်ကြည်လင် ရွှင်ပျနှစ်သက်ရခြင်းကိုခေါ်တယ်။

၄။ **ပဿဒ္ဓိ**-ကိုယ်စိတ် ငြိမ်းခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးစွာဖြင့် ချမ်းသာစွာနေရသော ဝိတိပဿဒ္ဓိများ။

၅။ **သုခ**-ချမ်းသာခြင်း၊ ဝိတိ ပဿဒ္ဓိ တို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရခြင်း။

၆။ **အဓိမောက္ခ**-ထက်သန်သော သဒ္ဓါတရား၊တရား အားထုတ်ရင်း ထူးကဲမွန်မြတ်သော တရားတို့ကို ထိုး တွင်း၍,ရှုမြင်ရသဖြင့် အထူးယုံကြည်လျက် စေတနာ သဒ္ဓါတရားတက်ကြွ၍နေခြင်း၊ ဝိဓိနှင့် ခင်မင်ရာ ခင်မင် ကြောင်းဖြစ်သော ပုဂ္ဂိုလ်များကိုလည်း ဝိဓိကဲ့သို့ဆိုဆိုဖြင် ရစေလိုသော စိတ်များ ဖြစ်ပေါ်လျက်နေခြင်း၊ ဤကဲ့သို့ စေတနာ သဒ္ဓါတရား တက်ကြွ၍နေခြင်းသည် ကောင်း သည်ပင် မှန်သော်လည်း ဝိပဿနာ အရှုရ လစ်သဖြင့် ဝိပဿနာအန္တရာယ်ဟုခေါ်တယ်။

၇။ **ပဂ္ဂဟ**-အားထုတ်ခြင်း ဝိရိယ၊ တရား အားထုတ် ရင်း ယုံကြည်မှုသဒ္ဓါတရား အားကြိုးလာပြီးလျှင် အား တက်သရော အရင်စလို မဂ်ဖိုလ်ကိုရလိုလွန်း၍ ရှုရိုးရှုစဉ်

အတိုင်းထက် ပို၍ ဘယ်လို လုံ့လ စိုက်၍ ရှုရလျှင် ပို၍ ကောင်းမည်နည်းဟု ကြံစည် ပြုလုပ်ခြင်း၊ လိုသည်ထက် ပို၍ လုံ့လစိုက်ခြင်း၊ "ဝီရိယ လွန်လျှင် ဥဒ္ဓစ္စ ဖြစ်တတ်သည်"ဟုဆိုသကဲ့သို့ပင်ဖြစ်တယ်၊ ညီတော် **အာနန္ဒာ**ကို ကြည့်၊ ဝီရိယလွန်၍ မရုန်ိင်တော့မှ ရုန်ိင်မည့် မထင်ပါ ဘူးဟု စိတ်ကို လျှော့ပြီး လျောင်းရင်း ဦးခေါင်းနှင့် ခေါင်းအုန်း မထိဖို **အရဟာတ္တ ဖိုလ်**ကို ရသွားတယ်၊ ဝိပဿနာဆိုတာ ပေါ့တော့တော့နှင့် ရှုလျှင်လည်း ဉာဏ် မတက်၊ ဝီရိယလွန်ပြီး ဓိဒ္ဓိ စိတ်ကို ဓိဒ္ဓိ နောက်ကလိုက်၍ တိုက်တွန်း နှိုးဆော် နေလျှင်လည်း ဉာဏ်မတက်၊ အနှောက်အယှက်သာဖြစ်တတ်တယ်၊သို့ဖြစ်၍ ဖြစ်ပျက်ကို ထွေ့လျှင် ကြံစည်တွေးတောခြင်း မရှိဘဲ၊ အလိုက်သင့် စူးစိုက်လျက်ရှုသွားရမယ်၊ မြင်သလိုသာရှုသွားပါ၊ ရှုချင်သလိုမြင်ရမည်ဟူ၍ကား မအောက်မေ့ပါနှင့်။

၈။ **ဥပဋ္ဌာန**-ထင်ခြင်းသတိ၊ တရား အားထုတ်ရင်း စိတ်၏ စကြယ်မှကြောင့် ငယ်စဉ်က ဖြစ်စေ ကြာမြင့် လွန်စွာကဖြစ်စေ ကြုံတွေ့ခဲ့ရဘူးလျက် လုံးဝမေ့နေသော အမှုကိစ္စဟုသုတ တစုံတရာတို့ကို ဖြစ်စေ ဟိုတုန်းက ဉာဏ်မရှင်းဘဲ နေခဲ့ရသော ခန္ဓာ, နာမ်, ရုပ်, သဘော တို့ကိုဖြစ်စေ သတိရ၍ လာတတ်၏၊ ထိုအခါ ဖြေလင့်ခြင်း မရှိသောအချက်တို့ကို စိတ်၌ ပေါ်လာသောကြောင့် အံ့အားသင့်စွာ ရှောက်၍ စဉ်းစား နေတတ်သဖြင့် တရား အားထုတ်ထာ၌ အနှောက်အယှက် ဖြစ်ရသည်။

၉။ ဥပက္ခာ-လျစ်လျူ။ ရှုခြင်း၊ ရုပ်,နာမ်, ဖြစ်ပျက်တို့ကိုအမှုမဲ့အမှတ်မဲ့ရှု၍ နေတတ်ခြင်း၊ ဤအဖြစ် မျိုးမှာ ရုပ်နာမ်ဖြစ်ပျက်ကို သာမညလောက်သာလျှင် ရှုမြင်ရဘူး၍ ဤမျှလောက်သိရလျှင် ပြီးမြောက်ပြီဟု ထင်၍ နေသော ယောဂီများနှင့်ဝိပဿနာကို အားကြိုးမာန်တက်အားထုတ်ပြီး၍ ကျေနပ်လောက်အောင် ရှုမြင်ရဘူးသော သူများတို့သည် နောက်ထပ် ဓံဘန်ဂံခါ အားထုတ်သော အခါများ၌ သာမည သဘောဖြင့် ပညတ် ရုပ်ကြိုးပေါ်၌ ဖြစ်ပျက် ဂိမှန်း သိရ ရုံလောက် ကိလေသာ မဝင်နိုင် ရုံလောက် ဝတ်ကြေ ဝတ်ကုန်ရှု၍ နေတတ် ခြင်းမျိုးကို ဆိုလိုသည်၊ ဤသို့ ရှုနေခြင်းသည် ဧရာသို့ မတိုးတက် နိုင်သည့် ဖြစ်သောကြောင့် ဝိပဿနုပက္ကိလေသဟု ခေါ်ရတယ်။

၁၀။ **နိကန္တီ**-ကပ်ငြိခြင်း၊ အထက်ပါ ဩဘာသ,ဝိတိစသည်တို့နှင့် ဝေ့ဝဲပြီးသော အခါ နှစ်သက်,သာယာ, တွယ်တာ ကပ်ငြိ၍ နေတတ်ခြင်းကို ဆိုလိုသည်။

ဤကဲ့သို့တရုန့ပေါ်လာတဲ့အခါ မိမိကိုယ်တိုင်ပရိယတ်ကျမ်းကျင်၍သော်၎င်း သို့မဟုတ်ဆရာသမားဏ် ဥပနိသယ ရှိ၍သော်၎င်း ဤကဲ့သို့ပေါ်လာလျှင် ဒါဟာဝိပဿနာနှင့်မဆိုင်တော့ဘူး၊ မဂ်ဖောက်ကြောင်း မဟုတ်သေးဘူး ဆိုတာ သိသဖြင့် မဂ္ဂ၊ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်တယ်။

ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိက ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာ

ဉာဏ်, ပဋိသန္ဓိဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တွေနှင့် ယှဉ်ပြိုးသွားတာက ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ လို့ခေါ်တယ်၊ အဲဒီ ဝိသုဒ္ဓိ ခြောက်ပါးက **လောကီဝိသုဒ္ဓိ** ဖြစ်တယ်။

လောကီဝိသုဒ္ဓိပင် ဖြစ်သော်လဲ ဗောဓိပက္ခိယ-တရားသုံးဆယ့်ခုနစ်ပါးဌိအကျုံးဝင်သောတရားဖြစ်၍ **ပုဗ္ဗဘာဂဇန်** လို့ ခေါ်တယ်၊ အနုလောမဉာဏ်က ကက်၍ မဂ်သို့ရောက်သောအခါ **ဥဒယဗ္ဗယဉာဏ်** ဖြစ်တယ်၊ **အဲ**-ယခုပြခဲ့တဲ့ဝိသုဒ္ဓိ ၇-ပါးနှင့် ဝိပဿနာဉာဏ် ၁၀-ပါးသာလျှင် နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်၍ယခုအားထုတ်ကြသော ယောဂီများဟာ ဒီဉာဏ်စဉ်ဆယ်ပါးနှင့် ဝိသုဒ္ဓိ ၇-ပါးဟာ ပရာနုဖြစ်၍ ဝိဝိတ္တိအားထုတ်နေသော **သီလ, သမာဓိ, ပညာ**, ဤသိက္ခာသုံးပါးမှလွဲ၍ နိဗ္ဗာန်ရောက်ကြောင်းတရားအထူး မရှိဘူးဆိုတာ နှလုံးသွင်း၍ ဝမ်းမြောက်စွာ အားထုတ်ကြရမယ်။

ဒိပဿနာဉာဏ်၁၀-ပါး

ဝိပဿနာ ဉာဏ် ဆယ်ပါးက သမ္မသန ဉာဏ်, ဥဒယဗ္ဗယ ဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမဉာဏ်, ဆယ်ပါး။

သမ္မသနဥာဏ် ဆိုကာက ရှေးဦးစွာ ရုပ်နှင့် နာမ် အမှန်ဖြင်အောင် ဆင်ခြင်သုံးသပ်သော ဉာဏ်ဟာ သမ္မသနဉာဏ်လို့ ခေါ်တယ်။

ဥဒယဗ္ဗယဉာဏ် က ရုပ်နာမ်ကို တွေ့တာနှင့် တပြိုင်နက်ဖြစ်ပျက်ကို သိသောဉာဏ်ဟာ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်။

ဘင်္ဂဉာဏ် က ရုပ်နာမ်၏ အပျက်ကိုသာ ဖြင်သော ဉာဏ်ကို ဘင်္ဂဉာဏ်လို့ ခေါ်တယ်။

ဘယဉာဏ် က ရုပ်နာမ် နှစ်ပါး၏ ဘေးကို ဖြင်သော ဉာဏ်ကို ဘယဉာဏ်လို့ ခေါ်တယ်။

အာဒီနဝ ဉာဏ် က ရုပ် နာမ် နှစ်ပါး၏ အပြစ်ကို ဖြင်သောဉာဏ်ကို အာဒီနဝဉာဏ်လို့ ခေါ်တယ်။

နိဗ္ဗိဒါဉာဏ် က ရုပ်နာမ်နှစ်ပါးခွဲ ငြီးငွေ့သောဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်။

မုဉ္စိတုကမျတာဉာဏ် က ရုပ်နာမ် နှစ်ပါးမှ လွတ်လို သောဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်လို့ ခေါ်တယ်။

ပဋိသင်္ခါဉာဏ် က ရုပ်နာမ် ဘေးမှ လွတ်လိုသဖြင့် ရုပ်နာမ်ကို မလွတ်ဘဲ ဖြစ်ပျက်ကို အားတိုက်အင်တိုက် ဘိ၍ရှုသောဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်။

သင်္ခါရုပေက္ခာဉာဏ် က ရုပ်နာမ်ကို အဖန်ဖန် ရှုဖန် များ၍ ချစ်ခြင်းမုန်းခြင်း ကင်းလျက် လျစ်လျူး ရှုသော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ် လို့ ခေါ်တယ်။

အနုလေဝမဉ္ဇာဏ်က ရုပ်နာမ်ကို ရှု၍ ပရိကံ ဥပစာ အနုလုံကျအောင် တောဘုမ္မကကို အာရုံပြု၍ ဂေါတြဘူ ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်ဇောတကြိမ် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်ကျပြီး သောတာပန်အရိယာ အဖြစ်ကို ရောက်သွားတယ်။

အဲဒါ ဝိပဿနာဉာဏ်စဉ်ဆယ်ပါးကိုပြတာ၊ ဒီ ဝိပဿနာဉာဏ်စဉ်ဆယ်ပါး တက်ခေါ်ပြောလည်း ကွဲပြားစွာ လူတိုင်း မသိဘူးလို့ဆိုတယ်၊ ဒီဉာဏ်စဉ် ဆယ်ပါးကို တက်သွားပေမဲ့ လူတိုင်း မသိဘူးတဲ့၊ ဒီဉာဏ်စဉ်ဆယ်ပါးကို ထင်ရှားအောင် ဥပမာ ဆောင်ပြမယ်၊ သဘောပေါက်အောင်ကြည့်။

ဥပမာ တံငါသည် ယောကျ်ားတယောက် ငါးဆောင်းတဲ့အခါ ရေထဲမှာ သူ့ရဲ့ဆောင်းကလေးက ထိပ်ဝတာဘောင့်တွေ တတောင့်တမိုက်ခန့် ရှိတယ်၊ ဒီဆောင်းကလေးနှင့် ဟိုရမ်းအုပ် ဒီရမ်းအုပ်နှင့် ဒီလိုအုပ်တော့ ငါးမိတဲ့အထိမ်းအမှတ်တွေ့တဲ့အခါ ဆောင်းပေါက်ကနေပြီး နှိုက်လိုက်တော့ ငါးကို လည်ပင်းစမ်းပြီး ကိုင်ထားလိုက်တာပေါ့၊ ဒီအခါမှာ တံငါသည်တို့ရဲ့ထုံးစံအတိုင်း ငါးကိုတွေ့တယ် ဆိုရင်ဘဲ အလွန် ဝမ်းမြောက် သွားတာပေါ့၊ အင်း အင်မတန်ကြီးတဲ့ ငါးကြီးဘဲ၊ အိမ်ကျရင်တော့ ငါ့သားမယားများနှင့် တဝကြီး စားရမှာဘဲ၊ အလွန် ဝမ်းမြောက်နေတယ်၊ ငါးကိုမှ

မမြြင်ရသေးဘဲကိုး၊ ဒါနဲ့ ဆောင်းပေါက်ကနေပြီး ပိထားတဲ့ ငါးကြီးကို အားရပါးရ စွဲထုတ်ပေါ်ကြည့်လိုက်တာ ရေပေါ် ရောက်လာတော့ သူထင်သလိုငါးကြီးမဟုတ်ဘဲ **လားလားလည်ရှင်သုံးဆင့်ရှိတဲ့ ခွေးမြွေဟောက်ကြီး** တခါကိုက်ခံရက အသက်မပြန်တဲ့အကောင်ကြီးကို လည်ပင်းဆုတ်မိရက်သား ဖြစ်နေတော့ ဒီတံငါသည်ဟာ ဒီမြွေကြီးကို ကြောက်မကြောက် စဉ်းစားသာကြည့်ကြ ပေတော့၊ အလွန် ကြောက်မှာပေါ့၊ ကြောက်လို့ကောလွတ်ပစ်ရပါမလား တွေးကြည့်၊ ဘယ်နည်းနှင့်မျှ ဒီအတိုင်း လွတ်မပစ်ရဘူး၊ လွတ်ပစ်ဘို့ မပြောနှင့် ဒီမြွေကြီးကို ရှေ့ကထက် ပိုပြီး တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရတယ်၊ အဲဒီလို ဆုပ်ပါမျှားတော့ မြွေကြီးဟာ လည်ပင်း အစ်ပြီး ပြောင့်ခွေသွားတော့မှ အင်း ဒီမြွေကြီးဟာ ငါ့ကို တော့ ဘယ်နည်းနှင့်မျှ မကိုက်နိုင်တော့ဘူးဆိုတာ သိသဖြင့် သွားဟဲ့ဆိုပြီး ကမ်းပေါ် ပစ်လိုက်တော့မှ မြွေကြီးဘေးက ခုမှဘဲ လွတ်ရတယ်လို့ ဆိုပြီး ဝမ်းမြောက်ရတယ်၊ အဲဒါ ဥပမာဘဲ။

ယခု၊ ယောဂီများဟာ လောကဒုက္ခ ဘေးဆိုးကြီးမှ လွတ်ချင်ကြလို့ တရားကို အားထုတ်ကြတယ်၊ တရားကို အားထုတ်လိုက်တော့ ဘယ်တုန်းကမှ မတွေ့ဘူး မကြုံဘူး မရဘူးသေးတဲ့ ရုပ်တွေ နာမ်တွေတွေ့လို့ ဖြစ်ပျက်ဆိုတဲ့

ဥဒယဗ္ဗယဉာဏ်တွေ ရလာတော့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့တရားထူးတွေ တွေ့ကြတဲ့အခါ အလွန် ဝမ်းသာနေကြတာပေါ့၊ ဒါကြောင့် ဒီဥဒယဗ္ဗယဉာဏ်ထဲမှာ တဝဲလည်လည်နှင့် ဝိပဿနာညစ်ငြူးကြောင်းတွေ အမျိုးမျိုးတွေ့နေကြတာပေါ့၊ **ဩဘာသ** အရောင်အဆင်းတွေ, **ဒီတို** ဆိုတဲ့ နှစ်သက်ခြင်းတွေ, **ပဿဒ္ဓိ**ဆိုတဲ့ ငြိမ်းခြင်းတွေ တွေ့နေကြတော့ ဥပမာ ပြုခဲ့တဲ့ အတိုင်း တံငါသည်ဟာ ရေထည်းက ငြိုကြီးကို ငြိမှန်းမသိဘဲ ငါးကြီးထင်နေ၍ ဝမ်းမြောက်သလိုပေါ့၊ ရေပေါ်ဆွဲထုတ်လိုက်လို့ ရေပေါ်ရောက်မှ ငြိမှန်းသိ၍ အလွန်ကြောက်ပြီး ငြိဘေးက လွတ်ချင်တာလို ယခုယောဂိများလဲ ဤးဦးစွာ တွေ့ရတဲ့ **ဥဒယဗ္ဗယဉာဏ်** နှင့်တော့ ဝမ်းမြောက်တုန်း မကြော်က် သေးဘူး၊ **ဘင်ဉာဏ်** တို့, **ဘယ** ဘေးကို မြင်တဲ့ဉာဏ်, **အာဒီနဝ**အပြစ်မြင်တဲ့ဉာဏ် **နိဗ္ဗိဒါ** ငြီးငွေ့တဲ့ဉာဏ် ဒီလို ဉာဏ်စဉ်အဆင့်ဆင့် တက်လာမှ **မုဉ္စိတုကမျတာဉာဏ်** ဆိုတာ ငြိဘေးက လွတ်ချင်တာလို ရုပ်နာမ်ဘေးကို အလွန် လွတ်ချင်လာတာပေါ့၊ ဒီလို လွတ်ချင်လေ ငြိကြီးကို မလှုပ်နိုင်အောင် မြဲမြံကြီးဆုပ်ရတာလို မုဒ္ဓိတုကမျတာ ဉာဏ်က ကြပ်ကြပ်လွတ်ချင်လေ၊ **ပဋိသင်္ခါ**ဉာဏ်က ရုပ်နာမ်ဖြစ်ပျက်ကို လက်မလျော့ဘဲ အမြဲတမ်း အားတိုက် ဖိဖြိုး အားထုတ်ရတာပေါ့။

ဘာ့ကြောင့်လဲဆိုလျှင် ဖြစ်ပျက်ကို လက်လွှတ်လိုက်လျှင် ကိလေသာ ဝင်လာမည်ကို သိသဖြင့် ဖြစ်ပျက်ကို

လက်မလွတ်တမ်း ပဋိသန္ဓိ ဉာဏ်ဖြင့် အားတိုက် ရှုတာပေါ့၊ ဒီလို အားထုတ်ပါမျှားတော့ ဖြေကြိုးဟာ ငါ့ကို မကိုက်နိုင်တော့ဘူး လို့ သိသဖြင့် ဒီ ရုပ်နာမ် အတွက် ချစ်ခြင်းမုန်းခြင်းမရှိ လျစ်လျူရှုနိုင်ခြင်းကို **သင်္ခါရုပေက္ခာ ဉာဏ်** ခေါ်တယ်၊ သင်္ခါရုပေက္ခာဉာဏ် ရတယ်ဆိုလျှင် မကြာဖြင့်ဒီ **အနုလောမဉာဏ်** နှင့် ပြည့်စုံ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ လိုရင်းက ဖြေဘေးက လွတ်၍ ဝမ်းဖြောက်ထာလို ရုပ်နာမ်ဘေးကြိုးမှလွတ်၍ **နိဗ္ဗာန်** ကို မျက်မှောက် ပြုနိုင်ခြင်းဖြင့် အလွန်ပင် ဝမ်းဖြောက်ရတယ်၊ အဲဒီ ဥပမာကို သေသေချာချာ စဉ်းစား နှလုံးသွင်းဖြီးတော့ ပွါးများ အားထုတ်ကြပါကုန်။

အာဟာရဒုက္ခနှင့် သစ္စာလေးပါး
ဝိပဿနာတရား

ယောဂီ ပုဂ္ဂိုလ်များ ဝိပဿနာ တရားတော်ကို ဘာကြောင့် အားထုတ်ကြတာလဲဆိုလျှင် လောက ဒုက္ခဘေးကြီးကို ဖြင်ကြလို့ ထိုလောကဒုက္ခဘေးကြီးမှ လွတ်ကြောင်း တရားကို ရှာကြတာဘဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကလဲ တရားဒေသနာ ဟောပြောဆုံးမတိုင်း ဆိုသလို လောက ဒုက္ခ ဘေးဆိုးကြီးမှ လွတ်ကြောင်း တရားဒေသနာတော်တွေနှင့်တကွ ကာမဂုဏ်ဖြာအာဒီနဝအပြစ်တွေကို ပြပြီး ကြောက်လန့်ထိတ်လန့်လာကြတဲ့ပုဂ္ဂိုလ်တွေထိုအပြစ်ဘေးမှ လွတ်ကင်းစေရန် ကျင့်ဝတ်များကို

ဟောပြောဆုံးမလေ့ရှိတယ်၊ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောပြော ပြသ ဆုံးမထားသော အလွန် ကြောက်ဘွယ် ကောင်းတဲ့ **နခဿီခ** သုတ်များမှာ ဆိုလျှင် မြန်မာသက်သက် ဆိုကြပါစို့-

ဘုရားသခင်ကိုယ်တော်မြတ်က 'ချစ်သားတို့ ငါဖြိုလက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နှင့် ဓမ္မ။ဒီပါ မြေအပြင်မှာရှိတဲ့ မြေမှုန့် ဘယ်ဒင်းကမျာ်းသလဲ' လို့ မေးတော်မူတယ်၊ဒီတော့ ရဟန်းတော်မျာ်းက 'အရှင်ဘုရား ဤဥပမာကား အလွန်ကို ကွာခြားလွန်းလှပါသည် ဘုရား' ဟု လျှောက်ထားကြတယ်။ ဘုရားသခင် ကိုယ်တော် မြတ်ကလဲ ချစ်သားတို့- ယခု ငါဘုရား ပြဆိုသည့် ဥပမာအတိုင်းပင် သေကုန် သေကုန်သော သတ္တဝါအနန္တ တို့ဟာ သုဂတိဆိုတဲ့ လူ့ပြည်,နတ်ပြည်, ဗြဟ္မာ့ပြည်,သို့ ရောက်ကြတာဟာ ငါဖြိုလက်သည်းပေါ်မှာရှိတဲ့မြေမှုန့်ပမာဏအရေအတွက်မျှ လောက်သာ ရှိတယ်၊ ဒီ သေကုန် သေကုန်သော သတ္တဝါ အနန္တတို့ဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်,ဆိုတဲ့ အပါယ်လေးပါး ကျရောက်ရတဲ့ ပုဂ္ဂိုလ်မျာ်းဟာ ဓမ္မ။ဒီပါမြေအပြင်မှာရှိတဲ့ မြေမှုန့်ပမာဏ အရေအတွက်နှင့် အမျှ ရှိတယ်။

ဘဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နခဿီခ သုတ်ကို လုံလောက် အောင် သက်သေ ခံ ဥပမာ နှင့်

တင်ကြည့်ကြစို့ရဲ့ဆိုလျှင် ယခုမြန်မာနိုင်ငံတော် အတွင်းမှာရှိတဲ့ မြို့အုပ်တိုင် တောင်းရှစ်လို့ခေါ်တာပေါ့။ အဲဒီ မြို့အုပ်တိုင်မှာရှိတဲ့ အခြားအခြားသော သတ္တဝါတွေကို ဖယ်ထား၊ ပိုးရွှလို့ဆိုတဲ့ ခြင်္ကောင်တမျိုးကိုပင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ ရှိကြတဲ့ပုဂ္ဂိုလ်တွေနှင့် တဦးချင်း ရေတွက်ကြည့်၊ ခြ တကောင်လျှင် လူတယောက် လူသာကုန်မယ် ခြ ကမကုန်နိုင်ဘူး၊ နတ်ပြည်ခြောက်ထပ်က နတ်တွေနှင့် ခြ တကောင် လျှင် နတ်တယောက် ဆိုလျှင်လဲ နတ်သာ ကုန်သွားမယ်၊ ခြ မကုန်ဘူး၊ ဗြဟ္မာကကော ဗြဟ္မာတယောက်လျှင် ခြ တကောင် ဗြဟ္မာဘုံနှစ်ဆယ်က ဗြဟ္မာတွေသာ ကုန်သွားမယ် ခြ ကကုန်မှာ မဟုတ်ဘူး၊ အဲဒါ တောင်းရှစ်ဟာနယ်မှာ ရှိတဲ့ ခြ တဦးတည်းနှင့် နှိုင်းယှဉ်ပြတာ၊ ဒါတွင်ဘဲလား လူတယောက်မှာ ပိုးမျိုးရှစ်ဆယ်ရှိတယ်၊ အမျိုးတွင်ရှစ်ဆယ် တမျိုးတမျိုးကို မည်မျှလောက်ရှိတယ်ဆိုတာ မရေမတွက်နိုင်ဘူး၊ အဲဒါကိုစဉ်းစားကြည့်၊ သောသောကုန်သော သတ္တဝါတွေဟာ အပါယ်လေးပါးမှာချည်း များသောအားဖြင့် ကျရောက်ကြောင်းကို ကြည့်ပါ။

ယခု ပုဂ္ဂိုလ်တွေဟာ အဝိဇ္ဇာ ဖုံးလွှမ်း နေကြလို့ တကယ် အမှန်ဖြစ်တဲ့ ဒုက္ခတရားတွေကို မမြင်သဖြင့် မကြောက်ကြတာ၊ တကယ်ဖြစ်တဲ့ ဒုက္ခ အစစ်တွေကို တကယ် ဝိဇ္ဇာဉာဏ်နှင့်သာ မြင်ကြမယ်ဆိုလျှင် မည်သူမျှ မကြောက်ဘဲရှိကြမှာ မဟုတ်ဘူးယခုမိမိတို့နေ့စဉ် မပြတ်

ဆောင်ရွက်နေကြရတဲ့ ဒုက္ခကြီးကို အဝိဇ္ဇာကြောင့် မမြင်ကြတာ၊ ဝိဇ္ဇာနှင့် ကြည့်လိုက်ကြမယ်ဆိုလျှင်-

အာဟာရဒုက္ခံ ဇာနာတိ,
အာဟာရသမုဒယံ ဇာနာတိ,
အာဟာရနိရောဓံ ဇာနာတိ,
အာဟာရနိရောဓဂါ ပဋိပဒံ ဇာနာတိ၊

အာဟာရ ကိစ္စတာချက်ထဲနှင့်တကယ် ဖြင့်တဲ့ ဝိဇ္ဇာညဏ်က သစ္စာလေးပါး ဖြစ်သွားတယ် မဟုတ်လား၊ အာဟာရ ဒုက္ခံ ဇာနာတိ,ဆိုတာဘယ်လို ဖြင့်တာလဲ သေသေချာချာ စဉ်းစားကြည့်၊ ယခုလက်ရှိ ကုန်းနေသတ္တဝါ ရေနေသတ္တဝါ ကောင်းကင်နေသတ္တဝါ တွေကို ညဏ်နှင့်ဖြင့်အောင်ကြည့်၊ အိပ်တဲ့ မျက်စိလောက်ဉာဏ်လေးကို ချနဲလှပ်ပြီး တလှုပ်လှုပ် တရွရွ သွားရ လာရ ရှာရ ဖွေရ လုပ်ရကိုင်ရတဲ့ ကိစ္စ အရပ်ရပ်ကို ကိုယ်ပိုင်ညဏ်နှင့်ဖြင့်လာလျှင် ဘယ်မျှလောက် ကြီးကျယ်တဲ့ဒုက္ခဆိုတာ၊ အဲဒီဒုက္ခဟာ ဘာကြောင့် ဖြစ်ရ တာလဲ အာဟာရ ကိစ္စကြောင့်ဘဲ မဟုတ်လား၊ အဲဒါက ‘‘ဒ’’နဲ့ပါတ် ဒုက္ခ။

အာဟာရကိစ္စရှာဖွေမှုကြောင့် ဆင်နွှဲး အသေခံကြရ ကျားကိုက်အသေခံကြရ ငြိုက်အသေခံကြရ အဲဒီလို မကောင်တဆ အသေခံကြရတဲ့ ဒုက္ခတွေဟာ ဘာ့ကြောင့်လဲ စဉ်းစားလျှင် အာဟာရ အတွက် ရှာကြံ မှုကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေဆိုတာ အမှန်သိနိုင်တယ်၊ ဒါက ‘‘ဂ’’နဲ့ပါတ် ဒုက္ခ၊

၃-နံပါတ် ဒုက္ခကဘာလဲ အာဟာရကိစ္စ ရှာတော့မယ်လို့ ကြံစည်လိုက်တယ်ဆိုကတဲက ကြောက်စရာကောင်းတဲ့ ဒုက္ခ ဆိုးကြီး ရှေ့က ထွက်လာတယ်၊ ဘယ်သူလဲ **လောဘ, ဒေါသ, မောဟ**,ဘဲ မဟုတ်လား၊ သွားရှာလို့ ရခဲ့လျှင်လဲ လောဘ,ဒေါသ, မောဟ,နှင့်ဘဲ မရခဲ့လျှင်လဲ လောဘ, ဒေါသ, မောဟ, နှင့်ဘဲ၊ ဒီအပါယ်လေးပါး တကယ်ကျရမဲ့ အကုသိုလ်ကို ဘာ့ကြောင့် ပြုရတာလဲ အာဟာရကြောင့်ဘဲ မဟုတ်လား၊ အဲဒါ''၃''နံပါတ်ဒုက္ခ။

၄-နံပါတ် ဒုက္ခက ကောင်းကင်နေ သတ္တဝါ ရေနေ သတ္တဝါ ကုန်းနေ သတ္တဝါ ဂိုဏသမျှ ညဏ်နှင့်ကြည့် သူ့ အသက်မစားဘဲ နေတဲ့ သတ္တဝါက ခပ်ရှားရှားဘဲ၊ အဲဒီတော့ ပါဏာတိပါတ, အဒိန္နာဒါန, မုသာဝါဒ, ဆိုတဲ့ အပါယ်လေးပါးကို တကယ် ကျစေတတ်တဲ့ အကုသိုလ် ဒုစရိုက် တရားတွေ ပြုကြတာ ဘာ့အတွက်လဲ အာဟာရ ကိစ္စအတွက်ဘဲ မဟုတ်လား၊ အဲဒါ ''၄-'' နံပါတ် ဒုက္ခ တွေဘဲ။

၅-နံပါတ် ဒုက္ခက သေကုန် သေကုန်သော ကာလ သတ္တဝါ မှန်သမျှဟာ အပါယ်လေးပါးကိုချည်း ကျကြ တယ်လို့ **နခသီခသုတ်**မှာ ဟောထားလေတော့ ဒီအပါယ် လေးပါး ကျရတဲ့သတ္တဝါတွေဟာ တပါးသောကံကြောင့် ကျတာက အနည်းငယ်သာ ရှိတယ်၊ အာဟာရကြောင့် ကျရတဲ့ ပုဂ္ဂိုလ်က အနန္တဖြစ်တယ်၊ အဲဒါ''၅''နံပါတ်

ဒုက္ခတွေ၊ အဲဒီ ၅-ချက် ဒုက္ခဟာ မစားရခင် ဖြစ်ရတဲ့ ဒုက္ခတွေဘဲ။

ကိုင်း ထမင်းပဲကြီးနှင့်ကောင်းစွာမွန်စွာအားရပါးရကို မရှက် မကြောက် စားလိုက်ကြလျှင် ရှေးဦးစွာ ပေါ်ထွက်လာမဲ့ ၁-နံပါတ် ဒုက္ခကို ဖြင်အောင်ကြဲသွဲ့စမ်း၊ မနေသာမှု မခံသာမှု မရှောင်သာမှု မလွှဲသာမှုဆိုတဲ့ကျင့်ကြီးမှုကိစ္စ ကျင်ငယ်မှုကိစ္စ နှပ်, တံထွေး, ချဲ, သလိပ်ချဲခမ်းတွေ ဖြစ်ပေါ်လာရတာ ဒီအာဟာရ ဝမ်းထဲ ရောက်တာနှင့် တပြိုင်နက် ဖြစ်ပေါ်လာရတဲ့ ဒုက္ခတွေဘဲ မဟုတ်လား၊ အဲဒါ "၁"ပါတ် ဒုက္ခတွေဘဲ။

၂-နံပါတ်ဒုက္ခတွေက ဒီအာဟာရ စားမိတဲ့ အတွက် ဝေတ်လေးပါးနှင့် မညီမျှတဲ့ အာဟာရကို စားမိရင် ကျောက်, ဝက်သက်, သမင်ဖြူ, သမင်ဒို, သမင်နက်, ဆိုးဟဲ့ကြောက်ဘွယ် ကောင်းတဲ့ ဒုက္ခ ဆိုးကြီးတွေ ပိမိကိုယ်မှ ထွက်ပေါ်လာရတာ ဘာ့ကြောင့်လဲ ဒီအာဟာရကြောင့်ဘဲ မဟုတ်လား၊ အဲဒါ "၂"နံပါတ်ဒုက္ခတွေဘဲ။

၃-နံပါတ်ဒုက္ခတွေက အစာအာဟာရ မပြည့်စုံလို့ မစား မသောက်ရလျှင် ဘာကိုမှ မလုပ်နိုင်တော့ဘူး၊ အယုတ်ဆုံး ခြင်္သေ့, သစ်, ကျား, တို့သော်မှ သမင် ဒရယ် စသည်တို့ကို မဖမ်းဆီးနိုင်တော့ဘူး၊ အာဟာရပြည့်စုံလို့ အားခွန်ဗလ ပြည့်ဝလာလျှင် လောကီအာရုံ ကာမဂုဏ်တွေ ကြိုစည်လိုက်ကြတာ ဆိုတာ မခြောနှင့်တော့၊ အဲဒါ "၃"နံပါတ် ဒုက္ခဘဲ။

၄-နံပါတ် ဒုက္ခက မြို့ပေါ် ရွာပေါ်မှာ ရှိကြတဲ့ လူတွေဟာ ဖြေကိုက်ခံ သေကြရမယ်, ကျားကိုက်ခံ သေကြရမယ်, ဆင်အနှင်းခံ သေကြရမယ်ဆိုလျှင် အလွန်ကြောက်ကြတယ်၊ ဒီလို ကျားကိုက်သေ ဆင်နှင်းသေ ဖြေကိုက်သေကြရတာက အလွန်နည်းပါတယ်၊ ယခုအခါ မြို့ရွာထဲမှာ အစာမှားလို့ သေကြရတဲ့ မသာပေါင်း အနန္တဘဲ မဟုတ်လား၊ အစာကို အကြောင်းပြုပြီး ဖြစ်ပေါ်လိုက်တဲ့ ရောဂါဆိုးတွေ အနန္တဘဲ မဟုတ်လား၊ အဲဒါ "၄" နံပါတ် ဒုက္ခတွေဘဲ။

သေကုန် သေကုန်သော သတ္တဝါတွေဟာ အပါယ်လေးပါးကျရတာ များသောအားဖြင့် ဒီအာဟာရကြောင့်ချည်းဘဲ ကျကြရတာ၊ ဒါကြောင့် "**အာဟာရဒုက္ခံ ဇာနာတိ**" လို့ ဟောတာ၊ ကောင်းပြီ အာဟာရ ဒုက္ခကြီးတော့ သဘောပေါက်ပါပြီ၊ ဒီအာဟာရဒုက္ခက ကောင်းကင်ကျ မိုးယံးပေါ်ကျဒေဝါသိကြား ဗြဟ္မာ ဝိဿနိုးတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်ထာမဟုတ်ဘူး၊ ဘာ့ကြောင့် ဖြစ်တဲ့ဒုက္ခလဲ "**အာဟာရသမုဒယံ ဇာနာတိ**" တဲ့ သမုဒယတဏှာကြောင့် ဖြစ်ရတဲ့ ဒုက္ခဘဲ၊ သမုဒယတဏှာက ဘာလဲ၊ ဖြစ်ချင်တာ လိုချင်တာ သမုဒယလို့ ခေါ်တယ်၊ ဘာဖြစ်ချင်တာ ဘာလိုချင်တာလဲ။

ဒါနဲ့ပြုတိုင်း သီလ ဆောက်တည်တိုင်း ဘာဝနာပွားများ အားထုတ်တိုင်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, တွေကို လိုချင်တာ သမုဒယပေါ့၊ အဲဒီ သမုဒယကြောင့်

ဖြစ်ပေါ်လာရတဲ့ ဒုက္ခမျိုးချည်းဘဲဟု မြဲမြဲမြံတ်သားကြ ဘို့ဘဲ၊ ဒါကြောင့် ''အာဟာရသမုဒယံ ဇာနာတိ'' ကိုလဲ သိရမယ်၊ ''**အာဟာရနိရောဓံ ဇာနာတိ**'' ကိုလဲ သိရမယ်၊ အာဟာရနိရောဓဆိုတာက ထိုအာဟာရ ဒုက္ခမျိုး မဖြစ် နိုင်တဲ့ အရပ်က နိဗ္ဗာန်ဘဲ၊ အဲဒီ နိဗ္ဗာန်ကို အမှန်ဒုက္ခမှ လွတ်ရာဌာနဘဲလို့ သိရမယ်၊ ''**အာဟာရ နိရောဓ ဂါမိနိ ပဋိပဒံ ဇာနာတိ**'' ဆိုတာက အာဟာရ ဒုက္ခမရှိရာ နိဗ္ဗာန်ကို အမှန်ရောက်နိုင်တဲ့ အကြောင်းကို သိရမယ်၊ အာဟာရဒုက္ခမှ တကယ်လွတ်ကြောင်းတရားကဘာလဲ၊ အကျဉ်းအားဖြင့် သိလ,သမာဓိ,ပညာ,သိက္ခာသုံးပါးဘဲ။

သီလဖွဲ့ သုံးပါး သမ္မာဝါစာ-မဂ္ဂင်သိလ, သမ္မာ ကမ္မန္တ-မဂ္ဂင်သိလ,သမ္မာအာဇီဝ-မဂ္ဂင်သိလ, သိလမဂ္ဂင် သုံးပါးကိုခေါ်တာ။

သမ္မာဝါစာ မဂ္ဂင်သိလဆိုတာက မုသာဝါဒ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ပိသုဏဝါစာ သူနှစ်ယောက်တို့၏အချစ်ကို မလိုမုန်းထား ကုံးချောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ဖရုသ ဝါစာ သူတပါးနားမှာ မခံသာအောင် ကြမ်းထမ်းရုန့်ရင်း သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ သမ္ဖပ္ပ လာပ ဝါစာ လောကီ လောကုတ္တရာ အကျိုးစီးပွါးနှင့် မစပ်သော အမျိုးမျိုးသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဲဒါ ဝစီကံလေးပါးဘဲ၊ အဲဒီ ဝစီကံ

လေးပါးကို ကြဉ်ရှောင်ခြင်းဟာ သမ္မာဝါစာ မဂ္ဂင်သီလလို့ ခေါ်တယ်။

သမ္မာကမ္မန္တ မဂ္ဂင်သီလ ဆိုတာက ပါဏာတိပါတာ သူတပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဒိန္နာဒါန အဂ္ဂင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမေသုမိစ္ဆာစာရ သူ့သား အိမ်ယာကို လွန်ကျူးခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဲဒါက ကာယကံသုံးပါးလို့ ခေါ်တယ်၊ အဲဒီ ကာယကံသုံးပါးကို ကြဉ်ရှောင်ခြင်းကသမ္မာကမ္မန္တ မဂ္ဂင်သီလလို့ ခေါ်တယ်။

သမ္မာအာဇီဝမဂ္ဂင်သီလ ဆိုတာက အထူးမဟုတ်ဘူး၊ ယခု ပြုခဲ့တဲ့ ဝစီကံလေးပါး ကာယကံသုံးပါးနှင့် စပ်ပြီး အသက်မွေးခြင်းကို မပြုလုပ်ဘဲ ကြဉ်ရှောင်တာကို မိစ္ဆာဇီဝ ကင်းတဲ့အတွက် သမ္မာအာဇီဝ မဂ္ဂင်သီလလို့ ခေါ်တယ်၊ အဲဒါ သီလမဂ္ဂင်သုံးပါးဘဲ၊ ဒီသီလမဂ္ဂင် သုံးပါးဟာ အာဟာရဒုက္ခမှ တကယ် လွတ်လိုတဲ့ ပုဂ္ဂိုလ်များ အမြဲတမ်း မကျိုးမပေါက်အောင် စောင့်ရှောက်ရတဲ့ သီလမဂ္ဂင်သုံးပါးဘဲ။

သမာဓိမဂ္ဂင် သုံးပါးက ယခုယောဂီများ အားထုတ်နေတဲ့ လုံ့လဝီရိယကို အမြဲတမ်းမလျော့ဘဲ အားထုတ်ခြင်းဟာ ဝီရိယဘဲ၊ အဲဒါကိုပင် သမ္မာဝါယာမ မဂ္ဂင်လို့ ခေါ်တာ၊ ထိုဝီရိယဖြင့် အဖန်တလဲလဲ နှလုံးသွင်းနေတဲ့ သတိတရားကိုပင် ကောင်းစွာ အောက်မေ့ခြင်း ဆိုတဲ့ သမ္မာသတိမဂ္ဂင်ဘဲ၊ ယခုပြုခဲ့တဲ့ သမ္မာဝါယာမ မဂ္ဂင်နှင့်

သမ္မာသတိမဂ္ဂင် မရှိဘဲကို ဘယ်အခါမှ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို မရဘူးမှတ်၊ ပိမိစိတ်၏ တည်ကြည်ခြင်းကို ရနေတာဟာ မုချ ဝီရိယ နှင့် သတိ ရှိလို့သာ ရတာ၊ အဲဒီလိုစိတ်၏ငြိမ်သက်တည်ကြည်ခြင်းကို သမ္မာသမာဓိမဂ္ဂင်လို့ ခေါ်တယ်၊ အဲဒါ သမ္မာသမာဓိမဂ္ဂင် သုံးပါးဘဲ၊သိလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါးဆိုတော့ မဂ္ဂင်ခြောက်ပါးဖြစ်နေပြီ၊ဒီလို သိလသမာဓိနှင့်မပြည့်စုံတဲ့ မည်သည့်အခါမှ ပညာမဂ္ဂင်ကို မရဘူး။

ပညာမဂ္ဂင် ဆိုတာက သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် သမ္မာဒိဋ္ဌိ မဂ္ဂင်ဘဲ၊ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာ ကောင်းစွာ ကြံစည်ခြင်းကို ခေါ်တယ်၊ ဘယ်လို ကြံစည်တာလဲ ဆိုလျှင် အဟုတ်အမှန်တကယ်ရှိတဲ့ ရုပ်တွေ နာမ်တွေကို ပိမိကိုယ်မှာ ရှိကြောင်း ရှေးဦးစွာ ကြံစည်ခြင်းကိုခေါ်တယ်၊သမ္မာသင်္ကပ္ပဆိုတာက တရားကိုယ် အားဖြင့် ဝိတက်ကိုခေါ်တယ်၊ ဝိတက္ကောစ-သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်းလို့ ဆိုတယ်၊ ဒါကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်က ကောင်းသော ကြံစည်ခြင်းဖြင့် ကြံစည်သောကြောင့် ရုပ်နှင့် နာမ်အမှန် တွေ့၍ မမြဲသောတရား ဆင်းရဲသော တရား အစိုးမရသော တရားလို့ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်း ရုပ်နာမ်ကို တကယ်တွေ့ဒါနှင့် ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်ကို ရရှိတာဟာ သမ္မာဒိဋ္ဌိ မဂ္ဂင်လို့ ခေါ်တယ်၊အဲဒီ သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပညာမဂ္ဂင်နှစ်ပါးလို့ ခေါ်တယ်။

ဒဲ့ ယခုပြခဲ့တဲ့ သိလမဂ္ဂင်သုံးပါး သမာဓိ မဂ္ဂင်သုံးပါး ပညာမဂ္ဂင်နှစ်ပါးဟာ သင်္ချာအားဖြင့် တခုစီခွဲပြရသော်လဲ တကယ် အစစ်က ရုပ်နာမ်တွေတာနှင့် မဂ္ဂင် ၇စ်ပါးဟာ အမြဲပါရှိနေတယ်၊ ဒဲ့ဒီ မဂ္ဂင်၇စ်ပါးကို စာတွေ့ မဟုတ်ဘဲ ငါတွေ့ ဖြစ်မှ **အာဟာရဒုက္ခမှ** လွတ်ကြောင်း ဖြစ်သော တရားဟု အမြဲအစွဲ မှတ်ထားကြရလိမ့်မည်။

ဒီမဂ္ဂင်၇စ်ပါး တရားအလုပ်ဟာ လွယ်တယ်လို့ မမှတ်နှင့် မလွယ်ဘူး၊ အဝိဇ္ဇာနှင့်ဝိဇ္ဇာဟာ အလွန် ကွာခြားတယ်၊ **အဝိဇ္ဇာ** ကာကွယ် ထားသမျှ တရားတွေ့လို့ တွေ့မှန်းသိတာမဟုတ်ဘူး၊ ဘာ့ကြောင့်လဲ **အ**ချို့ အချို့သော ပုဂ္ဂိုလ်များဟာ နာမှ ကျင်မှ ကိုက်ခဲမှ တောင့်တင်းမှ ပူမှ ဖောင်းမှ လှုပ်ရှားမှ ထောက်ခံမှ တွေ့ကို အတွေ့ကြသားဘဲ၊ ဘယ်လိုဘဲတွေ့တွေ့ အဝိဇ္ဇာက တားဆီးထားတော့တရား မှန်းမသိကြဘဲ ငါနာတယ် ငါကျင်တယ် ငါကိုက်တယ် ငါတောင့်တင်းတယ် ငါပူတယ် ငါဖောင်းတယ် ငါ့အသား တွေလှုပ်တယ်လို့ အသိကြသားဘဲ၊ သို့သော် ရုပ်မှန်းနာမ်မှန်း ဓာတ်မှန်း ပရမတ်မှန်း မသိတဲ့ အတွက် ငါဆိုတဲ့ အတ္တဒိဋ္ဌိကြီးစွဲလမ်းပြီး **သက္ကာယဒိဋ္ဌိ**တန်းလန်းနှင့် ဖောက်သေကြရမှာ။

ယခု ဝိပဿနာ လုပ်ငန်းကို တကယ်တမ်း အားထုတ်တဲ့ ယောဂီများကတော့ ဒိဒိကိုယ်သန္တာန် အတွင်းမှာ တကယ်ရှိတဲ့ရုပ်တွေနာမ်တွေဓာတ်တွေကိုတွေ့တာနှင့်တပြိုင်နက်ထဲဘုရားသခင် တရားတော်အရ ''ကာယဉ္စ ပဋိစ္စ

ဖေါ်ဌေပြဉ္ဇူဥပဒ္ဓတိကာယဝိညာဏံ” ဆိုတဲ့အတိုင်း ကိုယ်ရုပ်အတွေ့ရုပ် တွေသိနာမ်ဆိုသည့် နာမ္မ ကျင်မ္မ ကိုက်ခဲမ္မ တောင့်တင်းမ္မတွေကို တွေ့ရင် ပထဝီ ဓာတ်ရုပ်မှန်း သိ၍ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တတရားကို လုံးလုံးမိသွားတယ်၊ ပူမ္မ အေးမ္မကိုတွေ့တာနှင့်တပြိုင်နက် ရုပ်မှန်းနာမ်မှန်းသိ၍ ငါဆိုတဲ့ အတ္တဒိဋ္ဌိ ပျောက်ကြောင်းကို သိရတယ်၊ လှုပ်မှု ရွှမ္မကို တွေ့တာနှင့်တပြိုင်နက် ငါမဟုတ်ဘူး ရုပ်တွေဖြစ်ပျက်နေတာကို သိသဖြင့် အနတ္တလက္ခဏာကို လုံးလုံးမိကြောင်း သိရတယ်။

ဒါကြောင့်အချို့အချို့သော သူများက အဝိဇ္ဇာမဖွါနှိုင်၍ နာကျင်တာ ပူတာ အေးတာ လှုပ်တာ ရွှတာ တရားဆိုတာများ အံ့သြပါရဲ့ကွယ်လို ပြောကြတယ်၊ ဒီလိုပြောသံကြားရင် ဘယ်လိုမှ သဘော မထားကြနှင့် ထိုပုဂ္ဂိုလ်သည် အဝိဇ္ဇာ အားကြီးတဲ့ အတွက် တကယ် အစစ် ရုပ်ဓာတ် နာမ်ဓာတ် တွေကို တွေ့ပါ လျက်သားနှင့် ရုပ်မှန်း နာမ်မှန်း မသိတဲ့ အတွက် ခန္ဓာတို့ အာယတန နတို့ ဓာတ်တို့ကို မတွေ့ရဘဲ မြတ်စွာဘုရား သာသနာတော်ကြီးနှင့်ဖြင့် ဇကန် အလွဲကြီးလွဲနှာပြီလို့ ဆိုတာကို စဉ်းစားပြီး သနားစရာပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်ယူစေလိုတယ်။

တကယ်အစစ် ရုပ်စစ်နာမ်စစ် ပရမတ်အစစ်ကို တွေ့၍ပရမတ်မှန်းဓာတ်မှန်း သိတဲ့ပုဂ္ဂိုလ်ကဗီန္ဓာဥာဏ်ရလို့

ဝိဇ္ဇာဉာဏ်ပေါက်ပြီး သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် နိဗ္ဗာန်ကိုဇောန်မလွဲ ဝင်နိုင်တဲ့ပုဂ္ဂိုလ်လို့ မှတ်ရမယ်၊ ဘာကြောင့်လဲရပ်ခေတ်နာမ်ခေတ်ကို တွေ့ကထဲကရုပ်မှန်းနာမ်မှန်းသိသဖြင့် **ခန္ဓာ**တွေ ဖြစ်ပျက်နေပုံ **အာယတန**တွေ ဖြစ်ပျက်နေပုံ **ဓာတ်**တွေဖြစ်ပျက်နေပုံကို သိနေရတဲ့အတွက် **သံသရာဝဋ်**ဆိုးကြီးကို ဖြင်နေ၍ ထိုသံသရာဝဋ်မှ လွတ်မြောက်ရန် နိဗ္ဗာန်ကို အဖြဿိနေတယ်ဆိုတာ မှတ်ထားရမယ်၊ နိဗ္ဗာန်ကို တကယ်ဖြင်ချင်လျှင် ရုပ်တရား နာမ်တရားဆိုတဲ့ **ခန္ဓာငါးပါး**ကို တွေ့အောင်ရှာ၊ တကယ်အစစ် ခန္ဓာငါးပါးကိုတကယ် အမှန်တွေ့လျှင် **ဒုက္ခ**ဆိုတဲ့တရားစစ်ကိုတွေ့မယ်၊ တကယ်ဒုက္ခအစစ်ကိုတွေ့လျှင် **နိဗ္ဗာန်**ဆိုတဲ့အဖြိုက်တရားကြီးကိုသိပြီ ဖြင်ပြီ ဟုမှတ်ကြရမယ်၊ တကယ်ခန္ဓာငါးပါးဒုက္ခဆိုးကြီးကို မဖြင်ခဲ့လျှင် နိဗ္ဗာန်ဆိုတဲ့ တရားတော်ကို ဘယ်တော့မှ မဖြင်ဘူး ဘာ့ကြောင့်လဲဒုက္ခခပ်သိမ်းကင်းငြိမ်းတာက နိဗ္ဗာန်၊ ဒုက္ခအစစ်တရားက ခန္ဓာငါးပါး၏ အာဒီနဝ အပြစ်တွေ ကြပ်ကြပ်ကြီး ဖြင်လေနိဗ္ဗာန်ဆိုတဲ့ အဖြိုက်တရားချမ်းသာအစစ်ကို အမှန်ဖြင်နိုင်လေဘဲ။

အခွေိုအခွေိုသောပုဂ္ဂိုလ်များ ပြောကြတယ်၊ နိဗ္ဗာန်ဆိုတာ ပျင်းစရာကြီးတဲ့၊ မှန်တယ် ထိုပုဂ္ဂိုလ်များပြောကျတာဘာ့ကြောင့်လဲ ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခအစစ်ကို လုံးလုံးမဖြင်ရတဲ့ အဝိဇ္ဇာမျက်ကန်းကြီးတွေဘဲ ခန္ဓာဒုစစ်ကိုဖြင်တာက ဝိဇ္ဇာဉာဏ်ဘဲ၊ ဒါကြောင့်ဝိဇ္ဇာဉာဏ်ကိုရ

အောင်ဝိပဿနာ အစစ်ဖြစ်တဲ့ ရုပ်တွေ နာမ်တွေကို တွေ့အောင်အရှာခိုင်းပြီး အားထုတ်ခိုင်းဟာ၊ ခန္ဓာငါးပါး အစစ်ကိုတကယ်တွေ့လျှင် ပဋိသန္ဓေနေခြင်း ဆိုတဲ့ဒုက္ခ အစစ်ကိုတွေ့လာမယ်၊ လူမျှားဟာ အမှတ်မဲ့နေကြလို့မ သိတာ တကယ်ညာဏ်နှင့်ကြည့်လျှင်မိမိကိုယ်တိုင် ခံစား လာခဲ့ရတဲ့ဒုက္ခ အဖိဝမ်းတွင်းမှာ ကိုးလလွယ်ဆယ်လ လွယ်နှင့်နာခေါင်းမှမတယ်နိုင်တဲ့မစင် ကျင်ကြီးအလယ် မှာစက်ဆုပ် ရွံရှာဘွယ်မလှပ်သာမလွဲသာ ကျဉ်းမြောင်း စွာကိုယ်တိုင်ခံစားခဲ့ရတဲ့ **ဇာတိ** ဆိုတဲ့ဒုက္ခဘေးကြီးနှင့် တွေ့ရတာဘယ် သူကြောင့်လဲ ဒီခန္ဓာငါးပါးရှိနေလို့ဆို တာထင်ရှားသိရမယ်၊ ဒီလို ပဋိသန္ဓေနေရခြင်း ဒုက္ခကိုတ ကယ်ကြောက်လျှင် ခန္ဓာငါးပါးကိုတွေ့အောင်ရှာရမယ်။

ဒီဇာတိဆိုတဲ့ပဋိသန္ဓေ နေရခြင်းကြောင့် **ဇရာ**ဒုက္ခခြင်း ဆိုတဲ့ဒုက္ခကြီးကကော ,မည်မျှလောက် ကြီးကျယ်တယ် ဆိုတာတကယ်ကိုယ်ပိုင်ညာဏ်နှင့်ကြည့်၊ မျက်စိသိမှိုင်း နားထိုင်း ခါးကွေန်း တကိုယ်လုံးယိမ်းယိုင်နေရတဲ့ ဒုက္ခ ဘေးကြီးဟာမည်သူ့ကြောင့်လဲ၊ ဒီဇာတိဆိုတဲ့ပဋိသန္ဓေ ရှိနေလို့ပေါ့ အဲဒီဇာတိကဘယ်ကလာတာလဲ၊ ခန္ဓာငါးပါး ဘဲမဟုတ်လား၊ **ဗျာဓိ** ဆိုတဲ့ဖျားနာခြင်း ဘေးဒုက္ခကြီးကို ကြည့်လိုက်ဆုံး မည်မျှလောက် ကြောက်စရာကောင်း တယ်ဆိုတာ အဲဒီဗျာဓိ ဆိုတဲ့ အနာရောဂါ ဘေးဆိုးကြီး အနှိပ်စက်ကို အမြဲတမ်း ခံစားနေကြရတာ ဘယ်သူ့ ကြောင့်လဲ၊ မြင်အောင်ကြည့် ဇာတိရှိလို့ဘဲမဟုတ်လား၊

ဒီဇရာတိက ဘယ်ကလာတာလဲ ခန္ဓာငါးပါးရှိလို့ပဲ၊ **မရဏ** ဆိုတဲ့ သေခြင်းဘေးဆိုးကြီးကို ကြည့်လိုက်ဦး၊ မည်သူမျှ မကြောက်တဲ့လူ မရှိဘူး၊ '**သဇ္ဇာဘာယန္တိ မစ္ဆုနော**' တဲ့၊ သဇ္ဇ- ခပ်သိမ်းကုန်သော သူတို့သည်၊ မစ္ဆု-နော-သေခြင်းမှ၊ ဘာယန္တိ-ကြောက်ကုန်၏ တဲ့၊ သေဘေးဒုက္ခကြီးကို ဘယ်သူကြောင့် ဖွဲ့ရတာလဲ၊ ဇာတိဘဲ မဟုတ်လား၊ ဒီ ဇာတိဒုက္ခဟာ ခန္ဓာငါးပါး ရှိနေလို့သာ မှတ်ထား၊ အဲဒီ ခန္ဓာငါးပါး ရှိနေသမျှ-

ပိဇယတိ- ချစ်အပ်သောသူတို့နှင့်၊ ပိပ္ပယောဂေါ- တွေ့ကွင်းရခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခကြီးနှင့် ဇကန် မုချ ရင်ဆိုင် တွေ့ကြရမှာကို မြင်အောင် ကြည့်၊ အပိယေတိ- မချစ်မနှစ်သက်သောသူတို့နှင့်၊ သမ္ပယောဂေါ-ပေါင်းဖော်မိပဲ ယှဉ်တွဲ ရခြင်း ဆိုတဲ့ ဒုက္ခဘေးကြီးနှင့် တွေ့ရတာ ဒီခန္ဓာငါးပါး ရှိလို့ဘဲ ဒါတွင်မကသေးဘူး ပိပိဂါ၏ လိုရာ ဆန္ဒ တောင့်တတိုင်း အလိုမပြည့်ဝ၍ ပူပန်ခြင်း ဆိုတဲ့ ဆင်းရဲ ဒုက္ခ ကြီးဟာ ဘယ်သူ့ ကြောင့်လဲ၊ လက်သယ်အစစ်ကို ဖျာကြည့်၊ ဒီခန္ဓာငါးပါးဘဲ။

သောကဆိုတဲ့ ဆွေမျိုးညာတိ ပျက်စီးခြင်း ဘေးဆိုး ကြီးနှင့် တွေ့၍စိုးရိမ်ပူပန်ရတဲ့ဒုက္ခကကော ဒီခန္ဓာငါးပါး ရှိလို့ဘဲမဟုတ်လား၊ **ပရိဒေဝ**-ဆွေမျိုး ညာတိ စသည်တို့၏ ပျက်စီးခြင်း ဘေးဆိုးကြီးနှင့် တွေ့ရလို့ ငိုကြွေးရတဲ့ ဒုက္ခ ကြီးနှင့် တွေ့ရတာဟာလဲ ခန္ဓာငါးပါး ရှိနေလို့ဘဲ ဆိုတာ

သိရတယ်၊**ဒုက္ခ**-ဆင်းရဲခြင်းဘေးကြီး၊ **ဒေါမနဿ**-နှလုံးမသာယာခြင်းဆိုတဲ့ ဘေးဆိုးကြီး၊ **ဥပါယာသ**-ဆွေမျိုးညာတိ ပျက်စီးခြင်း စသည်တို့ကြောင့် ပြင်းပြစွာ ပင်ပန်းခြင်း ဆိုတဲ့ ဘေးဆိုးကြီးတွေ ထွေကြုံနေရတာ ဒီခန္ဓာငါးပါးရှိနေခြင်းကြောင့် မှတ်ပါ။

ဒါကြောင့် ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်နှင့် တွေ့အောင်ရှာတတယ် ကြောက်စရာကောင်းတဲ့ ခန္ဓာငါးပါး ဘေးဆိုးကြီးကို တတယ် မြင်မှ ဒီခန္ဓာငါးပါးဘေးမှ လွတ်အောင်ပြေးမှာ ဒီခန္ဓာငါးပါးဘေးကို တတယ်မြင်၍ တတယ်ကြောက်တဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ တရားကြီးကို မလွဲတမ်း မျက်မှောက်ပြုနိုင်မည်ဟု၍ မှတ်ကြ၊ ဒီလို ခန္ဓာငါးပါး ဘေးကြီးကို ကြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ပညာရှိ ပုဂ္ဂိုလ်ကြီးများ ဘယ်လိုဥပမာ ဆောင်ပြသလဲဆိုလျှင်-

ဥပမာ ရှေးအခါက ကုန်သည် တယောက် ကုန်ရောင်း ကုန်ဝယ် သွားရင်း မျက်စိလည် လမ်းမှားပြီး တခုသော တောအုပ်ကို ရောက်သွားတယ်၊ အဲဒီ တောအုပ်က ဘီလူး အုပ်စိုးတဲ့ တောအုပ်ကြီး ဖြစ်သတဲ့၊ ဒီတော့ ကုန်သည် ယောကျ်ားကို ဘီလူးမ မြင်တွေ့တာပေါ့၊ ဘီလူးမ မြင်တွေ့လျှင်ဘဲ ဘီလူးမက ထိုကုန်သည်ယောကျ်ားကို ရွာကြီး တရွာ အနေမျိုးနှင့် ဖန်ဆင်းပြီး ပြသထားတယ်၊ ကုန်သည်ကလဲ ထို ဘီလူးမ ဖန်ဆင်းထားတဲ့

ရွာကြီးကို မြင်လိုက်ရလျှင်ဘဲ အားရ ဝမ်းမြောက်စွာနှင့် ရွာထဲကို ဝင်လိုက်တော့ ဘိလူးမက အိမ်ကြီးနှင့် ဖနီဆင်းထားတာ တွေ့တော့ ကုန်သည်ယောကျ်ားက ဘိလူးမထံ ချဉ်းကပ်ပြီး ကျေးဇူးမျက်စိလည်လမ်းမှားနေလို့ ကညှဉ်တာမျှ တည်းခို ဘို့ရန် ခွင့်တောင်းတယ်။

ဒီလို ခွင့်တောင်းတယ်ဆိုလျှင်ဘဲ ဘိလူးမက အားရ ဝမ်းမြောက်စွာနှင့် တဲပါ့ရှင်တဲပါ၊ ကျွန်မအိမ်မှာ ကျွန်မ တယောက်ထဲ ရှိပါတယ်လို့ ပြောတော့မှ ကုန်သည်ယောကျ်ားလဲ တည်းခိုးတယ်၊ ညအခါကျတော့ နှစ်ဦးသား စကားပြောကြလို့ စကားလက်ဆုံ ကျနေတဲ့အခါ 'ကုန်သည်ယောကျ်ားက မေးတယ်၊ ခင်ဗျား ယောကျ်ား ဘယ်အရပ်ကို သွားပါသလဲ'လို့ မေးတော့ ဘိလူးမက 'ကျွန်မ ယောကျ်ား မရှိပါဘူး လူလွတ်ပါ'လို့ ပြောတယ်၊ ကုန်သည်ယောကျ်ားကလဲ 'ကျွန်တော်လဲ သားမယားမရှိပါဘူး လူလွတ်ပါဘဲ'လို့ ပြန်ပြောပြီး နှစ်ဦးသား သဘောချင်း ညီညွတ်ပြီး အကြင်လင်မယားအဖြစ်နှင့် ပေါင်းသင်းနေထိုင်ကြတယ်။

ဘိလူးမကလဲ လင်တော်မောင် မငြိုးဒွန္ဒရအောင် အစားအသောက် အနေအထိုင် ကအစ မလစ်ဟင်းရအောင် အမျိုးမျိုး ဖန်တီးပြီး ပြုစုလေတော့ ထိုကုန်သည်ယောကျ်ားဟာ အလွန်ကို ပျော်မွေ့နှစ်သက်ပြီး နေတာပေါ့၊ ဒီလိုနှင့်ဘဲ တော်တော် ကြာမြင့်လာတော့ ထို

ကုန်သည်ယောကျ်ားနှင့် အလွန် ခင်မင်ရင်းနှီးတဲ့ ဝိဇ္ဇာမိုရ်ပညာရှိ သူငယ်ချင်းက 'ငါ့သူငယ်ချင်း ခရီးသွားယောကျ်ား ခရီးထွက်တာ အဖော်ကြာမြင့်လှပြီ၊ ဘယ်အရပ်များ ရောက်နေပါသလဲလို့ လိုက်ရှာတော့ ဘိလူးမအခုပိုးတဲ့ ရွာကြီးမှာ ဘိလူးမနှင့် ပျော်ပါးနေတာ တွေ့ရတော့—

'အင်း.... ငါ့ သူငယ်ချင်းတော့ ဘိလူးမနှင့် ဆက်ဆံပေါင်းသင်း နေပါကလား၊ တနေ့ကျရင် မခ္ဆ ဒုက္ခ တွေ့တော့မယ်၊ ငါသတိပေးအုံးမှဘဲ' ဟု ဆိုပြီး သူ့ သူငယ်ချင်းကို ဘိလူးမကွယ်ရာမှာ ခေါ်ပြီး ပြောပြတယ်-

'ဟေ့သူငယ်ချင်း- မင်း ယခုပေါင်းသင်းနေတဲ့ မိန်းမဟာ လူအစစ် မဟုတ်ဘူး သူငယ်ချင်း ဘိလူးမကြီး' လို့ ပြောတော့ 'ဟာ- သူငယ်ချင်း မင်း ဘယ်လိုကြောင့် သိတာလဲ၊ ငါ့မိန်းမဟာ ငါ့ကို အင်မတန် ဖြတ်နှိုးတယ်ကွ' လို့ ပြောသတဲ့၊ 'အေး မင်းသိချင်ရင် ငါပြောမယ်၊ မင်း မိန်းမဟာ ဖဂနာင့်တိုတယ်၊ မျက်ထောင့်လဲ နီတယ်၊ မျက်တောင်လဲ မခတ်ဘူး၊ ဘဲဒါ မင်း သေသေချာချာ ကြည့်၊ ဘီးပူးမဘဲကွ' လို့ ပြောတော့ ကုန်သည်ယောကျ်ားက သူငယ်ချင်း ဝိဇ္ဇာရှိရ် ပြောတဲ့ အတိုင်း ကြည့်တော့ ဖနောင့်တိုတာရော မျက်ထောင့် နီတာရော မျက်တောင် မခတ်ထာပါ အလုံးစုံ အကုန် ကိုက်ညီနေတာ တွေ့ရတယ်၊ ဒီလို ကိုက်ညီနေတာ တွေ့သော်လဲ

ဝိဇ္ဇာရိုရ် သူငယ်ချင်းအား 'သူငယ်ချင်း မင်းပြောတာ တွေဟာ အကုန် မှန်နေတာဘဲကွဲ့၊ ဒါပေမဲ့ ငါ့ဒိန်းမ က ငါ့ကို အမင်မတန် ချစ်တယ်ကွဲ့၊ ငါ မခွဲနိုင်ဘူး'လို့ ပြောတော့၊ 'အေးသူငယ်ချင်း မင်းတော့အလွန်ခက်နေပြီ၊ မင်းငါပြောတာမယုံသေးရင် မနက်ဖြန်ခါနံနက် နေထွက် လာတဲ့အချိန် ဥပါယ်တမည့်နှင့် နေရိုရာအရပ်ကို မင်းခေါ် ကြည့်၊ နေရိပ်မထွက်ဘူး သူငယ်ချင်း'လို့ ပြောတော့ ဝိဇ္ဇာရိုရ် ယောကျ်ားပြောတဲ့အတိုင်း ဘိလူးမကို နေပူရာ အရပ်ကို ခေါ်ကြည့်တော့ အဟုတ်ဘဲ အရိပ်မထွက်ဘူး၊ ဖန်ဆင်းထားတဲ့ ရုပ်ဟာ ဘယ်မှာ အရိပ် ထွက်မှာလဲ၊ မထွက်ဘူးပေါ့။

ဒီတော့မှ 'ဟော့ သူငယ်ချင်း မင်းပြောတဲ့ အတိုင်း ငါ့ဒိန်းမဟာ အရိပ်မထွက်ဘူး၊ ဒါပေမဲ့ သူငယ်ချင်း သူကလဲ သိပ်ဖြူးတော့ အပြုံအစုကောင်းတယ်၊ ငါကလဲ သိပ် ဖြတ်နိုးနေတာ၊ မခွဲနိုင်ဘူး သူငယ်ချင်းရယ်' လို့ပြောတော့ ဝိဇ္ဇာရိုရ်ယောကျ်ားက 'ကိုင်း ငါတော့ မင်းကိုဒီတခါ နောက်ဆုံး ပြောခြင်းဘဲ၊ မင်းဒိန်းမ ညအခါ အိပ်ပျော်နေတုန်း ဒီးတိုင်ထွန်းပြီး သေသေချာချာ ကြည့်ပေတော့၊ အဲဒါ ငါနောက်ဆုံး သတိပေးခြင်းဘဲ' လို့ ပြောပြီး ဝိဇ္ဇာရိုရ်၏ ယောကျ်ားလဲ ပြန်သွားရော၊

ညဘိုဝ်တဲ့အခါကျတော့ ဝိဇ္ဇာဓိရ်သူငယ်ချင်း ပြောတဲ့အတိုင်း အိပ်ပျော်နေတုန်း ဒီးထွန်းကြည့်တော့မှ ဓာတိရုပ် ပေါ်နေတာ တွေ့ရတယ်၊ မူလက ပန်ဆင်းထားတဲ့ရုပ်က စိတ္တဇရုပ်ကိုအိပ်ပျော်နေတော့ စိတ္တဇရုပ် မရှိတော့ မူလက ပကတိအဝတ်ိုင်း ဘိလူးမကြိုး မျက်လုံးကလဲ လက္ခဏ်းလောက်ကြိုး နှင့် အစွယ်ကလဲ ငှက်ပျောဘူး လောက် လျာကြိုး တစောင်း ကိုက်လို့ သားရေနုတွေ တမြားမြားနှင့် မြင်ရတော့မှ တကယ်ကို သူကြောက်လာတာပေါ့၊ အဲဒို အခါကျမှ အင်း-ငါ့ သူငယ်ချင်းပြောတာ ဟုတ်ပြီ၊ မုချ တနေ့ကျလျှင် ငါ့ကို ဇကေန စားမှာဘဲလို့ သေသေချာချာ သိတော့မှ ဘိလူးမဘေးမှ လွတ်အောင် ငါပြေးမှဘဲလို့ စိတ်ကူးပြီးတော့ ဒီလို အလွတ်ပြေးလို့လဲ ငါလွတ်မှာ မဟုတ်ဘူး၊ ဘီးလူးမကို သတ်ပြီး ပြေးမှ လွတ်မယ်လို့အကြံရပြီး ဘိလူးမလည်ကို ဓားနှင့်ပိုင်းဖြတ်လျက် ဘိလူးမကို အသေသတ်ပြီး ပြေးတော့မှ. ဘိလူးမလက်မှ လွတ်လျက် အင်း-ငါတော့ လက်မတင်ကလေးလိုတာ ငါ့သူငယ်ချင်းပြောလို့သာ ငါလွတ်လာရတယ်လို့ အထူးဘဲ ဝမ်းမြောက်သွားတယ်၊ အဲဒါဥပမာဘဲ။

ယောဂိညဏ်နှင့် မြင်အောင်ကြည့်၊ ဗုဒ္ဓဘာသာအယူဝါဒ ရှိတဲ့ပုဂ္ဂိုလ်တိုင်း ခန္ဓာငါးပါး ရုပ်တရား နာမ်တရား တွေဟာ ကြောက်စရာဘဲ လန့်စရာဘဲလို့ ဆိုတဲ့ စကားမျိုးတွေကို ရဟန်းရှင်လူ မည်သူမဆို ပြောကြဆိုကြတာ အသိသား အကြားသားဘဲ၊ ဒါပေမဲ့ မျက်စေထောင့်နိတာ

ဖနောင့်တိုတာ မျက်တောင်မခတ်တာ တွေ့ပေမင့် ဘီလူးမ
က အပြုအစုကောင်းတော့ မစွန့်နိုင် မခွါရက်ထာလို-

မျက်စိက ရုပ်နာမဲ့ ခန္ဓာ ငါးပါး,
နားက ရုပ်နာမဲ့ ခန္ဓာ ငါးပါး,
နှာခေါင်းက ရုပ်နာမဲ့ ခန္ဓာ ငါးပါး,
လျှာက ရုပ်နာမဲ့ ခန္ဓာ ငါးပါး,
ကိုယ်က ရုပ်နာမဲ့ ခန္ဓာငါးပါး၊
မနောက ရုပ်နာမဲ့ခန္ဓာ ငါးပါး,

သူပြော လူပြောနှင့်တော့ အသိကြသားဘဲ၊ ဒါပေမဲ့ ပိဒိသန္တာန်မှာ ရှိနေတဲ့ "မျက်စိအရသာ နားအရသာ နှာခေါင်းအရသာ လျှာအရသာ ကိုယ်အရသာ မနော အရသာ" တွေက အင်မတန် စိတ်မှာစွဲပြီး အလွန်ဘဲ ကောင်းနေတော့ မခွဲနိုင်မခွါရက် ဖြစ်နေကြတာပေါ့၊ အဲဒါ ဥပမာ ၁-ချက် တူညီသွားပြီပေါ့။

ဘီလူးမ အရိပ်မထွက်ထာ တူပုံက ယောဂီများ ဒီခန္ဓာ ငါးပါးဟာ တကယ်ဘဲရှိတယ်ဆိုတာ မှန်မမှန် ပိပဿနာ ဝိစ္ဆေးဉာဏ်နှင့်ကြည့်၊ အဟုတ်ရှိ တကယ်ရှိတဲ့ ခန္ဓာငါးပါး ကို ပွေ့ကြတော့ ဖြစ်ပျက်ထာတော့ အဝေ့ကြသားဘဲ၊ ဒါပေမဲ့ မကြောက်လှသေးဘူး၊ အရိပ် မထွက်တာ ကိုယ်တိုင်သိသေ်လဲ အချစ်တရားက စွဲလမ်းနေတော့ မခွဲနိုင်သေးတာလိုဘဲ၊ ၂-ချက်တူသွားပြီ။

နောက်ဆုံးဥပမာက ဓိဝ်ရာမှာတကယ်ကြည့်တော့မှ အစွယ်ပြူးတူး အစားကြူးတဲ့ ဘီလူးမကို တွေ့ရတာလို

''ယောဂိများ **ဥဒယဗ္ဗယ ဉာဏ်** ကို ရင့်သန်အောင် တကယ်တမ်း အားထုတ်ကြတော့မှ **ဘင်္ဂဉာဏ်** အပျက်တွေ့ မြင်လာတာ၊ **ဘယဉာဏ်** ဘေးကြိုးတွေ့မြင်လာတာ၊ **အာဒီနဝဉာဏ်** အပြစ်တွေ့ မြင်လာတာ၊ **နိဗ္ဗိဒါဉာဏ်**က ငြီးငွေ့လာတာ၊ ဘိလူးမဖ၏ အပြစ်တွေ့ကိုမြင်လို့ ဘိလူးမဘေးက လွတ်ချင်တာလို **မုဉ္စိတုကမျတာဉာဏ်** က ရုပ်နာမ် ခန္ဓာငါးပါးဘေးဆိုးကြီးမှ တကယ် လွတ်ချင်လာတော့ **ပဋိသင်္ခါဉာဏ်**က အားတိုက်အင်ကိုက် ဝိပဿနာကို မလွတ်တမ်း အားထုတ်လာတော့ ဘိလူးမလည်မျိုကို ဓားနှင့်ပိုင်းသတ်ပြီး လွတ်ရာကို ပြေးသကဲ့သို့ ဒီခန္ဓာငါးပါးဆိုတဲ့ ရန်သူကို သဒ္ဓါရုပေက္ခာဉာဏ်ဖြင့် လစ်လျူရှုပြီး **အနုလောမဉာဏ်** နှင့် လွတ်အောင် ပြေးလိုက်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တော့မှ ဘိလူးမဘေးက လွတ်ဝေး၍ ချမ်းသာစွာနေရတာလို ခန္ဓာငါးပါးတည်းဟူသော ဘေးဆိုးကြီးမှ လွတ်မြောက်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပေတယ်လို့ ဆဲဒိအခါမှာ အထူးဝမ်းမြောက်ကြရမှာ။

တနည်းအားဖြင့် ခန္ဓာငါးပါး ရှိတဲ့အနက်က ခန္ဓာငါးပါးလုံး အကုန် ဝိပဿနာ ရှုရမယ်ဟု ဆိုလိုရင်းမဟုတ်ဘူး၊ ရုပ် ခန္ဓာတပါး ဝိပဿနာဉာဏ်မှာ ပိလျှင် ကျန်ခန္ဓာလေးပါးစလုံး တပါတည်း ပါသွားတာဘဲ။

ဥပမာ-ထန်းတက်ယောကျ်ားတယောက် ထန်းတက်ရင်း ထန်းပင်ပေါ်က လိမ့်ကျတော့ ကိုယ် တခြား

ဦးခေါင်းတခြား ဖြစ်သွားတယ်၊ ဒီတော့ မယားလုပ်တဲ့သူက မြင်လို့ ကဗျာကရာ ပြေးလာတယ်၊ အနားရောက်လာတဲ့အခါ ထနန်းတာက် သမားက ဖုတ်ဝင်ပြီး ကိုယ်တွေ ဦးခေါင်းတွေ ပကတိ အတိုင်း ပြန်ပြီးဖြစ်နေတော့မှ မယားလုပ်တဲ့သူက ပြော်တယ်၊ 'ဘယ့်နှယ်လဲ ရှင့်ဟာ ခုနက ထန်းပင်ပေါ်မှ လိမ့်ကျလို့ ကိုယ်တခြား ဦးခေါင်းတခြား ဖြစ်နေတာ၊အခု ဘယ်လိုဖြစ်သွားတာလဲ, လို့မေးတော့ ဖုတ်ကောင်က,ဒီအကြောင်းနှင့် ပတ်သက်ပြီး နင်ဘယ်သူ့ကိုမှ မပြောနှင့် ပြောရင် ဟောဒီထန်းလှိုးခေးနှင့် နင့်ဦးခေါင်းကို တခါထဲဖြတ်လှိုးပစ်မယ်'လို့ဆိုတော့မယားလုပ်တဲ့သူကကြောက်တော့ ဘယ်သူ့ကိုမှ မပြောဝံ့ဘဲ ဒီဖုတ်ကောင်နှင့်ပင် ပေါင်းသင်း ဆက်ဆံနေရတော့၊ အရင် ဖုတ်မဝင်ခင်က သားတယောက်ရထားတယ်၊ နောက် ဖုတ်ကောင်နှင့် ဆက်ဆံ ပေါင်းသင်းနေလာလို့က် ထာ သားလေးယောက်အထိ ရရှိတယ်၊ ဒါနှင့်ဘဲ တနေ့ကျတော့ ဖုတ်ကောင်က ထန်းပင်ပေါ်မှာ ထန်းတက်နေရင်း ထန်းဖတ်ကို ခဲဘုံနှင့် လှိုးပြီးချလိုက်တော့ ဝိဇ္ဇာရိရ်ယောကျ်ားတယောက် ထန်းပင်အောက်ရောက်လာတာနှင့် အဆင်သင့်ပင် ထိုဝိဇ္ဇာရိရ်ယောကျ်ားရဲ့ ဦးခေါင်းပေါ် ထန်းဖတ်ကျသွားတယ်၊ ထိုအခါဝိဇ္ဇာရိရ်ယောကျ်ားက ထန်း

ဖတ်ကျလာသဖြင့် ထန်းပင်ပေါ် မော်ကြည့်လိုက်တဲ့အခါ ဝိဇ္ဇာရိုရဲ့ ယောကျ်ားက သိတာပေါ့၊ 'အောင်မယ်မောင်ဖုတ် မင်းကထန်းတက်နေ သကိုးကွဲ'လို့ပြောလိုက်တော့ ဝိဇ္ဇာရိုရဲ့ခဲ့ဒဏ်ကို မခံနိုင်တော့ ထန်းတက်သမား မောင်ဖုတ်ဟာ ဖုတ်ဆိုကျပြီး အရိုးပြာကျသွားတယ်၊ အဲဒီ ထန်းသမား မောင်ဖုတ်အရိုးစု ပြာဖြစ်သွားတော့ သူနှင့် ရထားတဲ့သူ့သားလေးယောက်ဖုတ်ကောင်ကလေးတွေဟာ အကုန်လုံး အရိုးပြာဖြစ်ကုန်တာဘဲ၊ ပဋ္ဌမသားအကြီးကတော့ ဘာမှမဖြစ်ဘူးတဲ့၊ အဲဒါဥပမာဘဲ။

ယခု အားထုတ်နေကြတဲ့ ယောဂီ ပုဂ္ဂိုလ်များဟာ ဓာတ်တပါးကို ပိုင်ပိုင်နိုင်နိုင် ဒိုလို့ "အနိစ္စ ဒုက္ခ အနတ္တ" ဆိုတဲ့တရားကို တကယ်တွေ့ရင် ခန္ဓာငါးပါးစလုံး ဒိသွားမှာဘဲ၊ ဒါကြောင့် ယခုပြတဲ့ ဥပမာအတိုင်း ယောဂီများ အားထုတ်ကြ၊ ဒိဒိခန္ဓာကိုယ်အတွင်းမှာ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရား ဓာတ်တရား ပရမတ်တရားတွေ ခဏာမစဲ အမြဲတမ်း ဖြစ်ပျက်နေတာကို သိနေသမျှ ခန္ဓာငါးပါးသည် တနာရီ တဒိနစ် တစက္ကန့်မှ မစဲအောင် အမြဲဖြစ်ပျက်နေတာကို သိကြရမယ်၊ ဒါကြောင့် ယောဂီများ ဒိဒိ၏ အသိတရားကို တသက်လုံး လက်မလွှတ်ဘဲ ပြဆိုခဲ့သော ဥပမာနှင့် ညှိနှိုင်း၍ အမြဲတမ်း အားထုတ်ကြဘို့ရန် ဖြစ်တယ်။

မိုး ၁၁-ပါးနှင့် ဝိပဿနာ

ဝိပဿနာအလုပ် အားထုတ်ကြတဲ့ယောဂိပုဂ္ဂိုလ်များဟာ ဝိပဿနာဉာဏ် အမြင်သန့်ပြိုး တနေ့ထက်တနေ့ ဉာဏ်ပညာရင့်သန်အောင် အားထုတ်ကြရမယ်၊ ဟောပြောတဲ့ပုဂ္ဂိုလ်များကလဲ မြတ်စွာဘုရားသခင် ဆုံးမ၍ အလျင် အမြန်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရသွားကြတဲ့ တရားတော်ကိုဘဲ ယောဂိများနှားလည်အောင် ဟောရပြောရကြတာဘဲ၊ ဘုရားသခင်ကိုယ်တော်တိုင် **မဒ္ဓေဂ္ဂိဂါးဥိုးနှင့်** တကွ **ယသ** သတိုးသားအမျိုးဂိုသော သူငြေးသား ငါးကျိပ် - ငါးယောက်နှင့်အတူတကွ ဝါဆိုးတော်မူပြိုး နောက်သိတင်းဝါလ ကျတဲ့အခါမှာ **ရဟန္တာဒဗြောက်** **ကျိပ်**တိုအား တကြောင်းတည်းသောခရိုးကို ရဟန်းနှစ်ပါးမသွားစေဘဲ တကြောင်းတည်းသောခရိုးကို ရဟန်းတပါးသာကြွသွားကြစေ၍ အစဖျိုကောင်းခြင်း အလယ်ဖျိုကောင်းခြင်း အဆုံးဖျိုကောင်းခြင်းဆိုတဲ့ **ဗုဒ္ဓဂုဝါဒ**ကို ဖြန့်ကြလို့ ညွှန်ကြားဆုံးမပြိုး ဘုရားသခင်ကိုယ်တော်တိုင် တပါတည်းကြွသွား၍ **ဥရဝေလကဿပ**, **နဒီကဿပ**, **ဂယာကဿပ**ရသေ့ညီနောင် ၅ဉ်တထောင်တို့ အားသူ့ရဲ့ဗုဒ္ဓဝါဒကိုဖြန့်ပြိုး ချွတ်ရတယ်။

အခုပြောတဲ့ ဥရဝေလကဿပမှာ တပည့်ပရိသတ် ငါးရာရှိတယ်၊ နဒီကဿပမှာလဲ တပည့်ပရိသတ်က သုံးရာ ဂယာကဿပက နှစ်ရာ အသီးသီး ကိုယ့်ပရိသတ်နှင့်ကိုယ်နေထိုင်ကြတယ်၊ ဥရဝေလကဿပကို ချွတ်တဲ့

အခါမှာဆိုလျှင် ဘုရားသခင်ကိုယ်တော်မြတ်ဟာ တန်ခိုးတော်တွေ အမျိုးမျိုးပြသရတယ်၊ ပြသရတဲ့ တန်ခိုးတော်တွေက မနဲဘူး၊ ဂြိုးဦးစွာ ဥရုဝေလကဿပတို့ နေတဲ့မီးတင်းကုတ်မှာ တန်ခိုးအလွန်ကြီးတဲ့ နဂါးကြီးတကောင် ရှိတယ်၊ ဒီနဂါးကြီးရှိတာကို ဘုရားသခင်ကသိတော့ ဥရုဝေလအား'အဲဒီ - ဒီးတင်းကုတ်မှာ ငါတည်းခိုပရစေလို့' ပန်ကြားတယ် ဒီတော့ ဥရုဝေလကဿပက **ဂေါတမ**-ဒီဒီးတင်းကုတ်မှာ သင်မနေပါနှင့် တခြားနေရာမှာနေပါ'လို့ပြောတယ် ဘုရားသခင်ကလဲ'ဥရုဝေလ-သင်နှင့်ပြုရမှာဝန်မလေးလျှင် နှင့်သာပြုပါ နေပါရစေ'လို့ထပ်ပြီးတော့ပန်ကြားတယ်၊ ထိုအခါ ဥရုဝေလကဿပက-

'ဂေါတမ-သင့်ရှင်ရေက ချောကချောပါဘိသနှင့်၊ဒီဒီးတင်းကုတ်မှာ တန်ခိုးအလွန်ကြီးတဲ့ နဂါးကြီးတကောင်ရှိတယ်၊ သင်ဒုက္ခ ဖြစ်မှာစိုးလို့တောင်းပန်တာ' လို့ပြောသတဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကလဲ သင့်မှာဝန်မလေးလျှင် နှင့်ပြုဘို့ရန်အကြိမ်ကြိမ် ပန်ကြားလေတော့မှ ဥရုဝေလကဿပက'ဒါဖြင့်လျှင် ဂေါတမ- သင့်သဘောအတိုင်းဘဲ'လို့ နေခွင့်ပြုလိုက်တော့ မြတ်စွာဘုရားသခင် ဒီးတင်းကုတ်မှာ သီတင်းသုံးတော်မူတယ်။

ဒီတော့ ဥရုဝေလကဿပတို့က' အင်း ဂေါတမတော့ ဒုက္ခဘဲ၊ ကနေ့ည နဂါးဇာတ်လက်နက်နှင့်အသက်တော့ဆုံးရှုံးမှာဘဲ'လို့ ပြောဆိုကြပြီး ချောင်းမြောင်းကြည့်နေကြ

တယ်၊ထိုအခါ နဂါးကလဲ သူ့ရဲ့နေရာမှာလာ၍ နေရပါမို့လားဟု စိတ်ဆိုးပြီး ဘုရားသခင်ထံ အခိုးတွေ့သွတ်တယ်၊ နဂါးက အခိုးသွတ်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကလဲ ပြန်ပြီးတော့ အခိုး တုန့်ပြန်သွတ်ထားပေါ့။ မိုးတင်းကုတ် တခုလုံးမှာ နဂါးဖြစ် အခိုးရောင်နှင့် မြတ်စွာဘုရား တန်ခိုးတော်ဖြစ် အခိုးရောင်တွေ ရောယှက်ပြီး ထိန်ထိန်လင်းနေတာပေါ့။

ထိုအခါ ဥရုဝေလကဿပတို့က ဘယ်လိုအောက်မေ့သလဲဆိုလျှင်'အင်း ဂေါတမတော့ ဓာတ်သေပါပြီ'လို့ ထင်နေကြတာပေါ့၊နံနက်လင်းတဲ့ အခါကျတော့ နဂါးကြီးကို ဘုရားသခင် ဆုံးမထားတာကို တွေ့ရတော့ ဥရုဝေလကဿပတို့က ဘယ်လိုပြောသလဲဆိုလျှင် 'ဂေါတမဟာတန်ခိုးတော့အလွန်ကြီးတာဘဲ သို့သော်လဲ ငါတို့လိုတော့ **ရဟန္တာ**မဟုတ်သေးဘူး'လို့ ပြောတယ်၊ဒီလိုနှင့်ဘဲ ဘုရားသခင်ကိုယ်တော်မြတ် တန်ခိုးတော်ပေါင်းများစွာနှင့်ပြည့်ပြီး ဆုံးမသော်လဲ **မာနဇာရူး**ထောင်လွှားလျက် သူတို့လို ရဟန္တာ မဟုတ်သေးဘူးချည်းဘဲ လုပ်နေတဲ့ အတွက် ဘုရားသခင်ကိုယ်တော်မြတ်နောက်ဆုံးတန်ခိုးတော် ပြပြီး ငေါက်လိုက်တော့မှ ဥရုဝေလ ကဿပက ဘုရားသခင်အား ရိုခိုးလျက်'ကျွန်ုပ်အား ရဟန်းပြုပေး ပါမည့်အကြောင်း'လျောက်ထားတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကလဲ'သင့်အလိုနှင့်ဖြင့် ငါ သင့်အား ရဟန်းပြုမပေးနိုင်သေးဘူး၊ သင်ရဲ့ တပည့်များထံ သွားပြီးတော့ ခွင့်

တောင်းချေ'ဟုစေခိုင်းလိုက်တော့မှဥရုဝေလကသဃပလဲ သူ၏တပည့်များထံ သွားပြီး—

'တပည့်တို့ ငါတော့ဖြင့် ဂေါတမထံတပည့်ခံ၍ရဟန်း ပြုတော့မယ်' လို့ ပြောပြတယ်၊ ထိုအခါ တပည့်ဖြစ်တဲ့ ပုဂ္ဂိုလ်များကလဲ ဥရုဝေလကဿပအား'ဆရာကြီး ကျုပ် တို့လဲ ဂေါတမရောက်လာကထဲက တပည့် ခံချင်နေတာ ကြာလှပြီ၊ဆရာကြီးကြောင့် ယခုထိ ကြာနေတာ၊ကျုပ်တို့ လဲ တပည့်ခံကြမှာပေါ့'ဟုပြောပြီးဘုရားသခင်ထံတပည့် ခံကြတဲ့အခါ၊ဘုရားသခင်ကိုယ်တော်မြတ်က'ယခုသင်တို့ အား ငါရဟန်းပြုမပေးနိုင်သေးဘူး၊ သင်တို့ရဲ့ ရဿေ တန်ဆာဖြစ်သော **တံချူးချွန်းတောင်းဒေါက်ချာ** စသည် တို့ကို ရေမှာသွားပြီး မျှောလိုက်ကြဦး' လို့ ပြောတော့မှ ရဿေတန်ဆာတွေကို အကုန်လုံး ရေမှာမျှောကြရတယ်။

ဒီလို ရေမှာမျှောလိုက်တော့ ရေအောက်မှာ ရေကစားနေကြတဲ့ နဒီကဿပတို့က ရဿေ တန်ဆာတွေ ရေမှာ မျှောပါလာတာတွေ့ရတော့ 'ဟယ် နောင်တော်တွေ ဘာ ဖြစ်ကုန်ကြတာလဲ သူတို့ရဲ့ရဿေတန်ဆာတွေ ရေမှာမျှော ပါလာကြပါကလား'ဆိုပြီး နောင်တော်ဥရုဝေလကဿပ တို့ထံ အသျင်အမြန်လိုက်လာကြတော့ ဥရုဝေလကဿပ တို့ ဘုရားသခင်ထံတပည့်ခံနေကြသည်ကိုမြင်ကြတော့မှ သူတို့လဲ ထိုနည်းတူစွာ ရဿေတန်ဆာတွေကိုရေမှာမျော လွှတ် ဘုရားသခင်ထံဝင်ပြီး တပည့်ခံကြတယ်၊ အဲဒီ-နဒီ ကဿပတို့ မျှောလိုက်တဲ့ ရဿေတန်ဆာတွေကိုအောက်

ဆိပ်မှာ ရေကစားနေကြတဲ့-ဂယာ ကသိပတို့က တွေ့ပြန်တော့ ဟော့နောင်တော်တွေ ဘာဖြစ်ကုန်ကြမှန်း မသိဘူးလို့ ပြောပြီး အလျင်အမြန်လိုက်လာကြလို့ ဘုရားသခင်ထံမှောက်၌ ကပည့် ခံနေကြကြောင်း သိတော့ သူတို့လဲ အလားတူ တပည့်ခံယူကြတယ်။

ရသေ့ညီနောင် ရှင်တဆောင်တို့ စုံညီစွာ ရောက်ရှိ၍ ဘုရားသခင်ထံ ခွင့်ပန်ပြီး ရဟန်းပြုကြတယ်၊ အဲဒီ ရသေ့ညီနောင် ရှင်တထောင်တို့ ရဟန်း ပြုပြီးတော့မှ ဘုရားသခင်ကိုယ်တော်မြတ်က—

သင်္ဃံ ဘိက္ခဝေ အာဒိတ္တံ၊ကိဉ္စ ဘိက္ခဝေ သင်္ဃံ အာဒိတ္တံ၊ စက္ခု အာဒိတ္တံ၊ ရူပံ အာဒိတ္တံ၊စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခု သမ္ဖဿော အာဒိတ္တော၊ယမိဒံ စက္ခု သမ္ဖဿပစ္စယာဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တမ္ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

ဘိက္ခဝေ-ချစ်သားတို့၊ သင်္ဃံ – ခပ်သိမ်းသော တေဘုမ္မက သဒ္ဒါရုံ တရားသည်၊ အာဒိတ္တံ-ဂဲဂဲပြောင်ပြောင် တောက်လောင်၏၊ ဘိက္ခဝေ-ချစ်သားတို့၊ ကိဉ္စသင်္ဃံ-အဘယ် ခပ်သိမ်းသော တေဘုမ္မက သဒ္ဒါရုံ တရားသည်း အာဒိတ္တံ-လောင်သနည်း၊ စက္ခု-စက္ခုပသာဒသည်၊ အာဒိတ္တံ-ဂဲဂဲပြောင်ပြောင် တောက်လောင်၏၊ ရူပံ-ရူပါရုံသည်၊ အာဒိတ္တံ-ဂဲဂဲ ပြောင်ပြောင် တောက်လောင်၏၊

စက္ခုဝိညာဏံ-စက္ခုဝိညာဏ်သည်၊ အာဒိတ္တံ-ဂဲ့ဂဲ့ ပြောင်ပြောင်တောက်လောင်၏၊ စက္ခုသမ္ဖဿော-စက္ခုသမ္ဖဿသည်၊ အာဒိတ္တော-ဂဲ့ဂဲ့ပြောင်ပြောင့် တောက်လောင်၏၊ စက္ခုသမ္ဖဿ ပစ္စယာ-စက္ခုသမ္ဖဿကြောင့်၊ ဝေဒယိတံ - ခံစား အပ်သော၊ သုခံဝါ-သုခဝေဒနာဂုဏ်း၊ ဒုက္ခံဝါ-ဒုက္ခ ဝေဒနာဂုဏ်း၊ အဒုက္ခ မသုခံဝါ-ဒုက္ခလည်း မဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာဂုဏ်း၊ ယံဏ္ဟံဒံ-ယာဏှမာဝေဒနာ-အကြင်ဝေဒနာသည်။ ဥပပဇ္ဇတိ-ဖြစ်၏၊ တမ္မိ-ထိုခံစား အပ်သော ဝေဒနာသည် လည်း၊ အာဒိတ္တံ - ဂဲ့ဂဲ့ ပြောင်ပြောင် တောက်လောင်၏၊ ကေန - အဘယ် ဖြင့်၊ အာဒိတ္တံ-လောင်သနည်း၊ ရာဂဂ္ဂိနာ-ရာဂ ဟူသောမီးဖြင့်၊ ဒေါသဂ္ဂိနာ-ဒေါသဟူသော မီးဖြင့်၊ မောဟဂ္ဂိနာ-မောဟဟူသော မီးဖြင့်၊ အာဒိတ္တံ-ဂဲ့ဂဲ့ ပြောင်ပြောင် တောက်လောင်၏၊ ဇာတိယာ-ပဋိသန္ဓေနေခြင်းဟူသောမီးဖြင့်၊ ဇရာယ- အိုခြင်းဟူသော မီးဖြင့်၊ မရဏေန-သေခြင်းဟူသောမီးဖြင့်၊ သော ကေဟိ-စိုးရိမ်ခြင်း ဟူသောမီးတို့ဖြင့်၊ ပရိဒေဝေဟိ-ငိုကြွေးခြင်း ဟူသော မီးတို့ဖြင့်၊ ဒုက္ခေဟိ-ဆင်းရဲခြင်းဟူသော မီးတို့ဖြင့်၊ ဒေါမနဿေဟိ-နှလုံး မသာယာခြင်းဟူသော မီးတို့ဖြင့်၊ ဥပါယာသေဟိ- သက်ကြီး ရွက်ငင် ပြင်းစွာပင်ပန်းခြင်း

ဟူသော မီးဘို့ဖြင့်၊ အာဒိတ္တံ- ဇဲ့ဇဲ့ပြောင်ပြောင် တောက်လောင်ဖို့၊ ဣတိ-ဤသို့၊ အဟံ-ငါအရှုးသည်၊ ဝဒါမိ-ဟောတော်မူ၏။

ဥရုဝေလကဿပ အမှုးရှိသော ရဿေ့ ညီနောင်ရှင်တထောင်ကို ဟောတဲ့တရားဘဲ အဓိပ္ပါယ် ထင်ရှားပါတယ်၊ မျက်စေ့ပေါက်က တဆယ့်တပါးသောမီးတောက် မီးလျှံ ကြီးတွေ အမြဲတမ်း တောက် လောင် နေတဲ့ အကြောင်းကို တကယ်တမ်း မသိကြတဲ့အတွက် ကြောက်စရာတကယ်အမှန်မသိကြတာ၊ မီးလောင်နေတာကို မမြင် မသိတာ ဘယ်သူလဲ၊ မောဟဆိုတဲ့အဝိဇ္ဇာပေါ့ အဲဒီ မောဟအဝိဇ္ဇာကြောင့် လောင်မှန်း မသိကြတာ၊ ထွင့်ခေါင်ဆရာတော် ဘုရားကြီးက "**လောင်မှန်းမသိ၊ မောဟာဘိ၊ဓိဓိ ဓိုက်လှပြီ**" လို့ ပိန့်တော်မူခဲ့ပါတယ်၊ တကယ်လောင်မှန်း သိလျှင် မည်သူ မကြောက်ဘဲရှိလိမ့်မလဲ အမှန်ကြောက်မယ်၊ ဒီလိုကြောက်မှ ဒီးဘေးကလွတ်အောင် အားထုတ်ကြမှာ၊ ဥရုဝေလကဿပ အမှုးရှိသော ရဿေ့ညီနောင်ရှင်တထောင်တို့ကို ဘုရားသခင်က မျက်စေ့ ပေါက်မှာ တဆယ့်တပါးသော မီးတွေအမှန် လောင်နေကြောင်း ဟောလိုက်တော့ အလုံးစုံ အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်တွေ ပေါ်ပေါက်လျက် မီးဘေးမှ လွတ်ကင်းအောင် အားထုတ်လိုက်ကြတာ ခဏခြင်းနှင့်ပင် မီးဘေးမှ လွတ်ကင်းပြီး **အရဟန္တာ** အဖြစ်သို့ရောက်သွားကြတယ်၊ အဲဒါမျက်စေ့ပေါက်က လောင်တဲ့မီးကို ပြောတာ၊ မျက်စေ့ပေါက်

ကသာ လောင်ကာ မဟုတ်သေးဘူး၊ နားပေါက်ကလဲ မျက်စေ့ပေါက် ကဲ့သို့ ပီးတွေ လောင်နေ တာဘဲ၊ ဒါကြောင့်-

သောတံ အာဒိတ္တံ၊ သန္ဒံအာဒိတ္တံ၊ သောတဝိညာဏံ အာဒိတ္တံ၊ သောတသဖဿော အာဒိတ္တော၊ ယဒိဒံသောတသမ္ဖဿပစ္စယာဝေဒယိတံ သုခံဝါ ဒုက္ခံဝါအဒုက္ခ မသုခံဝါ၊တမ်ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ (လ) အာဒိတ္တန္တိဝဒါမိ။

သောတံ- သောတပသာဒသည်၊ အာဒိတ္တံ- ဇဲ့ဇဲ့ပြောင် ပြောင်တောက်လောင်၏၊သန္ဒံ-သန္ဓါရုံသည်၊အာဒိတ္တံ-ဇဲ့ဇဲ့ ပြောင်ပြောင် တောက်လောင်၏၊သောတဝိညာဏံ-သော တဝိညာဏ်သည်၊ အာဒိတ္တံ- ဇဲ့ဇဲ့ပြောင်ပြောင် တောက် လောင်၏၊ သောတသမ္ဖဿော- သောတသမ္ဖဿသည်၊ အာဒိတ္တော- ဇဲ့ဇဲ့ပြောင်ပြောင် တောက်လောင်၏၊ သော တသမ္ဖဿပစ္စယာ-သောတသမ္ဖဿကြောင့်၊ဝေဒယိတံ-ခံစားအပ်သော၊ သုခံဝါ-သုခဝေဒနာဌင်း၊ ဒုက္ခံဝါ-ဒုက္ခ ဝေဒနာဌင်း၊ အဒုက္ခမသုခံဝါ- သုခလည်းမဟုတ် ဒုက္ခ လည်းမဟုတ်သော ဥပေက္ခာဝေဒနာဌင်း၊ ယံဏ္ဟဒံ-ယာဏှ မာဝေဒနာ-အကြင်ဝေဒနာသည်၊ဥပဓ္ဓတိ-ဖြစ်၏၊တမ်ပိ-ထို ခံစားအပ်သော် ဝေဒနာသည်လည်း၊ အာဒိတ္တံ- ဇဲ့ဇဲ့ ပြောင်ပြောင် တောက်လောင်၏၊ ကေန-အဘယ်မီးဖြင့်၊ အာဒိတ္တံ-လောင်သနည်း၊ ရာဂဂ္ဂိနာ-ရာဂမီးဖြင့်၊ (လ)၊ အာဒိတ္တံ-ဇဲ့ဇဲ့ပြောင်ပြောင်တောက်လောင်၏၊ ဣတိ-ဤသို့၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏။

နားပေါက်က တဆယ့်တပါးသော မိုးလောင်ပုံကို သေသေချာချာ မြင်အောင်ကြည့်၊ နားပေါက်က တဆယ့် တပါးသောမိုး လောင်တာကို မသိတာက အဝိဇ္ဇာ၊သိတာ က ဝိဇ္ဇာခေါ်တယ်၊ အဲဒီလို ဝိဇ္ဇာဉာဏ်နှင့် မြင်မှ မိုးကို ငြိမ်းအောင်သတ်မှာ၊ မမြင်တဲ့ ပုဂ္ဂိုလ်က ဘယ်တော့မှ မိုးကိုမသတ်ဘဲအမြဲအလောင်ခံနေရမှာနားကသာလောင် တာလား၊ နှာခေါင်းပေါက်ကကော မလောင်ဘူးလား ဆိုလျှင် နှာခေါင်း ပေါက်ကလဲ လောင်နေတာပေါ့။

ဃာနံ အာဒိတ္တံ၊ဂန္ဓံ အာဒိတ္တံ၊ဃာနဝိညာဏံအာဒိတ္တံ၊ဃာန သမ္ဖဿောအာဒိတ္တော၊ယမိဒံ ဃာန သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ(လ)ဝဒါမိ။

ဃာနံ-ဃာန ပသာဒသည်၊ အာဒိတ္တံ- ဇဇ်ပြောင်ပြောင်တောက်လောင်၏၊ ဂန္ဓံ-ဂန္ဓာရုံသည်၊ အာဒိတ္တံ- ဇဇ်ပြောင်ပြောင် တောက်လောင်၏၊ ဃာနဝိညာဏံ- ဃာနဝိညာဏ်သည်၊ အာဒိတ္တံ- ဇဇ်ပြောင်ပြောင် တောက် လောင်၏၊ ဃာန သမ္ဖဿော- ဃာနသမ္ဖဿသည်၊ အာဒိတ္တော- ဇဇ်ပြောင်ပြောင်တောက်လောင်၏၊ဃာနသမ္ဖဿ ပစ္စယာ-ဃာနသမ္ဖဿကြောင့်၊ ဝေဒယိတံ-ခံစား အပ်သော၊ သုခံဝါ-သုခဝေဒနာဂုဏ်း၊ ဒုက္ခံဝါ-ဒုက္ခ ဝေဒနာဂုဏ်း၊ အဒုက္ခမသုခံဝါ-သုခလည်း မဟုတ် ဒုက္ခလည်းမဟုတ်သော ဥပေက္ခာဝေဒနာဂုဏ်း၊ ယံ ဣဒံ-ယောဣမာ ဝေဒနာ-အကြင် ခံစားအပ်သော

ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တမ္ပိ-ထိုခံစားအပ် သောဝေဒနာသည်လည်း၊ အာဒိတ္တံ-ဇဇ ပြောင်ပြောင် တောက်လောင်၏၊ (လ)၊ ဝဒါမိ—ဟော တော်မူ၏။

နှာခေါင်းပေါက်က တဆယ့်တပါးသော ဖီးလောင် နေတာကို ဘုရားသခင် ကိုယ်တော်ဖြတ် ဟောတော်မူ သဖြင့် မုချမလွဲ အမှန်ကို သိရသောကြောင့် ဥရဝေလ ကဿပ အမှားရှိတဲ့ရှေးဥဩနောင် ရှင်တထောင် အရိယာ ဖြစ်သလို ယောဂိများလဲ ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်ဖြီး ထိုဖီးဘေးကြီးက လွတ်ဖအောင် ရုန်းကြမယ်ဆိုတာ အမြဲ သတိထားရမယ်၊ အမြဲသတိထားဘို့ဘဲ။

နှာခေါင်းကသာ လောင်တာ မဟုတ်သေးဘူး၊ လျှာ ပေါက်ကလဲ—

ဇိဝှါအာဒိတ္တာ၊ ရသာအာဒိတ္တာ၊ ဇိဝှါဝိညာဏံ အာဒိတ္တံ၊ ဇိဝှါသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ဇိဝှါသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ-သုခံဝါ(လ)ဝဒါမိ။

ဇိဝှါ-ဇိဝှါပသာဒသည်၊ အာဒိတ္တာ-ဇဇပြောင် ပြောင် တောက်လောင်၏၊ ရသာ-ရသာဂုံသည်၊ အာဒိတ္တာ- ဇဇပြောင်ပြောင် တောက်လောင်၏၊ ဇိဝှါဝိညာဏံ-ဇိဝှါဝိညာဏ်သည်၊ အာဒိတ္တံ-ဇဇ ပြောင်ပြောင်တောက်လောင်၏၊ ဇိဝှါသမ္ဖဿော-ဇိဝှါသမ္ဖဿသည်၊ အာဒိတ္တော- ဇဇပြောင်ပြောင် တောက်လောင်၏၊ ဇိဝှါသမ္ဖဿ ပစ္စယာ- ဇိဝှါ

သမ္မသ ကြောင့်၊ ဝေဒယိတံ-ခံစားအပ်သော၊ သုခံ ဝါ-သုခဝေဒနာဂုဏ်း၊ (လ)၊ ဝဒါမိ-ဟောတော်မူ၏။ အဲဒါ လျှာပေါက်က မိုးလောင်ကြောင်းပြတဲ့တရားဘဲ၊ ဓိဓိလျှာပေါက်က မိုးလောင်ကြောင်း တကယ်ဖြင်လျှင် အမှန် ကြောက်ကြတာဘဲ၊ ဒါကြောင့် မိုးလောင်ကြောင်း သိအောင် ဝိပဿနာ ဉာဏ်ဖြင့် အဖြင် သန့်အောင် အားထုတ်ကြရမယ်၊ လျှာမှာသာ လောင်တာမဟုတ်ဘူး၊ အပ်နှင့်ထိုးဆွ နာကျင်တတ်တဲ့ ကိုယ်ပေါက်ကလဲ အဖြဲလောင်နေတာဘဲ။

ကာယော အာဒိတ္တော၊ ဖေဠုပမော အာဒိတ္တာ၊ ကာယပိညာဏံ အာဒိတ္တံ၊ ကာယသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ကာယသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ (လ) ဝဒါမိ။

ကာယော-ကာယပသာဒသည်၊ အာဒိတ္တော-ရဲရဲပြောင်းပြောင် တောက်လောင်၏၊ ဖေဠုပမော-ဖေဠုပမောရုံတို့သည်၊ အာဒိတ္တာ-- ရဲရဲပြောင်းပြောင် တောက်လောင်ကုန်၏ ကာယပိညာဏံ-ကာယဝိညာဏ်သည်၊အာဒိတ္တံ-ရဲရဲပြောင်းပြောင်တောက် လောင်၏၊ ကာယသမ္ဖဿော- ကာယသမ္ဖဿသည်၊ အာဒိတ္တော- ရဲရဲ ပြောင်းပြောင်တောက် လောင်၏၊ ကာသမ္ဖဿပစ္စယာ- ကာယသမ္ဖဿကြောင့်၊ ဝေဒယိတံ- ခံစားအပ်သော၊သုခံဝါ-သုခဝေဒနာဂုဏ်း၊ (လ)၊ ဝဒါမိ- ဟောတော်မူ၏။

အဲဒီ ကိုယ်ပေါက်က တဆယ့်တပါးသောမီး အမြဲတမ်း တောက်လောင်နေတဲ့ မီးတွေကို မြင်အောင် ကြည့်ရမယ်။

မနော အာဒိတ္တော၊ ဓမ္မာ အာဒိတ္တာ၊ မနော ဝိညာဏံ အာဒိတ္တံ၊မနောသမ္ဖဿော အာဒိတ္တော၊ယဒိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ(လ)အာဒိတ္တန္တိ ဝဒါမိ။

မနော-ဟဒယဝတ္ထု၊ကိုဖြစ်ပြီးသော မနောဒွါရသည်၊ အာဒိတ္တော- ဂဲဂဲပြောင်ပြောင် တောက်လောင်ဏ်၊ ဓမ္မာ-ဓမ္မာရုံတို့သည်၊ အာဒိတ္တာ- ဂဲဂဲပြောင်ပြောင် တောက်လောင်ကုန်ဏ်၊မနောဝိညာဏံ- မနောဝိညာဏ်သည်၊ အာဒိတ္တံ-ဂဲဂဲ ပြောင်ပြောင် တောက်လောင်ဏ်၊ မနောသမ္ဖဿော-မနောသမ္ဖဿသည်၊အာဒိတ္တော-ဂဲဂဲပြောင်ပြောင် တောက်လောင်ဏ်၊ မနောသမ္ဖဿပစ္စယာ-မနောသမ္ဖဿကြောင့်၊ ဝေဒယိတံ-ခံစား အပ်သော၊ သုခံဝါ-(လ) ဝဒါမိ-ဟောဘော်မူဏ်။

ယခု ဟောပြတဲ့ မျက်စိ နား နှာခေါင်းလျှာ ကိုယ် မနော ခြောက်ဒွါရမှ တဆယ့်တပါးသော မီးတွေတောက်လောင်နေတာ အမှန် မုချ မသိကြတာ ဘာကြောင့်လဲ အဝိဇ္ဇာ ကြောင့်ပေါ့၊ လောင်တာ တကယ် မသိလို့ မကြောက်ကြဘူး၊ တကယ် လောင်တာ တကယ် သိရင် မကြောက်တဲ့လူ ဘယ်မှာ ရှိမလဲ၊ တကယ် လောင်တာ တကယ်သိရင်အမှန်ကို ကြောက်ပါတယ်။

ဥပမာ ညဉ့်ဦးယာမ်က ဆိပ်ဦး ထောပတ်အုပ်ကြီးအရသာ တွေ စားပြီး နေ့ရာခြင်ထောင် ကုတင်ကောဇော တွေနှင့် ဗိတ်ချလက်ချ အားရပါးရ အိပ်လိုက်တာ အပျော်ကြီး ပျော်သွားဘာပေါ့၊ ဒီလို အိပ်ပျော် နေတဲ့လူဟာ ဘာကို သိမလဲ ဆိုလျှင် ဘာကိုမှ မသိဘဲ အိပ်ပျော်နေတယ်၊အိပ်ရာကနိုးလို့ မျက်စ ဖွင့်ကြည့် လိုက်တော့ လား လား သူ့အိမ်မှာ မီးလောင်နေတာ သူကိုယ်တိုင် မြင်ရတာပေါ့၊ဒီလို မီးတောက်မီးလျှံကြီး လောင်မြိုက်နေတာ သူကိုယ် တိုင် မြင်နေရတော့ အလွန့်ကို ကြောက်ထာပေါ့၊ အဲဒီလိုကြောက်လို့ ထွက်ပြေးမယ် ကြံပါသော်လဲ မီးက လေခါးဝထိပ်က ဝိတ်ပြီး လောင်လာတော့ ထွက်ပေါက်ကိုရှာမရဘဲဖြစ်နေတယ်၊ဒီအခါထွက် ပေါက်မှမရှိဘဲ၊ အသေခံပါတော့မယ်လို့ အသေ ခံဝံ့ပါ့မလား၊ ဘယ်နည်းနှင့်မျှ အသေ မခံဘူး၊ ဝိရိယကောင်းကောင်းနှင့် အိမ်ခေါင်ရင်း ဖွုံးတင်း ပေါက်ကိုဖွင့်ပြီး သေသေကျေကျေ တခါထဲ ခုန် ချမှာဘဲ၊ အောက်ကို ရောက်ထာနှင့် တပြိုင်နက် မီးဘေးမှ လွတ်အောင် တခါတည်း ပြေးမှာဘဲ၊ မီးဘေးက လွတ်သွားတော့မှ မီးတောက်ကြီးကို ပြန်ကြည့်ပြီး....

'အင်း.....ငါ့အိပ်ရာက နိုးခင်လို့ မီးလောင်မှန်း သိပြီး မီးဘေးမှ လွတ်အောင် ငါပြေးလို့ လွတ်

ရတာ၊ ငါသာ အိမ်ရာကမနိုးလျှင် ဒီဗီးတောက် ကြီးဟာ ငါ့ကို ဝါးသွား မှာဘဲ'ဟု ပြန်ပြီး ဝမ်းမြောက်ရတယ်၊ အဲဒါ ဥပမာဘဲ-

ယခုယောဂီများဟာ မောဟတည်းဟူသော အိမ်ပျော် ခြင်းဖြင့် ဘဝသံသရာ တလျှောက်လုံး အိမ်ပျော်လာခဲ့တဲ့ အတွက် ပိပိ၏ ခြောက်ခွါရမှ တဆယ့် တပါးသောဗီးကြီး လောင် နေဘာကို တကယ်ကို မသိရတာ အမှန်ပေါ့၊ယခု ဘုရားသခင်ပွင့်တော်မူတဲ့ သာသနာ ခေတ်ကြီးနှင့် လာ တွေ့ရသဖြင့် မောဟတည်းဟူသော အိမ်ပျော်ခြင်းမှ နိုး လာကြတဲ့အခါ တကယ်ကို ဗီးလောင်နေတာ သိကြဖြို့ မဟုတ်လား၊ ဒီလို ဗီးဘေးမှ လွတ်အောင် ပြေးသော ယောကျ်ားကဲ့သို့ **သီလ, သမာဓိ, ပညာ**,သိက္ခာ သုံးပါး သာသနာသုံးရပ်ကို လက်ကိုင် ထားပြီး **ဝိရိယနှင့်သတိ**ကို မလျှော့ဘဲ အားတက်သရော ပြေးကြမယ်ဆိုလျှင် အမှန် မုချလွတ်ရမယ်။

ဒီလိုမဟုတ်ဘဲ ဗီးလောင်မှန်း သိလျက်သားနှင့် လွတ် အောင်မပြေးဘဲ နေကြလျှင် ဘဝသံသရာ တလျှောက်လုံး ဗီးလောင်ခံရဲအုံးမည်ဟု၍ မှတ်ကြ၊ ဒါ့ကြောင့် တကယ် ဗီးဘေးကြီးကို ဖြင်အောင်ပြဖြီး ဗီးဘေးက လွတ်အောင် ပြေးနိုင်တဲ့ လက်နက်ကောင်းကို ရကြသဖြင့် အဖြန်ဆုံး လွတ်အောင် တိုက်ဖျက်ပြီး ပြေးကြဘို့ရန် ဤ ဘုရား သာသနာ အတွင်းမှာပင်လျှင် ကြိုးစားအားထုတ် ပွါးများ နိုင်ကြပါစေသတည်း။

မဟာနာယက-ကျေးဇူးရှင်-ဆရာတော်ဘုရားကြီး

နှစ်စဉ်မပြတ် ကိုယ်တွေ့ဂျာဏ်မြင် ဝိပဿနာ တရားဟောပြီးနောက် ရေစက်ချ အမျှပေး၍ သစ္စာဓိဋ္ဌာန်ပြုသော

ဟောစဉ်စာတမ်း

အရှင်ဘုရား တပည့်တော်တို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲသြဃ ရေအယဉ်မှ ထွက်မြောက်ပါရစေခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုပါရစေခြင်း အကျိုးငှာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏။ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အတို့ကြောင့် ယနေ့ကစ၍ လောကဒုက္ခ သံသရာဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား၊ ဤသို့သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးသာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်အတို့ကို မွေးသမိခင် မွေးသဘခင် ဆရာသမားဆွေကြီးမျိုးကြီးဘိုးကြီးဘွားကြီးတို့ကို အမျှပေးဝေပါကုန်၏။ ကိုယ်စောင့်နတ် ကျောင်းစောင့်နတ် အိမ်စောင့်နတ် အရံစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် ဇာတာစောင့်နတ် တောင်စောင့်နတ် ဘုမ္မဟိုး ရက္ခဟိုး အာကာသဟိုးနတ်စတုလောကပါလနတ် သာသနာတော်စောင့် နတ်မြတ် နတ်ကောင်းနတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏။သိကြားအာသုရာသန္တုသိတ စသော နတ်မြတ် နတ်ကောင်း နတ်

အပေါင်းတို့ကို အမျှပေးဝေပါကုန်၏။ အထက်ကို ဘဝဂ် အောက်ကိုအဝိဘ နှံ့သိစကြဝဠာ ဖိလာထုတ်ခြင်း အကြွင်း မရှိ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတသတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ပြုအပ်သော သီလ သမာဓိ ပညာ သိက္ခာ သုံးပါး သာသနာသုံးရပ် အကျင့်ဖြတ်၏ ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြတဲ့ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်ဖြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ ယုံကြည်ပါ၏။ ယုံကြည်သည်ကား မှန်ပါ၏။ မှန်သော သစ္စာစကားကြောင့် ယခုအခါ ကျရောက်ဆဲ ဖြစ်သော ရန်သူမျိုး ငါးပါး ကပ်ကြိုး သုံးပါး ဘေးဆိုးကြိုးမှ (၇) ရက် သားသို့တို့၌ အဖြန်ဆုံး ကင်းဝေးအောင် ကာကွယ်ကြည့်ရှု စောင့်ရှောက်မည့် ပုဂ္ဂိုလ် ပေါ်ပေါက် ပါစေသတည်း။

တရားဒေသနာ

ဟံသာဝတီတိ ဝေါဟာရော,
မဟာဌဏရော သုပါကဋော၊
ဝိမုတ္တိကာမာနံ မှာကံ,
ဒေသေတု သဒ္ဓမ္မံ ဝရံ။

ဟံသာဝတီတိ ဝေါဟာရော-ဗမာပြည်တပြည်လုံးက အာဇာနည်တွေ စုရုံးကာ တရားအလုပ်ကိုဖြင့် အားထုတ်ကာ မဂ်သမိုးမျှော်ကြတဲ့ သူတော်စင် ယောဂီပုဂ္ဂိုလ် အပေါင်းတို့၏ ဒိုအောင်း ဆည်းကပ် နေရာမလပ်အောင် ပြည့်ကြပ်၍စည် ဖြစ်ပေသည်ကြောင့် ဟံသာဝတီမဟာဌရိဟု တွင်ချိပည်တ် သမုတ်အပ်ပေ ထသော၊ ဟံသာဝတီတိဝေါဟာရော- တိုင်းဒေါ်ရှိ မြို့အလိုလို ပြည်တွေအထပ်ထပ်နေရာမလပ်အောင်ဓမ္မယောဂီမဂ်လမိုးကိုမှိုကြဲတဲ့အာဇာနည်ယောဂီအများတို့အားတရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဆုံးမ နည်းပြခေတ်မှီ ဖြစ်ပေသည်ကြောင့် ဟံသာဝတီမဟာဌရိဟု တွင်ချိပည်တ် သမုတ်အပ်ပေ ထသော၊ ဟံသာဝတီတိဝေါဟာရော- အထက်လယ်တိ ဒေါက်ဟံသာဝတီဟု ပါရဒိခေတ်ထက်သန် ပညာဉာဏ်ဖွင့်ထား ဝိပဿနာလိုလား အရင့်စားပုဂ္ဂိုလ်တို့က တင်စားပညတ်သမုတ်အပ်သဖြင့်ဟံသာဝတီမဟာဌရိဟု တွင်ချိပည်တ် သမုတ်အပ်ပေ ထသော၊ဟံသာ

ဒီဃနိကာယ ၁၇၂-၁၀

ဝတ်တိတိ ဝေဟာရော-နေ့တိုင်းနေ့စဉ် များလူရှင်တို့အား တနေ့လျှင်နှစ်ကြိမ်ကျယထာဘူတနည်းနယဖွဲ့ပြီးအလှည့် ကျဆုံးမကာ ခန္ဓာနာမ်ရုပ်တရားတို့ကို ပိုင်းခြားကာရက် တိုတိုနှင့် မင်္ဂဖိုလ်ကို ၇-ရက်စခန်းဖြင့် တက်လှမ်းနိုင်ရန် ရည်သန်ပညတ် ယင်းဗျူပွတ်ကြောင့် ဟံသာဝတီ မဟာ ထေရ်ဟု တွင်ချိပညတ် သမုတ်အပ်ပေ ထသော၊**သုပါက ဌော**—အထက်ဗျား ဘုံဝတိန်မှာ ပုဏ္ဏာမိန်လရထားကဲ့သို့ ပညာတော်တင့်မားသဖြင့်အလွန်ပင်ထင်ရှားစွာထသော၊ သုပါကဌော-ဘဝအထူးထူးက ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီ လေ့ကျက်တဲ့ဝသီဘော်ကြောင့် ဒီးပြည်ပြည်တွင် ထင်ရှား ကျော်ကြားစွာ ထသော၊ သုပါကဌော- ကိုးဂုဏ်ရှင် မြတ်ဘုရား၏ တရားဓမ္မတွေကို အသားကျကျ အချက် ပိုင်ပိုင် လက်ကိုင်၍ ဆွဲကာပြသလို အဲဒါကရုပ် အဲဒါက နာမ် ပရိဇ္ဆေဒဉာဏ် ကွန့်မြူးလောက်အောင် အထူး လျင်မြန် အမြင်ဝတ် သန်သဖြင့် အင်မတန်မှပင် ကျော် စောထင်ရှားစွာထသော၊**မဟာဌေရော**-နိဗ္ဗာန်ဝင်လမ်း ကမ္မဋ္ဌာန်းကို နည်းလမ်းကျန ဆုံးမသွန်သင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ မဟာထေရော-မေတ္တာတရား လွန်ကြီးမား၍ အများအတွက် မတရားတာတွေမျက်မည့် ဟု အားတက်သရော ဟောပြောဆုံးမ နည်းလမ်းပြလျက် ရှိပါသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်၊ မဟာထေရော-မျိုးမြန်မာဟူသမျှတို့၏ ညှိုးငှာတာမှုမလွှ သည်တို့ကို ကိုးစားရာ အကူရအောင်လို့ အစစသွန်သင်

သဖြင့် ဖခင်အလား အလွန်ကျေးဇူးများပေသည့် ကျေးဇူး
ရှင်ဆရာတော်ဘုရားကြီးသည်၊ **စိမ့်ဇွန်ကားဗာနံ**—လောက
သံသရာ နှစ်ဖြာလုံးလုံး ဂိုးကြီးဂိုးဘို နှလုံးမသာ
များစွာညှဉ်းဆဲသည့် ဆင်းရဲခြင်းအဖြာဖြာတို့မှ လွတ်ရာ
လွတ်ကြောင်း နည်းကောင်းနိဿရအဝဝတို့ကို မရမှန်စွာ
အလွန်တရာ အလိုရှိ၍ နေကြကုန်သော၊ **အမှာကံ**—
ငါ့အိုးငါ့အိမ် ငါ့ဇနီးငါ့သား ငါ့ခြေမြင်ငါ့ယာ ငါ့ဟာငါ့ပစ္စည်း
ငါ့သမီးငါ့သား ငါ့အားငါသာ နိုင်းစရာဟု ငါနှင့်ငါပင်
အတူထင်တဲ့တပည့်တော်တပည့်တော်မတို့အား၊အမှာကံ-
ဒုက္ခမျိုးအပုံပုံ နေ့ရှိတိုင်း ကြုံရသဖြင့် အရှုတ်နေသွေးပျက်
မေ့းမစက်နိုင်အောင် ငေးလျက်ရှိင်ကာ နေရပါသော
တပည့်တော် တပည့်တော်မတို့အား၊ **ဝရုံ**—အဟုတ်ဆုံး
အမှန်ဆုံး **အထွတ်ဆုံး** အဖြတ်ဆုံးဖြစ်ပေထသော၊**သဒ္ဓမ္မံ**—
သံသာရ ဝဋ်ဒုက္ခတော မလစနိုက္ခာယ သံသရာဝဋ်
အတွင်းမှ မှန်မကွေးလွတ်ကင်းရမည့် တရားမြတ်အာဝကို၊
ဒေသေတု— ဟောကြား ဆုံးမတော်မူပါ့ အရှင်ဘုရား၊
ဒေသေတု-ဤကားရပ် ဤကားနာမ ညာဏ်,အဖြင့် ထွင်း
ဖေါက်၍ ဝိပဿနာအလင်းပေါက်ပြီးလျှင် ဝဋ်သံသရာ
ကင်းပျောက်အောင် ထောက်ထားရှုညွှာ ကရုဏာဖြင့်
ဒေသနာရေအေး တိုက်ကျွေးဆုံးမတော်မူပါ့ ဟံသာဝတီ-
ဟံသာဝတီဟု မြန်မာပြည်ကျော်ကြားသည့် ကျေးဇူးရှင်
ဆရာတော်ကြီး....ဘုရား။

နိဗ္ဗာန်ဝင်လမ်း ၇—ရက်စခန်း ဒုတိယဝိုင်း ပြီး၍။

ရှစ်လုံးဘွဲ့ ဖြန်ဖလာကဗျာ

နိဗ္ဗာန်ဝင်လမ်း-မြင်စမ်းကြုပါ
မမြင်ကန်းလို့-ပင်ပန်းရှာ၊
မြင်ချင်ပါက-လာကြဟံသာ,
မျက်မြင်ဆေး-ပေးတဲ့-အရှင်ဂန္ဓမာ။

ဗုဒ္ဓ သာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ် ကြီးဏ် မဟာနာယက ဖြစ်တော်မူသော သင်္ကတော် (၇၁)နှစ် သိက္ခာတော် (၅၁) ဝါရ ကျေးဇူးရှင် ရှမ်းရွာ-စင်ပြိမ်းကုန်း ဆရာတော် ဘုရားကြီးသည် အထက်အမည်ပါ အဖွဲ့ချုပ်ကြီး၏ ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်၌ နေ့စဉ်နံနက် ၇-နာရီခွဲမှ ၉-နာရီခွဲ အထိ, ညနေ ၃-နာရီခွဲမှ ၄-နာရီခွဲ အထိ, ကိုယ်တွေ့ ဉာဏ်မြင် ဝိပဿနာ တရားများကို ဟောပြော ဆုံးမလျက် ရှိနေပါသည်။

၁၃၁၈-ခု။

တတိယဝိုင်း ဆက်ဖတ်ပါ